## မောင်ထင်

# ကိုဒေါင်း

ပါရမီ

စာပေ

## ကိုဒေါင်း

(ပထမအကြိမ် ၁၉၃၉ မြန်မာပြည်စာအုပ်တိုက်၊ ဒုတိယအကြိမ် ၁၉၆၀ ငွေတာရီစာစဉ်။ တတိယအကြိမ် ၁၉၆၇ ပုဂံစာအုပ်တိုက်။ စတုတ္ထအကြိမ် ၁၉၇၃ စာပေပေါင်းကူး။ ပဉ္စမအကြိမ် ၁၉၉၂ ယောမင်းကြီးစာပေ) ဆဋ္ဌမအကြိမ်၊ ၁၉၉၉ ဖေဖော်ဝါရီ၊ အုပ်ရေ ၂၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၇/၉၉(ပ) နှင့် စာမူခွင့်ပြုချက်အမှတ် ၅၇၀/၉၈(၁၀) တို့အရ ဦးဝင်းမြင့် (၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ၊ ၃၁၅၊ ၂-ခ ရပ်ကွက်၊ ထောက်ကြန့်တိုးချဲ့၊ မင်္ဂလာဒုံ က ထုတ်ဝေ၍ မျက်နှာဖုံးကို ဦးမြသိန်း(၀၁၄၂၇)သိန်းမြင့်ဝင်းအော့ဖ်ဆက်၊ ၉၆၊ ၁၁ လမ်း၊ ရန်ကုန် နှင့် အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

စာအုပ်ချုပ် ဇော်ဝမ်း

## တန်ဖိုး ၂၅၀ ကျပ်

## ပါရမီစာပေ

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန် (ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

# မာတိကာ


နိဒါန်း ၄

ဒုတိယအကြိမ်ပုံနှိပ်ခြင်းအတွက် စာရေးသူ၏အမှာ ၆

စတုတ္ထအကြိမ်ပုံနှိပ်ခြင်းအတွက် စာရေးသူ၏အမှာ ၈

ဆဋ္ဌမအကြိမ်ပုံနှိပ်ခြင်းအတွက် စာရေးသူ၏အမှာ ၁၃

၁။ နဖူးစာ (ပထမပိုင်း) ၁၇

၂။ နဖူးစာ (ဒုတိယပိုင်း) ၂၉

၃။ မဏ္ဍပ်ချောင် ၄၂

၄။ ထားဝယ်လုံချည် ၅၁

၅။ မင်္ဂလာလက်ဖွဲ့ ၅၈

၆။ မဟာမက်ရှား ၆၈

၇။ လှေသူကြီး ၈၄

၈။ ကိုဒေါင်း၏ခေတ်စမ်းကဗျာ ၁၀၁

၉။ ကိုဒေါင်း၏ စစ်ပွဲ

# နိဒါန်း

ဝတ္ထုသည် စိတ်ကူးဉာဏ်နှင့်ကင်း၍ ဖြစ်ပေါ်မလာနိုင်။စိတ်ကူးဉာဏ်ကို မှီ၍သာ ဖြစ်ပေါ်လာနိုင်သည်။ သို့ရာတွင် စိတ်ကူးဉာဏ်နှစ်မျိုးရှိသည်။ လေထဲ၌တိုက်အိမ် ဆောက်တတ်သော သာမန်စိတ်ကူးဉာဏ်မျိုးလည်း ရှိ၏။ လောကကို အခြေခံ၍ ကူးတတ်သော ပညာရှင့်စိတ်ကူးဉာဏ်မျိုး လည်းရှိသည်။ ထိုကြောင့် စိတ်ကူးဉာဏ်သဘောကို လိုက်၍ဝတ္ထုလည်း နှစ်မျိုးကွဲပြားရသည်။ အချို့ဝတ္ထုသည် လွမ်းစရာ ပျော်စရာကောင်းရုံမျှသာဖြစ်၏။ ထိုဝတ္ထုသည် သာမန်စိတ်ကူးဉာဏ်ထဲကထွက်လာသော ဝတ္ထုမျိုးဖြစ်သည်။အချို့ဝတ္ထုသည် လွမ်းစရာ ပျော်စရာကောင်းရုံမျှမက လောကလူ့ဘုံ ဖြစ်ပျက်ပုံအမှန်အကန် သဘောကိုလည်းပြတတ်၏။ ထိုဝတ္ထုသည် ပညာရှင့်စိတ်ကူး ဉာဏ်ထဲကထွက်လာသော ဝတ္ထုမျိုးဖြစ် သည်။

မောင်ထင်သည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသရှိ ချောင်းမြောင်း ရွာငယ်တို့ကို ကောင်းစွာသိသည်။ ကောင်းစွာမြင်ဖူးသည်။ ကောင်းစွာ ကြားဖူးသည်။ ထိုအသိ ထိုအမြင် ထိုအကြားတို့ကိုလည်းအခြေခံ၍ စိတ်ကူးတတ်သည်။ ထိုကြောင့် မောင်ထင်၏ စိတ်ကူးဉာဏ်သည် ပညာရှင့် စိတ်ကူးဉာဏ်မျိုးဖြစ်သည်ဟု ဆိုရာသည်။

သူရေးသောဝတ္ထုကို ဖတ်ကြည့်လျှင် ပညာရှင့် စိတ်ကူးဉာဏ်ပါမပါ လွယ်လွယ်နှင့်သိနိုင်သည်။ မောင်ထင်သည် ကိုဒေါင်းဝတ္ထုတွင်မြန်မာရွာ ၏ အသွင်အပြင်ကို ထင်ရှားစွာပြခဲ့ သည်။ မုန့်ညှစ်သောအိမ်၊ တရုတ် ခေါက်ဆွဲဆိုင်၊ ဆရာချိန့် ကုန်းပါမကျန် ပြခဲ့သည်။ မောင်ထင်သည် ကိုဒေါင်းဝတ္ထုတွင် မြန်မာရွာ၏ ဓလေ့ထုံးစံတို့ကို ထင်ရှားစွာပြခဲ့သည်။ ပွဲ၌ ချောင်းရိုက်တတ်ပုံ၊ တစ်ပိုင်းနှင့် တစ်ပိုင်း ရိုက်ပွဲကျင်းပတတ်ပုံ၊ မိန်းမခိုးရာ၌ ကူညီတတ်ပုံပါမကျန် ပြခဲ့သည်။ တစ်ဖန်

ယင်းသို့သော မြန်မာရွာ၏ အသွင်အပြင်၊ မြန်မာရွာ၏ ဓလေ့ထုံးစံနှင့် ရောနှော၍ မြန်မာ ရွာသားတစ်ဦး၏ အဖြစ်အပျက်ကိုလည်း ပြခဲ့သည်။ ထိုမြန်မာ ရွာသားကား ကိုဒေါင်းပင်တည်း။ မောင်ထင်၏ ကလောင်သည် ကိုဒေါင်းကို အလွန်နိုင်သည်။ ကိုဒေါင်းအဖြစ်မရှိပုံ၊ ကိုဒေါင်း မိန်းမ၌ ဝါသနာပါ တတ်ပုံ၊ ကိုဒေါင်း မိန်းမအရေး၌ စွမ်းစွမ်းတမံဖြစ်လာပုံ၊ ကိုဒေါင်း မဟုတ်မခံတတ်ပုံ၊ ကိုဒေါင်း အလွမ်းအဆွေးကြွယ်ဝပုံတို့ကို တစ်လှည့်စီ ချယ် လှယ်ပေးခဲ့သည်။ မောင်ထင်သည် ကိုဒေါင်း ထိပ်ပြောင်ကို အရုပ်ကလေးပမာ ခါးလယ်ကကိုင်ပြ၍ ရှုကြလော့၊ ရယ်ကြလော့၊ သနားကြလော့၊ အမြင်ကတ်ကြလော့ဟု ဆိုထားဘိသကဲ့သို့ ပင်တည်း။

တစ်ဖန် မောင်ထင်၏ အာဝဇ္ဇန်းကို ဆိုချင်သေးသည်။ မောင်ထင်သည် ချီးမွမ်းခြေကျောက်သဘော လောက၏ အမြီးအမောက်မတည့်သော သဘောတို့ကို ရေးရာတွင် အလွန်အာဝဇ္ဇန်းရွှင်သည်။ထိုအာဝဇ္ဇန်း အပြင် မောင်ထင်၏ ဝတ္ထုရေးနည်းကလည်း တစ်မျိုးနှစ်သက်ဖွယ်ကောင်းသည်။ ထိုရေးနည်းကား ကိုဒေါင်း၏ အဖြစ်အပျက်ကို စာရေးဆရာက ရေးပြ သောသဘောနှင့် ကိုဒေါင်းကပင် သူ့အဖြစ်အပျက်ကို ပြန်ပြောပြသော သဘော၊ ဤသဘောနှစ်ရပ်ကို အဆင်ပြေအောင် ရောနှောက်ထားသောနည်း ဖြစ်သည်။

ကျွန်တော်သည် ကိုဒေါင်းဝတ္ထုကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် ဝတ္ထု၌ပါရှိသော တောရွာ၊ ဝတ္ထု၌ပါရှိသော ရွာသူရွာသား၊ ဝတ္ထု၌ပါရှိသော ကိုဒေါင်းတို့သည် မြန်မာနိုင်ငံဝယ် တကယ်ရှိသည်ဟု မှတ်ချက်ချလိုက်သတည်း။

**ဇော်ဂျီ**

(၁၉၃၉)

# ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက်
# စာရေးသူ၏အမှာ

စာရေးသူသည် ကိုဒေါင်းအကြောင်းကို ၁၉၃၅-၃၆ ခုနှစ်တွင် ဂန္ထလောကမဂ္ဂဇင်း၌ စတင်၍ရေးသည်။ ထိုသို့ရေးခဲ့သမျှ ဝတ္ထု ၈ ပုဒ်ကို စုပေါင်း၍ ၁၉၃၉-၄၀ တွင် မြန်မာပြည် စာအုပ်တိုက် ပိုင်ရှင် ဦးခန့်က ဘားမားယူနီယံပုံနှိပ်တိုက်၌ 'ကိုဒေါင်းဝတ္ထုတိုများ'အမည်ဖြင့် ရိုက်နှိပ်ထုတ်ဝေသည်။

သို့သော် ငယ်စဉ်ကဒုတိယကမ္ဘာစစ်ကြီးနှင့် ကြုံတွေ့ရသောကြောင့် ထွက်လာသမျှသော 'ကိုဒေါင်းဝတ္ထုတိုများ' မှာ ဂျပန်ခေတ်အတွင်း ပျောက်ပျက်သွားခဲ့သည်။ ဤသို့ ပျောက်ပျက်သွားခဲ့သဖြင့် စာရေးသူလည်း ကိုဒေါင်းကို မေ့မေ့ပျောက်ပျောက် ပစ်ထားခဲ့သည်။ ဤသို့ထားခဲ့ရုံမကသေး၊ စာရေးသူသည် ၁၉၄၇ ခုနှစ်၊ ဇွန်လထုတ်ရှုမဝ၌ 'ကိုဒေါင်း၏စစ်ပွဲ' ဖြင့် ကိုဒေါင်းကို အသေသတ် လိုက်လေသည်။

'ကိုဒေါင်းဝတ္ထုတိုများ' နိဒါန်း၌ ဇော်ဂျီကကိုဒေါင်းကို 'မြန်မာနိုင်ငံဝယ် တကယ်ရှိသည်' ဟု မှတ်ချက်ချပါသည်။ စာရေးသူသည် များသောအားဖြင့် ကိုယ်တိုင်တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူး၊ ခံစားဖူးသည်တို့ကိုသာ စာဖွဲ့တတ်ပါသည်။ ထို့ကြောင့် ဇော်ဂျီအား ပြန်လှန်မချေပလိုပါ။ ကိုဒေါင်း သေပြီဖြစ်၍ ချေပရန်မလိုတော့ပါ။

ထို့ကြောင့် ဤကိစ္စကိုလည်း မေ့မေ့ပျောက်ပျောက် ထားခဲ့ပါသည်။

သို့ရာတွင် ၁၉၅၁ ခု၊ ဇူလိုင်လ ၇ရက်နေ့၌ 'မူရင်း စာရေးသူမောင်ထင်သို့ ဝယ်ဖတ်သူ ထင်ကြီးထံမှ လက်ဆောင်' ဟုဆို၍ ထင်

ကြီး သည် ဂျပန်တစ်ခေတ်လုံး ငုပ်နေသော ကိုဒေါင်းကို ဖော်ပေးပါသည်။

ဤအကြောင်းကြောင့်လည်းကိုဒေါင်းအကြောင်းကို 'ကိုဒေါင်း' အမည်ဖြင့် ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပထမထုတ်ဝေသူဦးခန့်ကို လည်းကောင်း၊ကိုဒေါင်းကိုရှာတွေ့သူ ထင်ကြီးကိုလည်းကောင်း စာရေးသူက အထူးကျေးဇူးတင် ပါသည်။

ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေရာ၌ သတ်ပုံသတ်ညွှန်း သန့်စင်အောင် ဆောင်ရွက်ပေးသော ငွေတာရီစာစဉ်ကိုလည်း လွန်စွာ ကျေးဇူးတင်ပါသည်။

**မောင်ထင်**

**ရန်ကုန်မြို့**
**၁၃၂၂ ခု၊သီတင်းကျွတ်လဆန်း ၁၄ ရက်**
**၁၉၆၀ ပြည့်နှစ်၊အောက်တိုဘာလ ၃ ရက်။**

# စတုတ္ထအကြိမ် ပုံနှိပ်ခြင်းအတွက်
# စာရေးသူ၏အမှာ

ဒုတိယနှိပ်ကိုဒေါင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ မှတ်တမ်းကို အမှာစကားအဖြစ်ဖြင့် ရေးသားခဲ့ပါသည်။ ထိုစဉ်က သတ်ပုံသတ်ညွှန်းနှင့် တကွ ပုံနှိပ်ရာတွင်ဖြစ်တတ်သော အမှားအယွင်းတို့ကို ထိုခေတ်ရေးထုံးနှင့်လျော်စွာ ပြုပြင်ပုံနှိပ်ပါသည်။ တတိယနှင့် စတုတ္ထပုံနှိပ်ခြင်းတို့၌ နောက်ထပ် တစ်စုံတစ်ရာ ပြင်ဆင်ခြင်းမပြုပါ။ ထို့ကြောင့် ယခုခေတ်သတ်ပုံ သတ်ညွှန်းရေးထုံးတို့နှင့် ညီသည်လည်းရှိမည်။ မညီသည်လည်းရှိမည်။ ပမာဒလေခသဘောကြောင့် ချွတ်ချော်တိမ်းပါးမှုများ ရှိသော် စာဖတ်သူတို့ သည်းခံနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကိုဒေါင်းကိုရေးခဲ့သည်မှာ အနှစ်လေးဆယ် ပြည့်ပါတော့မည်။ အမှန်မှာ ကိုဒေါင်းကို ပုံကြမ်းသွင်းသော အချိန်အခါမှ စ၍ရေသော် ကိုဒေါင်းသည် ယခုထုတ်ဝေသောနှစ်တွင် အနှစ်လေးဆယ်တင်းတင်း ပြည့်ပြီဟု ဆိုရပါမည်။ ထိုစာကိုရေးစဉ်က စာရေးသူသည် ကိုဒေါင်း အနှစ်လေးဆယ်ခံလိမ့်မည်ဟု မတွေးမိပါ။ မိမိက ဖန်တီးလိုက်သော အနုပညာအရသာကို စာတစ်အုပ်ပေတစ်အုပ်အဖြစ်ဖြင့် မှတ်တမ်းတင်လိုက်ပြီဟု ဆိုနိုင်လျှင် အထမြောက်ပေပြီ ဟူ၍သာလျှင် ထင်မိပါသည်။ သို့သော်ထိုနှစ်ပေါင်းလေးဆယ်အတွင်း စာပေဝါသနာရှင်နှင့် သုတေသီတို့ အမျိုးမျိုးဝေဖန်ကြပါသည်။ ဝေဖန်ခြင်းဆိုသည်မှာ ကောင်းလျှင် အဘယ့်ကြောင့်၊ မကောင်းလျှင် အဘယ့်ကြောင့်ဟူသောအချက်ကို စိစစ်၍ အကဲဖြတ်ခြင်းပင်ဖြစ်ရာ အကဲဖြတ်ခြင်း၌ ယထာဘူတကျသရွေ့ ကာလပတ်လုံး ဝေဖန်သူ၌သာမက ရေးသူရောဖတ်သူအတွက်ပါ အကျိုးရှိစေပါသည်။ ထို့ကြောင့် ဝေဖန်သူတို့ကို ကျေးဇူးတင်ရှိရမည် ဖြစ်ပါသည်။

ဤကျေးဇူးတရားကို ဆင်ခြင်အောက်မေ့သောအခါ ဝေဖန်ရာ၌ အဖြစ်မှန်၊ အကြောင်းမှန်တို့ကို မူတည်၍ဝေဖန်ကြပါမှ အကျိုးတရားပို၍ ကောင်းသည်ကိုလည်း စဉ်းစားမိပါသည်။ ဤသို့ စဉ်းစားမိသောကြောင့် ရှေးယခင်ကပင်လျှင် ကိုဒေါင်းကို မည်သို့မည်ပုံရေးသားခဲ့ကြောင်း နိဒါန်းသွယ်လျှင် သင့်မြတ်မည်ဟု အထင်ရှိခဲ့ ပါသည်။

စာရေးသူ ကိုဒေါင်းကို အလုပ်လက်မဲ့ဘဝနှင့် ကျင်လည်ရသောအချိန်တွင် ရေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်၌စာရေးသူနှင့် ကျောင်းနေဖက်တို့သည် ဂန္ထလောကမဂ္ဂဇင်းတည်းဟူသော စာပေပျိုးခင်းမှနေ၍ ခုန်ပျံကျော်လွှားကာ ဒီးဒုတ်ဂျာနယ်၊ ဒဂုံမဂ္ဂဇင်းအစရှိသော စာပေစိုက်ခင်းကြီးများနှင့်တူသည့် နယ်ပယ်ထဲသို့ ရောက်နေ ကြပါပြီ။ ထိုအခါ စာဖတ်ဝါသနာပါသော စာရေးသူသည် ထိုအပေါင်းအသင်း ရောင်းရင်းတို့၏ စာများကိုဖတ်တုန်းပင် ရှိပါသေးသည်။ ဤသို့ဖတ်ရင်းမှ ရှေးဂန္ထဝင်မြောက် ပုဂ္ဂိုလ်ကြီးတို့၏ စာကိုခေတ်ပေါ် စာရေးဆရာတို့၏စာ နှင့် နှိုင်းယှဉ်ပြီးလျှင် အလျဉ်းသင့်သလို အကဲဖြတ်စာများ ရေးသားခဲ့ပါသည်။ ထို့ပြင် အနောက်တိုင်း စာပေတို့၌တွေ့ရှိရသော စာပေအရသာကိုလည်း စာဖတ်သူတို့နှင့်အတူ ခံစားရလေအောင် စာတို ပေစများကို ဘာသာပြန်ခဲ့ဘူးပါသည်။ စာရေးလိုသော ဝါသနာထက် စာဖတ်လိုသော ဝါသနာကပို၍ လွှမ်းမိုးလျက်ရှိစဉ်က တစ်နေ့သောအခါ စာရေးဆရာဖြစ်လာလိမ့်မည်ဟု အိမ်မက်မျှပင် မမက်ခဲ့ဖူးပါ။ အလုပ်လက်မဲ့ သဘာဝအတိုင်း စိတ်ကူးထုတ်သောအခါ သတင်းစာဆရာလုပ်မည် ဟူ၍ကား စိတ်ကူးထုတ်မိပါ၏။ စိတ်ကူးသည့်အတိုင်းလည်း အလုပ်လျှောက်ခဲ့ဖူးပါ၏။ သို့သော် မစွံပါ။

ကျောင်းထွက်စအချိန်တွင် အလုပ်လက်မဲ့စာရေးသူသည် အလုပ်မရှိ ကိုဒေါင်းနှင့် တွဲဖက်မိပါသည်။

အလုပ်လက်မဲ့ နှစ်ဦးတို့သည် ညနေခင်းသို့ ရောက်တိုင်း ရောက်တိုင်း အိမ်နောက်ဖေး ရေဆင်းတံတား၌ လေးဖက်လေးတန် ကြိုးချည်ထားသော စပါးသုံးရာပါသမ္ဗန်ကြီး၏ အဖုံးပေါ်တွင်ထိုင်ရင်း လှိုင်းစီးလေ့ရှိကြသည်။ ထိုသူနှစ်ဦးတို့၌ အလုပ်ကိုယ်စီမရှိကြသော်လည်း အတွေးကိုယ်စီရှိကြ၏။ ထိုအခါ လှိုင်းစီးရင်း အတွေးချင်းဖလှယ်ကြလေသည်။

ပြာလဲ့သောကောင်းကင်ပြင်တွင် လမင်းသည်ထိန်၍ နေသည်။ ရွှေးမြစ်၏ရေအလျဉ်သည်လည်း လမင်းထံမှရသော အလင်းရောင်ကိုမှီ၍ ဘော်ငွေရည်ကဲ့သို့ လက်နေသည်။ ဤကဲ့သို့ ဆွတ်ပျံ့ ဖွယ်ကောင်းသော အချိန်တွင်ကိုဒေါင်းသည် "ငါ ဆယ့်လေး-ငါး-ခြောက်နှစ်လောက်တုန်းက" ဟူသော နိဒါန်းကိုချီ၍ သူ့ဇာတ်ထုပ်ကို ဖြေပြပါသည်။

ကိုဒေါင်းသည် ဝတ္ထုရေးဆရာတစ်ဦးကဲ့သို့ မပြောတတ်ပါ။ လူကြီးမိဘက ကလေးတို့ကို ပုံပြင်ပြောဘိသကဲ့သို့ စီကာပတ်ကုံးမျှပင် မပြောတတ်ချေ။ သို့သော် ကိုဒေါင်း၏ နောက်ကြောင်းရာဇဝင် နှင့်တကွ ကိုဒေါင်း၏ အဖော်အပေါင်းဖြစ်သော စာရေးသူ၏ ဦးလေးတော်တို့၏ အတွင်းရေးတို့ကို စာရေးသူသည် တစေ့တစောင်း လေ့လာပြီးဖြစ်သည်။ ထို့ကြောင့် ကိုဒေါင်း၏ မပွင့်တပွင့် ဖွင့်ဟဝန်ခံချက်တို့သည် စာရေးသူအဖို့ ဇာတ်နိပါတ်ပုံပြင်များပမာ ကျိုးကြောင်းဆက်စပ်လျက် စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူသည် ကိုဒေါင်းနှင့် လူချင်းခွဲလိုက်တိုင်း ဝတ္ထုတစ်ပုဒ်ရပါသည်။ ထိုသို့သော ဝတ္ထုတို့ကိုစု၍ရေးသားလျှင် ကိုဒေါင်း၏ အတ္ထုပ္ပတ္တိဝတ္ထုရှည်ကြီးတစ်ပုဒ် ဖြစ်လာမည်ဟု ယူဆပါသည်။ ဤယူဆချက်အတိုင်းပင် ကိုဒေါင်း အကြောင်းရပ်တစ်ခုကို ရေး၍ ဂန္ထလောကမဂ္ဂဇင်းသို့ ပို့လိုက်လေသည်။

ထို့နောက် များမကြာမီ စာရေးသူသည် မြောင်းမြမြို့၌ ကျောင်းဆရာအလုပ်ကိုရပါသည်။ ထိုအခါ၌လည်း ကိုဒေါင်း၏ လက်ကျန် ဝတ္ထုများကို ဆက်လက်ရေးသားပါသည်။ စာရေးသူ၏ စိတ်ထဲတွင် ကိုဒေါင်းဝတ္ထုများ ပုဒ်ရေပေါင်း မြောက်မြားစွာကို ရေးသားနိုင်လိမ့်မည်ဟု အထင်ရောက်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုဒေါင်းသည် မြောင်းမြသို့ ရောက်တိုင်းရောက်တိုင်း သူ၏ပစ္စုပ္ပန်ရာဇဝင်ကို ခင်းကျင်းပြသလေ့ရှိခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် စာရေးသူသည် ကျောင်းဆရာဘဝမှ မြို့အုပ်ဘဝသို့ ပြောင်းရလေသောအခါ ကိုဒေါင်းပြောပြသော ပုံပြင်လက်ကျန်များကိုပင် ဆက်လက်၍ မရေးနိုင်တော့ပါ။ လုပ်ငန်းသစ်၏ ပတ်ဝန်းကျင်တွင် အတွေ့အကြုံအသစ်တို့၌သာ စိတ်ဝင်စားမိပြီးလျှင် ထိုအတွေ့အကြုံတို့ကို အခြေခံသော အခြားအကြောင်းအရာများကို ပြေးရင်းလွှားရင်းဆိုဘိသကဲ့သို့ ရေးခဲ့ပါ၏။ တစ်ခါတစ်ရံ ကိုဒေါင်းသည် စာရေးသူ၏ စိတ်ကို သူ့အကြောင်း ရေးချင်အောင်နှိုးဆွပေးခဲ့သည်။ မှန်ပါ၏။ သို့သော် ကိုဒေါင်းနှင့်စပ်ဆိုင်သော ကာယကံရှင်များအကြောင်းကို ရေးသောအခါ ထိုကာယကံရှင်များ၏ ဟာသဓာတ်ခံ ကောင်းလျှင် မထောင်းတာ၊ လောကကြီး၏ ကမောက်ကမတို့ကို ခွက်ထိုးခွက်လန် ရယ်ကြရုံသာရှိမည်။ သို့သော် ဟာသဓာတ်ခံ မရှိသူတို့ကမူ စာရေးသူကို ဆဲသည်ဟု ဆိုကြလိမ့်မည်။ ထို့ကြောင့် ကိုဒေါင်းကိုတစ်ခန်း ရပ်လိုက်လေသည်။

ဤအထဲ၌ပင်လျှင် ကိုဒေါင်းကွယ်လွန်ပြီဟု ကြားရသောအခါ ကိုဒေါင်းတို့လင်မယား မုန့်ဟင်းခါးရောင်းသောအကြောင်းကို ၁၉၄၇ ခုနှစ်၌ ရှုမဝမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။ ဤအခါ၌မူကား ကိုဒေါင်းကို နိဂုံးတံဟု သဘောထားခဲ့လေသည်။

စာပေဝါသနာရှင်တို့က ကိုဒေါင်းရေးပုံကို ခဏခဏမေး ကြသည်။ စာရေးသူကလည်း ဖြေလိုသည်။ ထို့ကြောင့် ဇော်ဂျီက နိဒါန်းတွင် 'တကယ်ရှိသည်' ဟု မှတ်ချက်ချသောအခါ စာရေးသူက ပြန်လှန် မချေပလိုကြောင်း အရိပ်အမြွက်မျှသာ ပြောခဲ့သည်။

ကိုဒေါင်းကွယ်လွန်သည်မှာ ၁၇ နှစ်ရှိပြီ။ ထို ၁၇ နှစ်အတွင်း သူ၏ ဇာတ်လိုက်များသည်လည်း သူနှင့်အတူပင် မရှိကြတော့ချေ။ အစဉ်အဆက် ကျန်ရစ်ပါသေး၏။ သို့သော် ကျန်ရစ်သူတို့မှာ ကိုဒေါင်းနှင့် စာရေးသူတို့နှစ်ဦးအပေါ်၌ အလွန်စေတနာ မေတ္တာထားကြသူများဖြစ်သည်။ ကိုဒေါင်းမှားလျှင် ဗွေမယူဘိသကဲ့သို့ စာရေးသူမှားလျှင်လည်း ဗွေယူကြလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် စာပေဝါသနာရှင်တို့ သိလိုချက်ကို ဖွင့်ပြောလိုက်လျှင် အပြစ်ထက် အကျိုးကများလိမ့်မည်ဟု ယုံကြည်သည်။

စာရေးသူက ကိုဒေါင်းကို ဖန်တီးသည်ဟု ဆိုကြ၏။ သို့သော် ကိုဒေါင်းက စာရေးသူအား စာရေးဆရာဖြစ်အောင် ဖန်တီး ပေးသည်ကိုလည်း စာရေးသူက မမေ့နိုင်။

**မောင်ထင်**

**ရန်ကုန်မြို့**
**၁၃၃၅ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**၁၉၇၃ နိုဝင်ဘာလ ၁၃ ရက်။**

## ဆဋ္ဌမအကြိမ် ပုံနှိပ်ခြင်းအတွက် စာရေးသူ၏အမှာ

ညနေခင်းလေထန်လျှင် ရွှေးမြစ်ထဲမှလှိုင်းအိကလေးများသည် လပွတ္တာမြို့ကမ်းခြေကို ပွတ်သီးပွတ်သပ်ပြုသည်။ ထိုအခါ အနောက်ပိုင်း ကမ်းနားတစ်နေရာ၌ ဆောက်ထားသော သမ္ဗန်ရုံထဲရှိ စပါးသုံးရာပါ သမ္ဗန်ကြီးသည် မြင့်တုံနိမ့်တုံနှင့် ကစားသည်။

ကိုဒေါင်းနှင့် ကျွန်တော်သည် ထိုသမ္ဗန်ဦးတွင် ခင်းထားသော အံဖုံးပေါ်မှာထိုင်ရင်း လှိုင်းစီးကြသည်။ ကိုဒေါင်းက ကျွန်တော်မပျင်းရအောင် သူ၏ လူပျိုဘဝကို ပြောပြသည်။ အလွန်နားထောင်ကောင်းပါသည်။ သူ့အကြောင်းကို သူမပျင်းအောင် ပြောပြသည်မှာ ဟိုတစ်လုံးသည်တစ်လုံးနှင့် အဆက်အစပ်မနီးပါ။ သို့ရာတွင် သူ့အကြောင်းကို အစင်းသိနေသော ကျွန်တော်သည် သူပြောသော စကားတို့ကို စပ်ဟပ်ကြည့်သောအခါ အလွန်နားထောင်ကောင်း၍ အပျင်းပြေပါသည်။ ကိုဒေါင်းပြောပြ၍ ကျွန်တော် အပျင်းပြေသကဲ့သို့ သူပြောသည်ကို ကျွန်တော် တစ်ဆင့်ရေးပြလျှင် စာဖတ်သူတို့ အပျင်းပြေမည်လောမပြောတတ်ပါ။ ကိုဒေါင်း တစ်ခါလူပျိုလှည့်သည်ကို ကျွန်တော့်အား တစ်ခါပြန်ပြောလျှင် ကျွန်တော်က တစ်ခါမှတ်တမ်း တင်ပါသည်။ ထို့နောက် ကျွန်တော်၏ မှတ်တမ်းစာမူများကို ဂန္ထလောက စသော မဂ္ဂဇင်းများသို့ ကျွန်တော် ပေးပို့သည်။ ထိုအခါ မြန်မာပြည် စာအုပ်တိုက်ပိုင်ရှင် ဦးခန့်က ကိုဒေါင်း၏ပုံပြင်များကို စုပေါင်း၍ ပုံနှိပ်ထုတ်ဝေလေသည်။

ကိုဒေါင်းကို ၁၉၃၅ ခုနှစ် တစ်ဝိုက်၌ ကျွန်တော်စတင်ရေးသားခဲ့ရာ ၁၉၃၉ ခုနှစ်တစ်ဝိုက်တွင် အထက်အဆိုပါ အခန်းဆက်

ဝတ္ထုများ ထွက်ပေါ်လာပါသည်။ ဤအတွင်း ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား၍ မြန်မာပြည် တုန်လှုပ်ချောက်ချားလာသောအခါ ကိုဒေါင်းကို မေ့မေ့ ပျောက်ပျောက်ထားခဲ့ရာ ယခင်အမှာစာများတွင်ရေးသားခဲ့သည့် အတိုင်း ကိုထင်ကြီးက အစဖော်ပေးသောကြောင့် ပထမအကြိမ် မြန်မာပြည်စာအုပ်တိုက်၊ ဒုတိယ အကြိမ် ငွေတာရီ စာစဉ်၊ တတိယအကြိမ် ပုဂံစာအုပ်တိုက်၊ စတုတ္ထအကြိမ် စာပေ ပေါင်းကူး၊ ပဉ္စမကြိမ် ယောမင်းကြီးစာပေ ဟူသော ထုတ်ဝေသူတို့က အသီးသီး ထပ်မံထုတ်ဝေခဲ့ပါသည်။

လွန်ခဲ့သော လေးငါးနှစ်ခန့်ကစ၍ ကျွန်တော်သည် မျက်စိဝေဒနာ ကိုခံစားခဲ့ရပါသည်။ ထို့ကြောင့် ကျွန်တော်ဆောင်ရွက်နေကျ စာပေ လုပ်ငန်းတို့ကို ရှေးကကဲ့သို့ သွက်သွက်လက်လက် မဆောင်ရွက်နိုင်ပါ။ ဤအတွင်း ပါရမီစာပေတိုက်က ကိုဒေါင်းကို ထုတ်ဝေလိုကြောင်း ခွင့်တောင်းပါသည်။ ထို့ကြောင့် ယင်းကို ဆဋ္ဌမအကြိမ်ထုတ်ဝေရန် ခွင့်ပေး လိုက်ပါသည်။ ကိုဒေါင်းက ကျွန်တော့်ကို အပျင်းပြေစေဘိသကဲ့သို့ ကျွန်တော်ကလည်း စာဖတ်ပရိတ်သတ်ကို အပျင်းပြေစေနိုင်သည်ဟု ယူဆမိပါသည်။ အထူးသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၆၃ နှစ်က ရေး သားခဲ့သော စာကို စာဖတ်သူတို့က ယနေ့ ပြန်၍ တောင့်တသည်ဟု ဆိုလျှင် ကျွန်တော်၏ယူဆချက်သည် မရိုင်းဟု ထင်ပါသည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသကို ကိုယ်စားပြုသော ကိုဒေါင်း၏ သဘာဝကို နက်နက်နဲနဲ ဆင်ခြင်ကြည့်လျှင် စာဖတ်သူတို့သည် လောကသဘာဝကိုလည်း စဉ်းစားမိကြလိမ့်မည်။ ထို့ကြောင့် ကိုဒေါင်းသည် ကျွန်တော့်ကို အပျင်းပြေရုံသက်သက်မျှသာ ရည်စူး၍ သူ့အကြောင်းကို သူပြန်ပြောင်းပြောပြနေခြင်း မဟုတ်ဟူ၍လည်း ဆိုနိုင်

စရာ အကြောင်း ရှိပါသည်။ အပျင်းလည်းပြေစေ၍၊ လောက အကြောင်းကိုလည်း သိရှိစေရန် ကိုဒေါင်းက ဖန်တီးခဲ့ပါသည်။

ရှေးဦးစွာ ပုံနှိပ်ထုတ်ဝေသော ဦးခန့်က စာအုပ်အမည်ကို 'ကိုဒေါင်းဝတ္ထုတိုများ'ဟု ဖော်ပြခဲ့ပါသည်။ မှားသည်ဟု မဆိုလိုပါ။ သို့သော် ကိုဒေါင်းကို ဖွဲ့နွဲ့သောပုံစံမှာ ဇာတ်လမ်းဇာတ်ကွက်တစ်ခုစီတစ်ခုစီကို ဆက်စပ်ကြည့်လျှင် ဝတ္ထုရှည်တစ်ပုဒ် ဖြစ်စေသော ပုံစံဖြစ်ပါသည်။ ထို့ကြောင့် "တိုရှင်းလိုရင်း" ဟုပြောလျှင်၊ "ကိုဒေါင်း" ဟု တိုတိုပင် ခေါ်လိုက်ပါက ပို၍နှစ်သက်စရာကောင်းပါလိမ့်မည်။ ဤအချက်ကို ယခင်ရေးသားခဲ့သော အမှာစာတစ်ခုတွင် အရိပ်ပြအကောင်ထည်သဘော ဖော်ပြခဲ့ပြီးပါပြီ။ အချို့သော ထုတ်ဝေသူတို့သည် စာအုပ်အမည်ကို "ကိုဒေါင်း" ဟူ၍ ကင်ပွန်းတပ်ကြပါသည်။ ဤအချက်ကို ကျွန်တော်နှစ်ခြိုက်ပါသည်။ ကိုဒေါင်းသည် သူ့အကြောင်းကို ပြော၍ ကျွန်တော့်အား ဖျော်ဖြေခဲ့သည်ချည်း မဟုတ်ပါ။ မြန်မာ့ကျေးလက်တောရွာ၊ ဓလေ့ထုံးစံ၊ အတွေးအခေါ် အယူအဆများ ပါဝင်သော ဖြစ်ပြန်ပျက်ပြန် လောကဓံတရားတို့ကို ကျွန်တော့်အား သွန်သင်ခဲ့ခြင်း ဖြစ်ပါသည်။

**မောင်ထင်**

**အင်းစိန်မြို့**
**၁၃၅၉ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်**
**၁၉၉၈ ခု၊ ဧပြီလ ၁၀ ရက်**

# နဖူးစာ

## ပထမပိုင်း
## “ယောင်ရွှေရစ်ကဲ့၊ ရစ်ရွှေယောင်
## မာမလောင်တဲ့၊ မောင်မလာ
## ပျို့ရွှေနဖာစူး၊ မောင့်ရွှေနဖူးစာ”

ယက်ကန်းသည် သီချင်းဟောင်း

အချစ်ဦးကို မမေ့စကောင်း။ ငယ်ကချစ် အနှစ်တရာ မမေ့သာ။ မည်မျှပင် အရုပ်ဆိုးဆိုး၊ မည်မျှပင် သဘောပုပ်ပုပ်၊ မည်မျှပင် အကျင့်တန်တန် အချစ်ဦးမှန်လာလျှင် နောင်မှအကြောင်းမသင့်၍ ခွဲခွာတန်ကခွဲခွာ ကြရမည်။ မေ့ဖို့မူကား မဖြစ်နိုင်။ ဇရာထောင်း၍ ဖွတ်ဖွတ်ကြေလျက် ရှိစေကာမူ ငယ်ချစ်၏ အရိပ်အရောင်တို့မှာ ကာလတည်းဟူသော မြူမှုန် တွေအကြားမှ ဝိုးတိုးဝါးတား ပေါ်ထွက်လာတတ်ချေသေးသည်။

ကိုဒေါင်းမှာ အသက် ၄၀ ကျော်လုပြီ။ အဘိုးကြီး သူငယ်ပြန်တို့ပင် အချစ်ဦးကို မမေ့တန်ကောင်းလျှင် စိတ်ပျိုကို ငယ်နုသော ကိုဒေါင်းမှာ အဘယ်လျှင် ဆိုဖွယ်ရာရှိတော့အံ့နည်း။ စကားအလျဉ်း သင့်တိုင်း “ငါ-ဆယ့်လေး ငါး ခြောက်နှစ်လောက် တုန်းက” ဟူသော စကားဖြင့်ပဏာမခံပြီးလျှင် ငယ်ချစ်၏အတိတ်ကို ဆောင်လေ့ရှိသည်။ တစ်ကြိမ်နှင့်တစ်ကြိမ် ပြောဆိုသုံးနှုန်းသော စကားအသွားအလာတို့မှာ ကွဲပြားခြားနားခြင်းမရှိ။ မဲပြာပုဆိုး ပမာသာလျှင်ဖြစ်သည်။ သို့နှင့်မူအရင်တစ်ကြိမ်က ပြောခဲ့သော  ကရုဏာသံနှင့် နောက်တစ်ကြိမ် စမြုံ့ပြန်သော ကရုဏာသံတို့မှာ အဘိဓမ္မာနည်း ပရမတ်သဘောအရ အတူတူ

ဟူ၍ပင် ဆိုရငြားသော်လည်း ကျွန်တော့်သဘောအရ အသစ်အသစ် ဟူ၍သာ အောက်မေ့ရပါသည်။ ထို့ကြောင့် ပြောပြီးသားပေပဲဟု နားထောင်မကောင်း မရှိလှပါ။

ဤညကား လကွယ်ညတည်း။ ပြာနှမ်းသော ကောင်းကင်တွင် ဖွျုစင်သော ကြယ်ပြောက်တို့မှာ မြ၏အလယ်တွင် စိန်ခြယ်သည့်နှယ် လဲ့လဲ့ဝင်းသော မိုးကုတ်စက်ဝိုင်း၏ အောက်တွင် လက်လက်ဖြာနေသော ရွှေးမြစ်၏ ရေမျက်နှာပြင်တို့မှာ ကြယ်ရောင်ဟပ်သဖြင့် တလျှပ်လျှပ် နေသည်။ မှောင်မိုက်သောညဟု ဆိုရစေကာမူ မြစ်ကြောတစ်လျှောက် မှာ ထင်ထင်လင်းလင်း သင်ဖြူးခင်းလျှက်ရှိသည်။ ဖွေးဖွေးရိုက်သော လှိုင်း ဂယက်ငယ်တို့မှာ ဆားငန်ရည်သတ္တိဖြင့် မီးပန်းထနေလေရကား လွမ်းစ ရှိသူတို့၏ စိတ်ဓာတ်ကို ဖိုးရွှေလမင်းကြီး၏ ကိုယ်စား ဖော်ဆွကာ ပေးသကဲ့သို့ ရှိလှ၏။

စပါးသုံးရာပါ သမ္ဗန်ကြီးသည် ကမ်းနံပါးတံတားရင်းတွင် လေးဖက်လေးတန်ချည်လျှက်ရှိသည်။ သမ္ဗန်ဦးအဖုံးပေါ်တွင် ကျွန်ုပ်တို့ နှစ်ဦး သား ဆေးပေါ့လိပ်၏ အရသာကို ခံစားရင်း စကားမပြောနိုင် ကြဘဲ တစ်ကိုယ်လျှင် အတွေးတစ်ခုစီနှင့် လောကတည်းဟူသော မဟာ သမုဒ္ဒရာကြီးကို လက်ပစ်ကွန်မျှမရှိသော ဉာဏ်ကွန်ရက်ငယ်ဖြင့် ဖြန့်၍ အုပ်ကြ၏။ လောက၏သဘောကို မည်သူမျှ မပေါက်မိကြ။ လောက၏ အလို ဆွဲငင်ရာကိုသာလျှင် လိုက်ပါကြရပါသည်။ အဘယ် သို့ ဆွဲငင်ပါ သနည်း။ အလွမ်းဖက်သို့ဟု ဝန်ခံပါသည်။ သမ္ဗန်ကြီး သည် လှိုင်းဂယက် ကလေးတွေကို အငြိမ့်စီးရင်း တအိအိရှိ၏။ အဆုံး မရှိသော စကြဝဠာ တွင် အစမထင်သော စိတ်တို့သည်လည်း ထိုသမ္ဗန် ကြီးကဲ့သို့ပင် လှိုင်း ကလေးတွေကို အငြိမ့်စီးကာ တအိအိနှင့် လွင့်ပါး လျှက်ရှိစဉ် တဟူးဟူး တိုက်ခတ်သော တောင်လေသည် ထိုလွင့်ပါး သော စိတ်တို့ကို ဆောက် တည်ရာ မရနိုင်လောက်အောင် ပင့်ဆောင်၍ သွားပြန်လေသည်။

ထိုအတွင်း အသံကွဲတစ်ခုသည် ဆိတ်ငြိမ်ခြင်းကို တုန်လှုပ်ချောက်ချား လိုက်လေသတည်း။

ထိုအသံကား "အစိမ်းသက်သက်တော့ အင်မတန်ခက်တယ်ကွ" ဟူသော မဆီမဆိုင်လက်ပံသားကို ဓားနှင့်ချိုင်လိုက်သော ကိုဒေါင်း၏ အသံတည်း။

လွင့်ပါးနေသော စိတ်များ၏ ရေယဉ်စီးခြင်းအရသာထူးကို ခံစားနေသော အကျွန်ုပ်မှာ စည်းစိမ်အတော်ပျက်သွားလေရကား "ဘယ့်နှယ်. . "ဟူ၍ လွှတ်ခနဲ ထွက်သွားပြီမှ အလိုက်သိစွာ မြုံ၍နေလိုက်၏။

လောကကြီးသည် ဆိတ်ငြိမ်၍ သွားပြန်၏။ သမွန်ဦးဆီမှ ကိုဒေါင်း၏ ဆေးလိပ်မီးသည် ဝင်းပြီးလျှင် မှိန်၍သွားပြန်၏။ မှိန်သည်နှင့် တပြိုင်နက် "ငါ-ဆယ့်လေး ငါးခြောက်နှစ်လောက်တုန်းက" ဟူသော နိဒါန်းပျိုး သံသည် တောင်လေဖွေ့ယမ်းခြင်းကို ခံပြီးသကာလ ကျွန်ုပ်၏ နားဝသို့ ဝင်လေ၏။

မိမိအဖို့၌ ထိုစကားပလ္လင်သည် မည်သည့်နေရာတွင် နိဂုံးချုပ်မည်ကို သိပြီးဖြစ်၏။ တစ်ဆယ့်လေးငါးခြောက်နှစ်လောက်တုန်းက မောင်ဒေါင်းသည် တရှုပ်ရှုပ်နှပ်သုတ်သော ကလေးကျင့်ပျောက်ခါစ လုံချည် ကွင်းသိုင်းပြုတ်၍ လုံချည်မြဲခါစမျှသာ။ ဆရာမ ဒေါ်ရွှေငုတ်၏ ကျောင်းတွင် 'ကောင်ကလေး' ဟူသော ဘွဲ့ထူးသညာဖြင့် အချစ်တော် အရာ၌ ခစားမြဲမြဲရလေသည်။ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရပါဠ်အနက်တို့ကို ထုံးလိုချေရေလို မနှောက်နိုင်သော်လည်း ဆရာ့ရှေ့တွင် ကြက်တူရွေးစကားပြောသလို အလွတ်ဆို၍ ပြနိုင်ကောင်းရုံ စာသင်နေသော ကျောင်းသား တစ်ယောက်ပင်။

မောင်ဒေါင်းစာသင်လျှက်ရှိသော အချိန်တွင် ကျောင်း၏ ခေါင်းရင်း၌ ကိုစူးဝါး တရတ်ဆိုင်တစ်ဆိုင်ရှိသည်။ ထိုကိုစူးဝါး၏ မယား၌

ကား သွေးမစပ်သူ မချောဟုခေါ်သော သူငယ်မတစ်ယောက်ရှိ၏။ ထိုမချော ကား ကျုံမငေးမှ ကိုစူးဝါးနှင့် မျက်နှာနာသူတစ်ဦး၏ သမီးတည်း။ အသက်နှစ်ဆယ်သီသီကလေးရှိ၏။

ထိုသူငယ်မသည်ကား ကိုဒေါင်းအား လူတို့ကြုံတွေ့ရအံ့သော လောက၏ အကြောင်းကိုသင်ကြားပေးသော လက်ဦးဆရာပင်လျှင် ဖြစ်လတ္တံ့သတည်း။

တစ်ဆယ့်ခြောက်နှစ်မျှ တင်းတင်းမပြည့်သေးသော မောင်ဒေါင်း သည် တစ်နေ့သော် ထိုသူငယ်မနှင့်တွေ့၏။ တွေ့ပုံကား ပြန်ပြောသူကို ကိုဒေါင်းအဖို့ သူလိုငါလိုပင်တည်း။

ထို့ကြောင့် ကျွန်ုပ်တို့သည် သူငယ် သူငယ်မတို့ ဆုံတွေ့ကြိုက်ချစ် ကြပုံကို ကရွတ်ကင်းလျှောက် စေ့ငရန် လိုတော့မည်မထင်။ အချစ်၏ အရသာ ချိုသည်ခါးသည်မျှ မသိရသေးသော လူပျိုပေါက်စကလေးမှာ အစိမ်းသက်သက်မို့ ငိုချင်ရာ လက်တို့ဆိုဘိသို့ ဖြစ်ရှာပေမည်။ တစ်ရွာ တကျေးမှ ပြောင်းလာခါစ နေရာသစ်တွင် မပျော်ပိုက်နိုင်သေးသော သူငယ်မမှာလည်း ကျွန်းပင်ကြီးကို မမှီရငြားသော်လည်း ကိုင်းပင်မျှ ကိုပင် မတတ်သာ တတ်သာ မှီရချေတော့မည်ဟု နှလုံးပိုက်မိဟန် တူသည်။

မောင်ဒေါင်းမှာ ငယ်ကလည်းငယ်သေး၊ ရိုးလည်းရိုးလွန်း၊ ကာလ ၏အလိုအသည်ဟုလည်း ဆိုစလောက်ပင်။ မချောမှာ အသက်မငယ် တော့ပြီ။ အတွေ့မရှိသေးသော်လည်း အကြားနှင့်အမြင်ရှိချေပြီ။ ကာလ ဉာဏ်လည်း မှီချေပြီ။ သို့ပါ၍ ၎င်းတို့နှစ်ဦး ဆုံကြပြီး ကာလမကြာမြင့်မီ ‘မောင်ဒေါင်း မိန်းမခိုးပြီ’ ဟူသောသတင်း ပေါ်ပေါက်လာလေသော် မည်သူ၏ အစွမ်းကြောင့်လဲဟု ဝေခွဲရန်ခဲယဉ်းတော့မည် မဟုတ်ပေ။

“မိန်းမခိုးတော့ နံနက်စောစော မှုန်တိမှုန်မွှား ဝေလီဝေလင်း ကလေးပေ့ါကွာ။ သူမှာသလို လုပ်ရတာကိုး။ သူက အထုတ်အပိုးပိုက်

ပြီး မယောင်မလည်နဲ့ ကွင်းတန်းကစောင့်၊ ငါက ကျောင်းစောစော ကြီး တက်သလို ဘာလိုနဲ့ ကွင်းတန်းဘက်ကို လှည့်သွား၊ သူနဲ့တွေ့၊ နှစ်ယောက် သား သုသာန်ဘက်ကို သုတ်ကြတာပေါ့။ ချိန်တုန်းကတော့ ညောင်လိမ် ဘက် ပြေးမလို့ချိန်တာပါပဲ။ သင်္ချိုင်းရောက်တော့ မလင်း တလင်းကလေး မို့ သာ လာယံဇရပ် မြင်လိုက်တယ်ဆိုပဲ ကြောက်လာ တာပဲ။ ငါကြောက် မှန်း သိတော့ သူကစိမ့်လာတာပေါ့၊ ဒါနဲ့ပဲသူက 'ဟင့်အင်း ဟိုကိုမသွား တော့ ဘူး၊ ရှင့်ဦးလေးအိမ်ကိုလိုက်မယ်' "ဖြစ်ပြန်တာကိုး. . . "ဟူသော စကား စဉ်တို့ကား ကိုယ်ဒေါင်း၏ပါးစပ် မှ လေးလေးတွဲ့တွဲ့ ဖင့်ဖင့်နွဲ့နွဲ့ ဆိုင်းဆိုင်းတွတွ တစ်လုံးစီ တစ်ပါဒစီ ထွက်၍လာသော စကားသံများ ပင်တည်း။

ထိုစကားသံများမှာ လေရှိန်ယူရန်ပေလားမသိ၊ ခဏတာမျှ ရပ်စဲ သွားလေသည်။ ထိုခဏတာကလေးကို မိမိစိတ်၌အကြာကြီးပဲ ဟုထင် လိုက်မိ၏။ ထိုအကြာကြီးဟူသော အတောအတွင်းတွင် နံနက် မှုန်ရီရီ ဝယ် မောင်ဒေါင်းတို့ မောင်နှံစုံ သာလာယံဇရပ်နားမှာ ကြောက် ဆုတ် ကြောက်ဆုတ်နှင့် ကြည့်တိကြောင်တောင်ဖြစ်၍ အားနွဲ့နေကြ ရှာပုံကို အာရုံစောမိပါသည်။

ရှုခနဲမြည်၍ဝင်းကနဲ အရောင်ဖြာပြီးလျှင် ကိုဒေါင်း၏ ပါးစောင် တွင် ခဲထားသော ဣစ္ဆိတံမြမြ ဆေးလိပ်သည် မီးညှိသွားပြီးနောက် "ဒါနဲ့ ငါသူ့ကိုဦးလေးအိမ်ခေါ်သွားရတာပေါ့"ဟု ကိုဒေါင်းသည် မီးအရှိန်ရအောင် ဆေးလိပ်ကို ခပ်ဆတ်ဆတ်ဖွာရင်း ဆက်လက်ပြော ပြန်လေ၏။

မောင်ဒေါင်းတို့နှစ်ဦးသား အိမ်ရောက်ကြသော် အံ့ဩသော ဦးလေးမှာ "မင်းကလားကွယ်-ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမခိုးရတာ" ဟု ရင်တီးကာ ဆီး၍မြည်၏။ အပြစ်တော်တင်၏။ ကြင်နာမိသော အဒေါ် မှာ တူမလောင်းကို "မိန်းကလေး လာ. . . . လာ" ဟု ယုယစွာ ခေါ်၏။ တူမလောင်းအပေါ်တွင် အချစ်တော်ဝင်လိုက်၏။

မိန်းမခိုးသူတို့၏ ထုံးတမ်းစဉ်လာ နည်းနာနိဿယ နယပဒေသ တို့ကို နားမလည်ရှာသော မောင်ဒေါင်းကား ခြေမကိုင်မိ လက်မကိုင်မိ မျက်နှာမထားတတ် ရှိုးတိုးရှန့်တန့်နှင့် ပျာလောင်ခတ်၍ဂဏှာမငြိမ် ဖြစ်ရရှာသည်။ အတန်ကြာသော် ဟာနေသောဝမ်းကို လက်ဖြင့်ထွေး၍ "ဆာတယ်၊ မုန့်သွားဝယ်ချေဦးမယ်" ဟု မယားလောင်းအား ပန်ကြားပြီး သော် အိမ်မှထွက်ခဲ့လေသတည်း။

"အဲ့ဒီတုန်းကကွာ. . . ကျောင်းနားကို ဘာဖြစ်လို့ ရောက် သွား တယ်မသိဘူး။ ကျောင်းနားမှာ ရစ်ရစ်နေတာကို ဆရာမမြင်လိုက် တယ် ဆိုရင်ပဲ 'ဟဲ့ကောင်လေး ကျောင်းတက်ပြီ။ နင်စာမအံတော့ဘူး လား'လို့ ငေါက်လည်းငေါက်လိုက်ကရော ငါလည်း ကျောင်းပေါ်ကို ဘယ့်နှယ် ဘယ့်နှယ် ရောက်သွားသလဲ မဆိုနိုင်ပါဘူးကွာ"ဟု ပုစ္ဆာ တစ်ခုလုံး လုပ်ခဲ့ ပြီးမှ ဂဏာန်းပေါင်းမှားသည်ကိုသိရသောကျောင်းသား ငယ်၏ မကျေ မချမ်းဖြင့် ပြောပြကာတောက်ခေါက်လေ၏။

မောင်ဒေါင်းသည် ဤသို့ စာအံနေစဉ် ကိုစူးဝါး ကျောင်းရှေ့၌ ခေါက်တုံ့ခေါက်ပြန် ပျာလောင်ရိုက်နေသည်ကို မြင်၏။ အကြောင်းကို သိ၍ ဣန္ဒြေမပျက်နေ၏။ ကိုစူးဝါးမှာ သူငယ်သူငယ်မတို့၏ အကြောင်း ကို ရှေးမဆွကပင်လျှင် ရိပ်မိပြီးဖြစ်ရကား 'ကေန္တ မောင်ဒေါင်းကလေး ပဲ'ဟု တပ်အပ်စွဲလို၏။ သို့သော် 'ဘယ့်နှာပါလိမ့်၊ ကောင်ကလေး လည်း စာအံလျက်ပင်၊ သူခိုးမိသော်လည်း ခိုးရာပါပစ္စည်းကိုမတွေ့၊ အတွေးရ ကျပ်ပါဘိ၊ စိတ်အိုက်ပါဘိ' ဤသို့စဉ်းစားရင်း ခေါင်း ကုတ်ကာ အိမ်သို့ ပြန်၏။မောင်ဒေါင်းကား စာအံ့လျက်ပင်။

ကိုစူးဝါးဆိုင်သို့ရောက်ပြန်လျှင် မောင်ဒေါင်း၏ ဦးလေးရောက် နေသည်ကိုတွေ့ရ၏။ ဦးလေးလုပ်သူကား ကိုစူးဝါးတို့နှင့် မျက်နှာ အလွန် နာသူတစ်ဦးပင်။ နောက်ဆုံး၌ ဖြစ်သော်ရှိ၊ မဖြစ်သော်ရှိ။ ကိုယ် အရင်သိ လျက်နှင့် မပြောဘဲထားလျှင် မျက်နှာပူစရာ။ ထို့ကြောင့်

အကြောင်းကို မထိမ်ဝှက်ဘဲ လာရောက်တိုင်ကြားရခြင်းဖြစ်လေသည်။ နှစ်ဦးသား တီးတိုးနှင့် ခေါင်းချင်းရိုက်ပြီးသော် ဦးလေးဖြစ်သူ ခပ်သုတ်သုတ် ပြန်၏။ တစ်အောင့်ကလေးမျှမရှိခင် ကိုစူးဝါးခပ်သုတ်သုတ် လိုက်၏။ မောင် ဒေါင်း မမြင်မိလိုက်။ စာအံ၍ ကောင်းတုန်းပင်။

ယခုအခါ၌ မောင်ဒေါင်း၏ ဦးလေးအိမ်တွင် ကိုစူးဝါးရောက်နေချေပြီ။ မချောကို အတွင်းသားခေါ်လျက်ရှိချေပြီ။ တစ်ခါဖြင့် ခက်ကြ ပြီ။ ငါ့မျက်နှာကို အိုးမည်းမသုတ်ပါနဲ့ဆိုပါကလား။ အားနာနာနှင့် ကောင်မလေး ပြန်လိုက်သွားလိမ့်ထင့်။ အို-မဟုတ်သေးဘူး. . . မဟုတ်သေးဘူး. . .။ ကျွန်မကို ဘယ်သူခေါ်ခေါ် မလိုက်ဘူးတဲ့။ ကျွန်မကို ကျွန်မယောကျ်ား ကိုဒေါင်းခေါ်လာတယ်ဆိုပဲ။ သူ့ကိုကြိုက်လို့ ကျွန်မ လိုက်လာတယ်လည်းဆိုရဲ့။ အင်း-အင်း တော်တော်သွက်တဲ့ ဟာမ က လေးပဲ။ သည်အတိုင်းသာဖြင့် မောင်ဒေါင်းမှာ ပူစရာမရှိ။ သင်းကလေး မလိုက်လျှင် သူတို့ဘာမျှမတတ်နိုင်။

သို့ရာတွင် ဆိုစရာတစ်ခု ရှိပါသေးသည်။

ကံဆိုသည်မှာ ဆန်းလည်းဆန်း၊ ကြယ်လည်းကြယ်၊ လူ့ကံ-လူ့ကံ-လူ့ကံ ဟု သုံးခွန်းတိတိမြည်လိုက်လျှင်ပင် တရုတ်စကားဖြစ်တတ်သည်။ ဩော်-ဆန်းကြယ်လှလေစွ။ အိပ်ရာထ မုန့်ဆာတုန်း မုန့်သည် လာသည် လည်းကံ၊ မုန့်စားတုန်း ပါးစပ်အဟ ကျီးထိုးခံရသည်လည်းကံ၊ ဤသို့လျှင် ကံဆိုသည်မှာ ‘မတော်တဆ’ ဟူသော ကာလသုံးစကားကို ပိုမိုလေးနက် စေရန် လောကကြီးကို ပြုပြင်ဖန်တီးနေသောအရာဖြစ်သည်။ ဒိဋ္ဌိအယူ၌ ကံဆိုသည်မှာ ဘုရားပင်။ လက်မတင်ကလေးအလိုမှာ တစ်စုံတစ်ခု ‘မတော်တဆ’ ဖြစ်လိုက်သည်ပင်လျှင် ဘုရား၏အလိုပဲဟု ယူဆ လိုက်ရ သည်။ ထိုမတော်တဆဖြစ်လိုက်ခြင်းကို ‘ကံအားလျော်စွာ’ ဖြစ်သည်ဟု ခေါ်ဆိုရလေသည်။ ထို့ကြောင့် ‘မတော်တဆ’ ဟူသည် လည်းကောင်း၊ ‘ကံ’ ဟူသည်လည်းကောင်း၊

'ကမ္ဘာကိုဖန်ဆင်းသော ဘုရား' ဟူသည် လည်းကောင်းအကြမ်းအားဖြင့် ပြောရလျှင် ကုလားနှင့် အရာကြီး အတူတူပင် ဖြစ်သကဲ့သို့ ရှိချေသည်။ မောင်ဒေါင်း၏ နဖူးစာမှာလည်း ထို 'မတော်တဆ' များ၏ ဖန်တီးချက်နှင့် မကင်းနိုင်။ ကံပြုပြင်ရာခံရ ပေမည်။ သို့ဖြစ်၍ ၎င်း၏နဖူးစာမင်ရည် ကျဲသည်ပျစ်သည် ဤနှစ်လီကို အတည်တကျ မဆိုနိုင်သေး။ စောင့်၍ ကြည့်ရှုကြစမ်းပါဦး။အချက်ထဲ ကျမှ မချောကို ကိုစူးဝါးက ဖျောင်းဖျခေါ်ငင်နေဆဲမှာပင် မချော၏ အစ်မတော်နှင့် ခဲအိုတော်များ ရောက်လာကြပါသည်ရောက်ရောက်ချင်းပင်ကိုစူးဝါး၏မိန်းမကဖြစ်သမျှအကြောင်းကို နာရီမဆိုင်း မိနစ် မဆိုင်း ဇာတ်ရင်းလှန်ရလေသည်။ ရောက်ခါစ ဧည့်သည်တို့မှာ ထိပ် မြွေကိုက်ဖြစ်၍နေစဉ် ဖဲရှုံးသော ယောကျ်ား၏ မသာယာသော မျက်နှာ ဖြင့် ကိုစူးဝါးပြန်လာသည်နှင့် အဆင်သင့်၍ ကိုစူးဝါးအား လာရင်း လမ်းသို့ ပြန်လှည့်စေပြီးသော် မချောရှိရာသို့ ဇောင့်ဇောင့်နှင့် အားသွန် ၍ လိုက်ကြလေသတည်း။

မချောကား ငြင်းဆန်လျက်ပင်။

"အစ်မကြီးရယ်၊ အစ်မကြီးတို့လည်း ပျိုရာကအိုခဲ့ကြပါပြီ၊ ကိုယ် ချင်းစာပါဦး၊ သူ့ကို ကြိုက်လွန်းလို့ လိုက်ခဲ့ရတာပါ။ ကျုံမငေးကို ကျွန်မ ပြန်မလိုက်ပါရစေနဲ့"ဟု တောင်းပန်ရိုကျိုးသောရုပါရုံ၊ သနားစဖွယ် သော သဒ္ဒါရုံတို့ဖြင့် လက်စုံမိုး၍ရှိခိုးကာ အသနားခံလေ၏။ ထိုအခါ အစ်မတော်က "နင်ကလားဟယ် ငါတို့ကိုကိုယ်ချင်းစာပါလေ့ဘာ လေ့နဲ့" ဟု အံကြိတ်ပြီးလျှင် "ဟင်-ဖိနပ်စာမ" ဟု ဆို၍ ခြေဖြင့် ကန်၏။ "သေခြင်းဆိုးမ" ဟုပြော၍ ဖနောင့်နှင့်ပေါက်၏။ "ကမြင်းမ"ဟု ပေါင်တွင်းကြောလိမ်၏။ "မှတ်ကရော့ဟဲ့"ဟု နှုတ်ခွန်းတော်ချွေပြီးလျှင် ပါးကို ဖိနပ်စာကျွေး၏။ "လာ. . . လိုက်ခဲ့" ဟု ဒလကြမ်း ဆွဲခေါ်လေ၏။ မောင်ဒေါင်း၏ ဦးလေးနှင့်အဒေါ်တို့မှာ မချောကိုဒရွတ်ဆွဲသဖြင့် ကျန် ရစ်သော လမ်းကြောင်းကလေးကို

ပါးစပ်အဟောင်းသားနှင့် ဝမ်းနည်း ပက်လက် ကြည့်လျက်သာနေကြရကုန်၏။ ဘာကိုမျှမတတ်နိုင်၊ မချော ၏ အစ်မနှင့်ခဲအိုတို့ကား မချောကို အပါခေါ်၍ နေရပ်သို့ ချက်ချင်းပင် သုတ်ခြေတင်ကြလေသတည်း။

မောင်ဒေါင်းကား စာကိုကုန်း၍အံဆဲပင်။ စာထဲသို့ကား စိတ်မ ရောက်။ မချောကိုသတိရခြင်းနှင့် ဆရာကိုကြောက်ရခြင်းတို့မှာ မောင် ဒေါင်း၏ နှလုံးသားထဲတွင် နပန်းသတ်၍ နေကြကုန်၏။ လက်ပွေ့ထိုး၍ နေကြကုန်၏။ ချစ်စိတ်မှာ ကြောက်စိတ်အောက်တွင် ပိ၍ပြား၍နေ၏။ တစ်ခါတစ်ခါ မောင်ဒေါင်းသည် ချစ်စိတ်၏ လှုံ့ဆော်အားပေးခြင်းဖြင့် ဇွတ်နှစ်မည်ကြံ၏။ ဤသို့ကြံမိတိုင်းကြံမိတိုင်း ကျက်သရေရှိပြားသော် လည်း တင်းမာခက်တရော်လှသော ဆရာမ၏မျက်နှာနှင့် ငါးတောင်ခန့် ရှည်သော ထားဝယ်ကြိမ်တို့ကို ပြေး၍မြင်၏။ မြင်တိုင်းမြင်တိုင်းလန့်၍၊ ဖျပ်၍၊ ကြောက်၍၊ စိမ့်၍ သွား၏။ ကြောက်ရင်း၊ လန့်ရင်း၊ ဖျပ်ရင်း၊ စိမ့်ရင်းနှင့်ပင် ကျောင်းဆင်းခေါင်းလောင်း ထိုးလေသည်။ ထိုးသည်နှင့် တစ်ပြိုင်နက်တည်း အိမ်ဂေဟာသို့ ဝဋ္ဋာဝေဟင်တွင် သိန္ဓောမြင်း နှင့် သည့်နှယ် အတွင်သား ဒုန်းစိုင်းလေ၏။

ဒုန်းစိုင်းရသော်လည်း အလဟဿပင်။ အိမ်ရောက်သော် ရွှင်ပြုံးစွာ ဆီးကြိုနှုတ်ဆက်အံ့သောမချောကို မတွေ့ရ။ တရှုပ်ရှုပ်နှင့် ငိုနေသော အဒေါ်၊ ငါမှားပြီဟု ညည်းနေသော ဦးလေးတို့ကိုသာလျှင် တွေ့ရတော့၏။ အဝေးမှပြေးလာ၍ အမောဆို့နေသည့်အတွင်း အကြောင်းစုံကို ကြားရသောအခါ တက်တော့မလောက် ဖြစ်သွား၏။ ပင့်သက်ကြီး ရှူမိ၏။ သက်ပြင်းကြီးချမိ၏။ တောက်ခေါက်မိ၏။ ယခုလိုဆိုလျှင် ဦးလေးကို ထောင်းရတော့မလိုလို၊ ကံကို ရိုးမယ်ဖွဲ့ရတော့မယောင် ယောင်၊ တောင်မကိုင်မိ မြောက်မကိုင်မိ၊ မကြံတတ် မစည်

တတ်၊ဟစ်၍ငိုရကောင်းနိုးနိုး၊လှိမ့်၍လူးရဟန်နိုးနိုး၊အကလေးသဖွယ် ခြေကိုထိုး၍ငါ့ပါဟာပေးဟုတောင်းရမည်လည်းအခက်လူကြီးသဏ္ဍာန် မိုးစွန်တမွတ် ကြယ်ကိုဆွတ်မည်ဟု အားမာန်တင်းရမည်လည်းလူ ကြီးကမပီသေး။

ထိုင်ချည် ထချည် လှဲချည် လျှောင်းချည်နှင့်ပင် နံနက်စာစားရ မှန်းလည်းမသိ၊ ညစာကိုလည်း သတိမရ။ တစ်အိမ်လုံး ရပ်တည်ရာ ကိုးကွယ်ရာ ခိုလှုံရာမရှိတော့ပြီ။ဆေးပေ့ါလိပ်ကိုအတွင်ဖွာ၍အတွင် သာမှိုင်နေရတော့၏၊နေဝင်ရီတရောအချိန်၌ငေးနေသောမောင် ဒေါင်း၊လူငယ်ခေါင်းချချိန်၌တွေနေသောမောင်ဒေါင်း၊လူကြီးခေါင်းချ ချိန်၌ ဝေနေသောမောင်ဒေါင်း၊ သန်းခေါင်ယံ၌ သုန်နေသောမောင် ဒေါင်း၊ကြက်ဦးတွန်၌ မှုန်နေသော မောင်ဒေါင်း၊ အချိန်သာပြောင်းရ မည်မောင်ဒေါင်းမှာဤအနေဖြင့်ဆွေးပင်လယ်ဝေရလေသည်။တစ်ည လုံးလုံးသစ်သားအုံးကိုမှီ၍ မြူတိမ်ကင်းစင် သောမိုးကောင်းကင် ကိုမရှုစိမ့်သောမျက်လုံးတို့ဖြင့် အကြောင်းသား ကြည့်လျက်မချောကို ဘယ်လိုရှာရပ့ါမလဲဟုတွေးတောနေ၏။ ဘယ်လိုကြံရပ့ါမလဲဟု စဉ်းစားနေ၏။ဤ သို့ဉာဏ်ထုတ်သော်လည်းဘာတစ်ခုမျှမကြံတတ် ကြောင်းကိုသိရလေ၏။ အပူတကာ့အပူတွင် သည်လိုအပူမျိုးလိုဖြင့် လောကကြီးမှာရှိမည်မထင်။ ဆွေမျိုးသား ချင်းသေဆုံးသောအပူမျိုး နှင့်လည်းမတူတစ်အူထုံ့ဆင်းမောင်ရင်းနှမဆုံးရှုံးရသောအပူမျိုးနှင့် လည်းမဆင်။မွေးသမိခင်မွေးသ ဖခင် တို့နှင့်သေကွဲရှင်ကွဲကွဲရသော အပူမျိုးကဲ့သို့လည်း မဟုတ်။ ဝမ်းတွင်းမီးဟုန်းဟုန်းတောက်၍နေ၏။ ကမ္ဘာမီးလောင်သည့်နှယ်။

ရက်တို့သည်လွန်၍လွန်၍သာသွားချေပြီ။ဘယ်နှစ်ရက် လွန်ခဲ့ ပြီကိုမောင်ဒေါင်းမမှတ်မိမချောတစ်ယောက်လက်သို့ရောက် ကာမှ ကြက်ဥအစပျောက် ပျောက်၍သွားသည်ကိုသာလျှင် အစဉ်

သတိရလျက်ရှိ၏၊တစ်နေ့ဝင်မြင်နိုးနိုး၊တစ်မိုးသောက်ရောက်နိုးနိုးနှင့် ပင် တစ်နိုးတည်းနိုးရရှာ၏။မချောကားမပေါ်လာတော့ချေ။ အစဉ်သဖြင့် ရွှင်ပျခဲ့သောမျက်နှာမှာ ညှိုးငယ်နွမ်းရိရချေပြီ။ အစဉ်သဖြင့် ကြည်လင်ခဲ့သော မျက်လုံးတို့မှာ အရောင်အဆင်း ကင်းမဲ့ရချေပြီ။ အစဉ်သဖြင့်ဖျတ်လတ်ပေ့ါပါးခဲ့သောခြေလက်တို့မှာလေးကန်ဖင့်နွဲ့ရချေပြီ။ မောင်ဒေါင်းသည်သာလျှင်ဖြူဖြူဖွေးဖွေးမင်းသားကလေးဖြစ်ခဲ့ပါမူဤနေရာ၌မောင်ဒေါင်းအားနေလောင်သော ကြာပဒုံ၏ဥပမာဖြင့်ခိုင်းနှိုင်းလိုကြပေမည်။သို့ရာတွင်ကျွန်ုပ်တို့၏ မောင်ဒေါင်းမှာ ပြောင်တင်းသောဦးပြည်းနှင့်မည်းကြုတ်သော အသား အရေတို့ကို ဆောင်နှင်းလျက်ရှိလေရကားထိုဥပမာ လှလှချော ချောကလေးနှင့် ဆက်သွယ်ခိုင်းနှိုင်းခြင်းမပြုနိုင်။သို့ရာတွင် မောင် ဒေါင်း၏ဖြစ်ပုံကို မြင်ရသူအပေါင်းတို့မှာမောင်ဒေါင်းအား မင်းသား ဖြူဖြူဖွေးဖွေး ကလေးမှိုသနားရသည်ထက်ပို၍ သနားမိကြပေလိမ့်မည်။ မဆိုင်သူ အပေါင်းတို့ပင်လျှင် သနားမိမည်ဧကန် ဖြစ်လျှင် သွေးသားစပ်သူ ဦးလေးနှင့်အဒေါ်တို့မှာ ဆိုဖွယ်ရာမရှိပြီ။ နေမြင့်လေ အရှူးရင့်လာသော မောင်ဒေါင်း၏ဖြစ်ထွေကို မျက်စိအောက် တွင်မကြည့်နိုင်ရှာတော့ပြီ။သို့သော် သက်သာဖွယ်နည်းလမ်းကို လည်းမတွေးတတ် အောင်ရှိတော့သည်ရေပြောင်းမြေပြောင်းဆိုလျှင်မေ့ကောင်းမေ့ပေလိမ့်မည်။ သို့ဖြစ်၍ လွမ်းရဆွေးရသောဒုက္ခအပေါင်းတို့မှခဏတာမျှဖြစ်ဖြစ် လွတ်ငြိမ်းစိမ့်ငှာ မောင်ဒေါင်း ၏ဖခင်ရှိရာ ကညင်ကုန်းသို့ စာနှင့်အကျိုးအကြောင်းရေး၍ မောင် ဒေါင်းကို လွှတ်လိုက်ရလေသတည်း။

ပရံ့ပရချဖူးသော ရေစက်အဟုန် မကုန်သေးသည်ဖြစ်ရကား ကညင်ကုန်းသို့ရောက်လျှင်ပင်မောင်ဒေါင်းသည်တစ်ခါဖူးမျှ မမျှော်လင့်ခဲ့မိသောသဲလွန်စကို ဤသို့ရရှိလေ၏။ မချောတို့ ကျုံမငေးသို့

သွားရသည်မှာသင်္ဘောနှင့်မဟုတ်ကုလားသမ္ဗန်နှင့်ဖြစ်သဖြင့်ကညင်ကုန်းသို့ ရောက်လျှင်ပင် အချိန်အတော်လင့်သွားလေသည်။ သို့ဖြစ်၍ကညင်ကုန်းမှာ ဝင်၍နားရသည်။မောင်ဒေါင်း၏ဖခင် ကညင်ကုန်းတွင်ရှိကြောင်းအစင်းသိသူမချောမှာ ကညင်းသို့ဝင်သည်နှင့်တစ်ပြိုင်နက်ကုန်းပေါ်သို့တက်၍မောင်ဒေါင်း၏ဖခင်အိမ်တွင်အတင်းဝင်ခိုလေသည်။ နောက်သော်အစ်မကြီးဖြစ်သူကရွာကိုနင်း၍ရှာသောကြောင့် မိရလေရကားမတတ်သာ၍မာနကိုလျှော့ပြီးလျှင်ခေါ်ရာသို့လိုက်ရပြန်လေသည်။ သို့သော်မောင်ဒေါင်း၏ဖခင်ကိုမူကားအကြောင်းမျိုးစုံ စုံလင်အောင်ပြောကြား ပြီးလျှင်မောင်ဒေါင်းရောက်လာပါကငှင်းထံသို့ဆက်ဆက်လိုက်ခဲ့စေရန်နေရပ်အပြည့်အစုံတို့ဖြင့်တတွတ်တွတ်မှာကြားခဲ့လေသည်။မောင်ဒေါင်း၏ဖခင်မှာကားမပိုင်ရသေးသောချွေးမကို ဤနည်းနှင့် လက်လွှတ်ရရှာသည်။ မောင်ဒေါင်းမိမိအိမ်သို့ရောက်သော် အကြောင်းကုန်ပြောပြီးနောက်"မင်းငယ်ပါသေးတယ်ကွာ၊ မိန်းမ စိတ်မကူးပါနဲ့ဦး"ဟူ၍သာအချိုနှင့်သတ်ထားလိုက်ရလေတော့သတည်း။

အချိုနှင့်သတ်သတ်၊ အခါးနှင့်သတ်သတ်၊ သဲလွန်စကိုရပေမင့်ကပဲ။ သင်းကလေးကိုမတွေ့လျှင် လောကကြီးမှာ မနေတော့ပြီသူ့အတွက် ဘာပဲဖြစ်ဖြစ် တစ်ချက်တော့စွန့်ဦးမည်ဟူသော မာန်ကိုနှလုံးသွင်း၍ မောင်ဒေါင်းသည် အလစ်ကိုချောင်းနေလေ၏။ တစ်နေ့သော် ချက်ကောင်းတွေ့၏။ တွေ့သည်နှင့်တစ်ပြိုင်နက်ဖခင်၏ကျွန်းသေတ္တာကို ဓားနှင့်ကပ်၍ပတ္တာခွာပြီးသော်အလိုရှိသလောက်ငွေကိုယူ၍ နေရာတကျပြန်ပိတ်ထားလိုက်၏။ နောက်တစ်ညသော်မောင်ဒေါင်း တစ်ယောက် ပျောက်သွားလေတော့သတည်း။

*

# နဖူးစာ

## ဒုတိယပိုင်း

ကျုံမငေးဈေး သံဖြူတန်းတွင်ခေါင်းပြောင်ပြောင် အသားမည်းမည်းနှင့်လူခပ်ပါးပါးတစ်ယောက် နေပူကျဲကျဲတွင် ယောင်လည်လည်နှင့်ရှိနေသည်။ ထိုသူသည် တစ်ခုသော သံဖြူဆိုင်အနီး ခုံတန်းလျားကလေးပေါ်သို့လေးလံသောဝန်ထုပ်ကြီးကိုမနိုင့်တနိုင်ပစ်ချလိုက်ရသည့်ပမာမိမိ၏သေးငယ်သောခန္ဓာကိုယ်ကလေးကိုပစ်ချလိုက်လေသည်ထိုအခါတဒေါက်ဒေါက်နှင့်သံဖြူပြားတစ်ခုကိုခတ်နေသောသံဖြူဆရာကအမှတ်မဲ့မော်၍ကြည့်လိုက်သည်။ သို့သော် အားမရသဖြင့် ဒန်းကိုင်းမျက်မှန်ကို နဖူးပေါ်သို့မ,တင်ပြီးလျှင်တစ်ဖန်ကြည့်ပြန်သည်။ အကြည့်ခံရသူပုံပန်းကား နွမ်းရိစိတ်အိုက်သော ပုံပန်းတည်း။သံဖြူဆရာ့စိတ်ထဲ၌ ဧကန္တတစ်ခုခုပဲဟုထင်လိုက်၏။ခေတ္တမျှတစေ့တစောင်းအရိပ်အဆင်ကြည့်ပြီးလျှင် နှုတ်ယားလာသည်နှင့် "မောင်ကဘယ်ကတုံး၊ မောင့်ကိုအရင်က မမြင်ဖူး ပါကလား၊ဘာကိစ္စနဲ့ဘယ်ကိုသွားမလို့လဲ"ဟုအဖြေမစောင့်ဘဲ မေးခွန်းတို့ကိုလောကာဆင့်ကာမေးလိုက်၏။အမေးခံရသူကား 'သည်လူကြီးဟာဘာကြောင့်သည်လောက်တောင်မေးရပါလိမ့်'ဟူသောမျက်နှာထားဖြင့်တစ်အောင့်လောက်တွေဝေနေဘိ၏။ပြီးမှ သံဖြူဆရာ၏မျက်နှာတွင် အားကိုးခင်မင်လောက်သော အရိပ်နိမိတ်တို့ ကိုမြင်မိလေရာ- 'ငါ့အကြောင်းတွေအကုန်ပြောလိုက်ရကောင်း မ လား'ဟုစဉ်းစားလိုက်ပြန်၏။စဉ်းစား၍မဆုံးခင်"နတ်ထိပ်ကမ ချောကိုတွေ့ချင်လို့လာခဲ့တာပဲခင်ဗျာ။ကျွန်တော့်မှာသည်ကို တစ်ခါ မှလဲမရောက်ဖူး

ဘူး။အသိအကျွမ်းလဲမရှိလို့ဘယ်ကိုသွားလို့ ဘယ်မှာ ရှာရမှန်းလဲ မသိပါဘူးခင်ဗျာ”ဟုလေးလေးဆေးဆေးပြော၏။ သံဖြူဆရာကြီး ကလူပါးပေပဲ။ ‘မချောတွေ့ချင်လို့ဆိုလျှင်ဖြင့် ဧကန္တရှာပုံတော်စခန်း သွားနေတဲ့သူနဲ့တူလေရဲ့ဟုတွေးမိ၍ကိုယ်ချင်းစာမိ၏။ သနားမိ ၏။“မောင်ရယ်ဘကြီးကိုတွေ့ရတာ နတ်မတာပဲအောက်မေ့ပေ တော့သိလား။သူများတကာနဲ့ဆိုရင် မောင့်ကို မဟားတရားလုပ်မှာ ပဲ။ ကျုံမငေးကအရှုပ်သား။ ဟော-နတ်ထိပ်ဆိုတာ ဟောသည်က နေပြီးဟောသည်လိုသွားရတယ်ကွဲ့။ မချောတော့ ငါမသိဘူး။ ဟိုကျမှမေးစမ်းကြည့်ပေတော့” ဟု ဒန်ရည်သုတ် မျက်မှန်ကြီးကို ဝင့်ကာဝင့်ကာ လမ်းညွှန်လိုက်လေ၏။

ယခုအခါ မောင်ဒေါင်းသည် သတ္တဘာဂသံဖြူဆရာ၏ နတ် လမ်းညွှန်ချက်ဖြင့်နတ်ထိပ်တွင်ယောင်ပေပေဖြစ်၍နေသည်ကိုတွေ့ နိုင်ပါသည်ပျဉ်ထောင်ပျဉ်ခင်းနှင့်အိမ်တစ်အိမ်၏ရှေ့တွင်ဆုတ်ဆိုင်း ဆုတ်ဆိုင်းနှင့်နေပါသည်။ ၎င်းနောက်တစ်အောင့်မျှတွေနေပြီးလျှင် ၎င်းအိမ်သို့စိုက်စိုက်နှင့်ဝင်သွားသည်ကိုလည်းတွေ့နိုင်ပါသေးသည်။ ရောက်ပြီးသည်နှင့်တစ်ပြိုင်နက် “ဘာကိစ္စပါ လဲရှင်”ဟုဆီးမေးလိုက် သောမိန်းမသံတစ်ခု ထွက်ပေါ်လာပြီး နောက်“မချောဆိုတာကျွန်မ ပါပဲ” ဟူသောထိုမိန်းမသံကပင် ထက် ဆင့်လိုက်သည်ကိုကြားရပါ သည်။အသံရှင်မှာဝဝတုတ်တုတ်၊ မျက် နှာပြည့်ပြည့်၊ အသက် လေးဆယ်နီးပါးခန့်။လိုအပ်သောအသံရှင်ကားပိန်ပိန်ပါးပါး၊အသား လတ်လတ်၊ မျက်နှာသွယ်သွယ်။ လွဲချေပြီ။ထို့နောက်တစ်ဖန်“မချော တော့မချောပဲနို့ပေမဲ့ ကျွန်တော်တွေ့လိုတဲ့ မချောမဟုတ်သေးဘူး ခင်ဗျာ့”ဟုမောင်ဒေါင်း၏ တုံးတိတိအသံကို ကြားရပြန်လေသည်။ ထိုအခါဝဝတုတ်တုတ်မချောက ခစ်ခစ်မြည် အောင်ရယ်လိုက်ပြီးမှ- “ဩော် . . ကိုရွှေဖိုးရဲ့ သူတွေ့ချင်တဲ့မချောက ဟိုဘက်အိမ်ကမချော

ထင်ပါရဲ့”ဟု လင့်ဘက်သို့စောင်းငဲ့ကာ ပြောပြီးလျှင်“သူတို့ကျိုက် လတ်ပြောင်းသွားပြီ”ဟု မောင်ဒေါင်း ဘက်သို့လှည့်၍နတ်လမ်းညွှန် ပြန်သတည်း။

ဤသို့ကြားလိုက်သည်နှင့်တစ်ပြိုင်နက် မောင်ဒေါင်းသည် ကျိုက် လတ်သို့ ကုလားသမ္ဘန်ဖြင့် နေ့ချင်းပင် (ဇင်းပြန်ပြောသလို ပြောရမယ် ဆိုလျှင်) ဆောင့်လေသတည်း။

ကျိုက်လတ်သို့ မအေမွေးကတည်းက တစ်ခါမျှမရောက်ဖူး။ ‘နေဧ’ များပေါကြောင်းကိုကား မအေမိဖများ ခဏခဏပြောသံ ကြားဖူးသည်။ကျိုက်လတ်တွင ်အသိမိတ်ဆွေလည်းမရှိ။ဆွေမျိုး ဉာတိဆိုသည်မှာနတ္ထိ။ဟယ်. . . သို့သော်လည်းနတ်တို့ဖန် ရေကန် အသင့်ကြာအသင့်ပေါ့။ဝေးလံလှတဲ့ကိုယ့်မြို့ကိုယ့်ရွာက သည်ကို တောင်ဘယ်သူ့အကူအညီမျှမရဘဲရောက်ရသေးတာ။ ဘာကြောက် စရာတုံး။ဈေးနားလျှောက်လျှင်ဖြင ့်အသိတစ်ယောက်ကောင်းနှစ် ယောက်ကောင်းတော့တွေ့လေဦးမပေါ့။ ကဲ. . . လျှောက်ပါပြီတဲ့။ အသိ ရှာလေမတွေ့လေ။ မတွေ့လေရှာလေ။ ရှာလေမတွေ့လေ။ ယော. . . သည်တစ်ခါခက်တော့တာပဲ။ဝမ်းကလည်းဟာလာပြီ။ ထမင်းပါ စားသောက်ပြီးမှ မြို့ထဲကိုတစ်ပတ်ကျော့ပြီး ရှာလိုက်ရဦးမည်။ ဟိုရှေ့က ထမင်းဆိုင်ဖြင့် လူခပ်စည်စည်ပဲ၊ ဝင်လိုက်ဦးမှ။

ဤသို့တွေးတောရင်း ထမင်းဆိုင်ဖက်သို့ ခြေဦးအလှည့်တွင် လူတစ်ယောက်နှင ့်ပခုံးချင်းယှဉ်၍တိုက်မိရာ အောင့်သက်သက် ကလေးဖြစ်သွားသဖြင့်လှည့်၍အကြည့်“ဟဲ့သည်ကောင်ကလေး နင်ဘာကိစ္စနဲ့ဒီကိုရောက်လာသလဲဟင်. . . ”ဟုအံ့သြ၍မဆုံးသော မျက်နှာထားဖြင့်မေးလိုက်သောမောင်ဖိုးဝကိုပက်ပင်းပါတွေ့လေရာ “အောင်မယ်လေးကိုဖိုးဝရယ်၊ ခင်ဗျားကိုတွေ့ရတာ နတ်မသလို ပါပဲ”ဟုပြောပြောဆိုဆိုနှင့်ခါးကိုအတင်းဖက်၍မောင်ဖိုးဝနှင့် ထမင်းဆိုင်တွင်းသို့ ဝင်သွားလေ၏။

မျှော်လင့်ချက်များကုန်လုကုန်လုတွင်ဤသို့ အသစ်အသစ်သောမျှော်လင့်ချက်များ အသက်ဆက်၍ဆက်၍ ပေးသူကား အသူ နည်း။ကိုဒေါင်း၏အလိုမှာမူနတ်မသည်ဟုဆို၏။သို့သော် ၎င်း ၏စကား ယုတ္တိမတန်ကြောင်းကို ဤအကြောင်းအရာများနိဂုံးချုပ် လျှင် သိသာနိုင်သည်။ထို့ကြောင့်မည်သူ့ပယောဂနည်းဟူသော ပြဿနာကိုပရမတ်ဆရာတို့လက်တွင်စုံစမ်းရှာဖွေစေ့ငစေရန်ထားလိုက်ကြဦးစို့။မည်သူမည်သို့ဆိုဆို မောင်ဒေါင်းမှာလက်ငင်း နတ်မခြင်းကို ခံရပြီဖြစ်ရကား ဝမ်းသာ၍မဆုံးပြီဦးစွာပထမအဆွေတော်မောင်ဖိုးဝနှင့် ပဋိသန္ဓာရစကား အာလာပသလ္လာပစကားတို့ကို အာသွက်လျှာသွက် မြွက်ကြားပြောဆိုပြီးလျှင် နှစ်ဦးသားဟာ၍နေသောဝမ်းကို ဖြည့်တင်းကြလေ၏။ ဖြည့်၍ပြီးသော်မိမိ၏လိုအပ်သောဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံစိမ့်ငှာရည်မှန်း၍ မောင်ဖိုးဝတည်းဟူသော ဘိုးဘိုးကြီးအား ပန်းဆီမီးတည်းဟူသော အရက်သေစာတို့ဖြင့် သဒ္ဓါကြည်ဖြူကပ်လှူပူဇော်လေ၏။ထိုပြုဖွယ်ကိစ္စအဝဝတို့ဆုံးခန်းတိုင်ရောက်လေသော်ဇာတ်ရင်းကိုလှန်၏ကိစ္စကိုပန်ကြား၏။မချောအားသိမသိမေး၏အဘယ်မှာရှိသည်ကိုညွှန်ပြရန်တောင်းပန်၏။ဆောင်ကြဉ်းပေးတော်မူပါရန် ခယ၏။ အကြံအောင်ပါစေဟုဆုမွန်တောင်း၏။

ဖိုးဝ၏အဖြေများကား အားတက်ဖွယ်ချည်းပင်။တစ်မြို့လုံးသူမသိသည်မရှိ။ဘယ်နေရာမှာအပ်ကျသလဲ၊ငါရှာပေးမည်ဟူသောလူစားဖြစ်ရကား-“အချိန်တန်တော့နွားပိန်ကန်အောင်လုပ်ပေးမယ်ကွာ”ဟုအားပေး၏။မောင်ဒေါင်းကားသဘောတော် အထူးတွေ့လေသောကြောင့် ဉာဏ်ပူဇော်ခအသပြာငွေ မိတ်ထုံးဒင်္ဂါးပြားရေသုံးပြားတိတိကို လျင်စွာထုတ်ပေးလေသတည်း။ပြီးလျှင် ဤသို့တိုင်ပင်၏။ ‘ငါတို့သည်ကောင်မကလေးအိမ်နားသို့ချဉ်းကပ်ကြ

ကုန်အံ့ကောင်မကလေးနှင့်တစေ့တစောင်းတွေ့လျှင်ကောင်မကလေး
သည် ရောက်ကြောင်းသိလတ္တံ့။ ထိုသို့သိရလျှင် ငါတို့သည်နောက်
ထပ်ဉာဏ် တစ်မျိုး ထုတ်ကြကုန်အံ့’ ဟုသတည်း။ မောင်ဖိုးဝက
ခေါင်းညိတ်၏။

ညနေရောက်သော်မချောတို့အိမ်အနီး ကာကာလက်ဖက်ရည်
ဆိုင်တွင် မောင်ဒေါင်းနှင့်မောင်ဖိုးဝတို့နှစ်ယောက် လက်ဖက်ရည်
လာသောက်ကြသည်။ လက်ဖက်ရည်ကုန်၍ ပိုက်ဆံပေးပြီးသော်
လည်း မချောတို့အိမ်ဆီမှ လူစလူနမျှမမြင်။ အကြမ်းအိုးမှာပြီးလျှင်
ဗိုက်နှင့်မတန်အောင် သောက်ကြရပြန်သည်အကြမ်းအိုးသုံးအိုးကုန်
သည်။မချောတို့အိမ်ဆီမှ လှုပ်ပင်မလှုပ်။ ဖြုံပင်မဖြုံ။ မောင်ဒေါင်း
သည်စိတ်ပျက်ပျက်နှင့်နောက်ထပ်ရေနွေးထည့်ရန်လက်ဖက်ရည်
ကရားဖုံးကို ဒေါနှင့်ဆောင့်၍ အချက်ပေးလိုက်၏။ ကာကာကုလား
လာလျှင် လက်ဖက်ရည်အိုးကိုလှမ်းပေးရင်း မချောတို့အိမ်ဖက်သို့
လှည့်၍ကြည့်လိုက်ပြန်၏။ ခြံစည်းရိုးအတွင်းမှာလူတစ်ယောက်ပန်းခူး
နေသလိုလို ရိပ်ခနဲမြင်လိုက်၏။ အသူနည်းဟုကြည့်၏။ မချောပဲဟု
သိ၏။ စူးရှသောမျက်လုံးတို့သည်မချော၏မျက်နှာပေါ်တွင်ကျက်စား
၍နေဘိ၏။ထိုမျက်လုံးတို့သည် တန်ခိုးကြီးမားသော မျက်လုံးများ
မဟုတ်။ညို့ဓာတ်ဟူ၍လည်းတစ်ရွေးမျှမရှိ။ အချစ်တည်းဟူသော
ဟင်းလျာကိုဆာလောင် မွတ်သိပ်လျက်ရှိသော မျက်လုံးများမျှသာ။
သို့သော် ထိုမျက်လုံးများ၌မည်သည့်ဓာတုဗေဒ ပါရဂူတို့မျှ ဓာတ်
ခန်းရုံးတွင် ဖန်ပြွန်ငယ်ဖြင့်ဓာတ်ခွဲကြည့်၍မရကောင်းသောသံလိုက်
ဓာတ်တစ်မျိုးရှိ၏။ထိုသံလိုက်ဓာတ်သည် မချောရှိရာသို့ ပျံ့နှံ့ကုန်
လျက်မချော၏သူငယ်အိမ်ကိုမိမိရှိရာသို့အပါ ဆွဲငင်လေရာ မချော
သည် ဖျတ်ခနဲလှည့်ကြည့်မိ၏။ မောင်ဒေါင်း၏ မျက်လုံးတို့နှင့်
ဆုံမိ၏။ နှစ်ဦးသား ဝမ်းသာလုံးဓာတ် ပွင့်သွားပြီးလျှင် ကြက်သေ
သေနေကြသည်မှာ တစ်အောင့်လောက်ကြာသည်။

ကွမ်းတစ်ယာညက်ခန့်ကြာသော်မချောသည်ဈေးခြင်းကလေး ကိုကိုင်လျက် လက်ဖက်ရည်ဆိုင်ရှေ့သို့ ပေါက်လာလေ၏။ မောင် ဒေါင်းသို့မျက်ရိပ်ပြလိုက်၏။မောင်ဒေါင်းအနီးသို့ချဉ်း၏။နှစ်ဦးသား တိုးတိုးတိုးတိုးနှင့် တိုင်ပင်ကြ၏။ ပြီးသော် လူချင်းခွဲကြလေသည်။ ညရှစ်နာရီခန့်တွင် မချောတို့အိမ်သို့ ကျုံမငေးမှဆို၍လူ တစ် ယောက်ရောက်လာသည်။မချောနှင့်အသိဟုဆိုသည်။ထို ဧည့်သည် ကို မချောသည် ထုံးစံအတိုင်းနှုတ်ဆက်၊ ထုံးစံအတိုင်းမေး ၏။ဧည့် သည်က နံနက်၆နာရီတွင်သင်္ဘောစီးရန်ဖြစ်သောကြောင့် အခြားအ သိမိတ်ဆွေဟူ၍မရှိသဖြင့်တစ်ညတာမျှတည်းခိုရပါမည့် အကြောင်း၊ကျုံမငေးမှအလာတွင်မည်သူမည်ဝါနှင့်တွေ့၍မချောတို့ အိမ်သို့ရောက်လျှင် မာကြောင်းချာကြောင်းပြောလိုက်ပါဟု စကား လက်ဆောင်ပါးလိုက်ကြောင်း၊ဈေးအတွင်းကမမည်သူတို့ကျန်းကျန်း မာမာရှိကြောင်း၊ မချောတို့ကျုံမငေးကို ဘယ်တော့ပြန်မလဲဟု မေး လိုက်ကြောင်း စသည်တို့ဖြင့်နှုတ်ဆက်၍ တစ်ညတာမျှတည်းခိုရန် အခွင့်အရေးကိုမချော၏အမေကဝင်ရောက်စွတ်ဖက်ကန့်ကွက်ခြင်း စိုးစဉ်းမျှမရှိဘဲ အလွယ်တကူ ခံယူသိမ်းပိုက်ရလေသည်။

မချောတို့အိမ်ရှေ့တည့်တည့်တွင် ခုနှစ်စဉ်ကြယ်သည် ကင်းမြီး ကောက်ထောင်၍ ပြနေသည်။ မချောတို့အိမ်ပေါ်တွင် ညဦးယံက ရောက်လာသောဧည့်သည်နှင့်မချောတို့မှာအိမ်ရှေ့ခန်းတွင်ခင်းထား သောဧည့်သည်၏အိပ်ရာနှင့်မလှမ်းမကမ်း၌ ခုနစ်စဉ်ကြယ်အမြီး ထောင်သည်ကိုကြည့်ရင်း လေသံမျှဖြင့်စကားပြောဆိုနေကြလေ သည်။ အနှစ် ၇၀၀ လွန်မှပြန်တွေ့ရသောကိန္နရီမောင်နှံတို့၏ထုံးကို နှလုံးပိုက်၍နေကြဟန်တူသည်။ အချစ်ဖြင့်ပြည့်လျှမ်းသော မျက်နှာပန်း နှစ်ခုမှာ ထင်လင်းသောနေရောင်ခြည်ဖြင့် ပွင့်ပွင့်လင်း လင်းမပွင့်ရ သောကြောင့်အေးမြကြည်လင်သောကြယ်ရောင်လရောင်တို့ဖြင့်သာ

တင်းတိမ်ရပြီးလျှင် အံ့ပုံးပွင့်ပွင့်ကြရဟန်တူပါသည်။ ထင်ထင်ရှားရှား အတည့်အလင်းမပွင့်ရသဖြင့် ပွင့်အားမရှိဟု ဆိုရငြားသော်လည်း အေးမြသောခတ်ကြောင့် သန်းခေါင်သို့ကျော် လေလေ အချစ်ပန်းလန်းလေလေဖြစ်ရပါသည်။သို့နှင့်ပင်လျှင်တိုင်ကပ်နာရီမှ တစ်နာရီ တိတိ တီးသံကြားလိုက်ရပါသည်။

လောကဓမ္မတာ တွေ့ကြုံလျှင်ဆုံကွဲရဦးမည်။အချစ်ရွက်ကို ဖွင့် ၍ ပဲ့ဖြင့် မမတ်သော အချစ်လှေကိုလွှင့်ကာ အချစ်ပင်လယ် ကြောဝယ်ပေါ်လောမျောနေကြသောအချစ်မောင်နှံတို့မှာသင်္ချိုင်းရန္တယ် အပါအဝင်ဖြစ်ရကား ထိုလောကဓံကြီးနှင့်လွတ်ကင်းနိုင်မည်မဟုတ် ပါ။စောစောက လက်ဖက်ရည်ဆိုင်မှ လူချင်းခွဲကြပြီးနောက် မောင် ဒေါင်းသည် မောင်ဖိုးဝအား နှုတ်ပိတ်ခ အရက်ဖိုးထပ်လောင်းပေး လိုက်ပါသေးသည်။ မိမိတို့ရွာသားတစ်ဦး တစ်ရွာတစ်ကျေးသို့ ကျူးကျူး ကျော်ကျော်မိန်းမခိုးလာခြင်းအပေါ်၌အသားယူလိုသောမောင်ဖိုးဝမှာ နေမဝင်ခင်လျှင် လူစုံသောလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက် ဖက်ရည်သောက်ရင်း လျှို့ဝှက်အပ်သော စကားမှန်သမျှကို သိန်း၊ ဒေဝိန်း၊ကာမိန်း၊ပကုတ် ဟုဆိုအပ်သောရှေးပညာရှိကြီးတို့ကျင့်စဉ် သမားရိုးကျအတိုင်းတစ်ဆင့်ပွဲစားမထား၊အကြွေးမဆိုင်းဘဲ ဖောက် သည်ချလိုက်မိသည်။ ထိုဖောက်သည်ချသမျှကိုလည်း မချော၏မောင် များကယှဉ်ပြိုင်စျေးပိုပေးခြင်းအမှုမှမပြုလိုက်ရဘဲလက်မွန် မဆွ အစပကတူးရှေးဦးပထမလျှင်လက်ကားဝယ်ယူလိုက်လေသည်။

ဤသို့နှင့်နှင်ဖြစ်ရလေကား'ဒင်'ဟူသော နာရီတစ်ချက်တီး လိုက်သည်နှင့်တစ်ပြိုင်နက်'ဒိုင်း'ဟူသောခဲသံသည်အိမ်ရှေ့မှ တံ့ပြန် လိုက်ပါသည်။အင်္ဂလိပ်မင်းလက်ထက်မှာမှမဖွယ်မရာပဟိုရ်ိ စည် တစ်ချက်တည်းသည်မဟုတ်ပါ။ မချော၏မောင်များ နှမမင်္ဂလာ ဆောင်တွင် သဘောမတူ ကန့်ကွက်လိုက်သော ခဲသံဖြစ်ပါသည်။

ထို'ဒိုင်း'၏နောက်မှ ဆဲရေးသံတို့ဆူညံစွာ ထက်ကြပ်မကွာလိုက်ပါလာသေးသည်။ "ညနေက ဟိုဧည့်သည်ခွေးမသားကိုခုထုတ်ပေး" ဟု ကျယ်လောင်စူးရှသောအရက်မူးသံများလည်းကြားရသည်။ သို့ကြား သည်နှင့်တစ်မုဟုတ် ချင်းမချောမှာ မိမိပိုင်ဆိုင်ရာဈေးဆိုင် စောင်း တွင်လှဲလျောင်းပြီးလျက်သားရှိ၏။ သို့သော်မချော၏အစ်မမှာ အိပ်မှုန်စုံမွှားကမူးရှူးထိုးဖြင့်ကျွတ်လျက်ရှိသောထဘီကိုထောင့်တန်းဆွဲ လျက်အိမ်ရှေ့သို့ထွက်လာပြီးလျှင် ဧည့်သည်၏ဇာတိပဝတ္တိ၊ ဧည့်သည်၏ အခြေအနေ၊ ဧည့်သည်၏ အရိပ်နိမိတ် အလုံးစုံတို့ကို လျှင်မြန်သောပဋိဘာန်ဖြင့်ပိုင်းခြားဝေဖန်လိုက်ပြီးသော်မိမိ၏စိတ်၌ ထင်မြင်လိုက်သည်ကားမိမိ၏မောင်များက ဆိုးပါဘိသနှင့်။ ယခု ဧည့်သည်ကိုထုတ်ပေးလိုက်လျှင် ရာဇဝတ်မှုနှင့်မကင်းရာ။ သင်းတို့ကို တစ်ပတ်ကျော့လှည့်ပြီးဧည့်သည်ကိုနှင်မှပဲ ဟုသတည်း။ ဤသို့ မိန်းမဉာဏ်တစ်ကိန်းဆင်ပြီးလျှင် မိမိမောင်များရှိရာသို့ "ဟေ့-ဖိုးမြတို့ လားဟေ့၊ မင်းတို့အသိနောက်ကျပါတယ်ကွယ်။ ငါ ညနေကတည်း ကအကြောင်းသိလို့ ဧည့်သည်ကို နှင်လိုက်ပါပြီ။ သူများတကာ အိပ်ချိန် ဆူဆူညံညံနဲ့ မင်းတို့လုပ်ပုံ လူသိရင် ရှက်စရာကြီးပါကွယ်။ ကဲ. . . ပြန်ကြ. . ပြန်ကြ" ဟု အိပ်မှုန် စုံမွှားနှင့် လက်တစ်လုံးကြား ကြက်ဥတစ်လုံးကွာ လှမ်းလိုက်လေရာ မောင်တော်သူတစ်စုတို့မှာ ငါ့နှမဖြင့်စိတ်ချလောက်ပါပြီဟု အကြိမ်ကြိမ်သုံးသပ်ဆင်ခြင်ပြီးလျှင် ဖဲကြဉ်ကြလေသတည်း။

မချော၏အစ်မကားဧည့်သည်ရှိရာသို့လာ၍ "မောင်-ကဲ. . . မင်း ဘယ့်နှယ်လုပ်တာလဲကွယ်။အကြံကရက်စက်ပါပေ့။နို့ပေမဲ့ ငါ့ မောင်တွေကဆိုးပါဘိသနဲ့။တွေ့များသွားရင် မင့်အသက်တော့ ရှိပြီ မအောင့်မေ့နဲ့တော့။ ကဲနံနက်မိုးအလင်းမစောင့်နဲ့ကြက်ဦးတွန် လေးနာရီမှာသင်္ဘောတစ်စင်းရှိတယ်။အဲဒီသင်္ဘောနဲ့သာ လိုက်သွား

ပေရော့” ဟုချော့လည်းချော့ရင်း ခြောက်လည်းခြောက်ရင်းဒူးတုန် လျက်ရှိသော မောင်ဒေါင်းကို အတွင်သာနှင်လေ၏။ မောင်ဒေါင်း ကား- “ကောင်းပါပြီခင်ဗျာ”ဟူ၍ ပြန်ပြောပြီးလျှင်အိပ်ကျွန်ပြုနေရ လေ၏။

မောင်ဒေါင်းမှာ တမင်ပင် အိပ်ကျွန်ပြုနေသည်မဟုတ်။ အကြံ အိုက်သည်ကတစ်မျိုး၊ မောင်ဆိုးတွေကြောက်ရသည်ကတစ်ဖုံ၊ ခိုလှုံ စရာမရှိသည်ကတစ်ဝ၊ချစ်လှသောဇနီးသည်ကိုရယူလိုသည်က လည်း တစ်ဌာန၊ ဝေခွဲ၍လည်းမရ၊ ခွဲဝေ၍လည်းမရ။

‘မိန်းမဖျက်ပြည်ပျက်’ဟူသော စကားပုံသည် အလကား စကား ပုံ၊ သာမညောင်ညစကားပုံ၊ စာရေးဆရာလက်တဲ့စမ်းသော စကား ပုံမျိုး မဟုတ်ပါ။ သွေးထွက်အောင်မှန်သော စကားပုံဖြစ်ပါ သည်။

‘မိန်းမဆောင်အောင်သည်’ဟူသောစကားပုံသည်လည်းအနိ ယတ စကားမဟုတ်ပါ။ အကယ်စင်စစ် ဖြစ်ပျက်ဖူးသောထုံးဟောင်း သာဓက သက်သေတို့ကိုမှီငြမ်းပြု၍ ပေါ်ပေါက်လာသောစကားပုံ ဖြစ်ပါသည်။

ယခုမောင်ဒေါင်းသည်လည်း ဤအခြေအနေသို့ ရောက်သည် မှာ ၎င်းကိုယ်ပိုင်ဉာဏ်စွမ်းကြောင့်မဟုတ်ပါ။မချော၏ဉာဏ်ကို အငှားတပ်ခြင်းသာလျှင်ဖြစ်ပါသည်။ယခုလည်း ပက်ပင်းပါတွေ့နေ ရသည့်ဒုက္ခမှလွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် မချော သာလျှင် အခရာဖြစ်ပါတော့သည်။

မချောသည်အိမ်ရှေ့မှဆူညံသံကြားသည်နှင့်တစ်ပြိုင်နက် မိမိအိပ်ရာတွင် မသိကျိုးကျွန်ပြု၍နေလေသည်။အသံစဲပြီးနောက် အ ခန်းထဲသို့ဝင်၍“ညည်းဉာဏ်ပဲ”ဟုအံကြိတ်ပြောပြီးပေါင်တွင်း ကြောကိုအားရပါးရလိမ်ဆွဲသွားသော အစ်မတော်၏အပြုအမူတို့ကို ခန္တီပါရမီ ဖြည့်စွမ်း၍ ချိုသွေးသပတမြမြနှင့်ရှိနေလေ၏။ လေးနာရီ

သဘော်ာထွက်လျှင် သုံးနာရီလောက်မှာ ၎င်း၏အစ်မတော်နိုးမည် ကေန်။သန်းခေါင်းကျော်အချိန်ဟူသည်အိပ်ကောင်းသောအချိန်ဖြစ် လေရကား မည်မျှပင်သတိထား၍အိပ်အိပ်၊ သင်းတို့သုံးနာရီထက် စောစောနိုးနိုင်။ သင်းတို့မနိုးခင် ပြေးမှကောင်းမည်ဟုစိတ်တွင်ချ၍ တစ်ရေးမျှမအိပ်ဘဲမိမိ အစ်မ တော်အိပ်မောကျ၍ ဟောက်သံကို နာခံလေ၏။ 'ချက်ချက်'မြည်သောနာရီ၏အသံသည်သူသာန်တစပြင် ကဲ့သို့သော တိတ်ဆိတ်ခြင်းကို ပြက်ရယ်ပြုဘိသကဲ့သို့ရှိ၏။ မချောမူ ကားထို 'ချက်ချက်'သံကို တစ်၊ နှစ်၊ သုံးဟုစိတ်ထဲ၌ရေမှတ်ကာ မိမိ၏အစ်မဟောက်သံ ကိုနားစွင့်၏။ ဤသို့ နာရီကိုရေတွက်၍လာခဲ့ ရာတစ်ရာ၊နှစ်ရာ၊ သုံးရာ စသည်သို့ရောက်သော် အစ်မကြီးမှာ မဟောက်သေး။စိတ်မချ၍တစ် ညလုံးများစောင့်နေရော့သလား။ စောင့်နေလျှင်တစ်သက်လွဲတော့ မှာပဲ။'ဘုရားသိကြားမလို့အိပ်ပျော် ပါစေတော်' ဟု ဆုမွန်တောင်းမိလေ၏။ ရေရင်း ရေရင်း ငါးရာ၊ ခြောက်ရာသို့ ရောက်လာ၏ ထိုအတွင်းရှူးရှူးမြည်သံကြားရ၍ အားတက်လာ၏။သို့အားတက်မိသော်လည်းအစ်မကြီးဟောက်သံပဲ ဟုစိတ်ချလက်ချအတပ်စွဲရမည့်ဘဝသို့ရောက်အောင်စောင့်ရသည်မှာ ကမ္ဘာဆုံးအောင် စောင့်ရသကဲ့သို့ စိတ်တွင်ထင်မှတ်ရ၏။ နာရီသံကို လည်းမမှတ်နိုင်တော့ပြီနောက်ဆုံး၌အာပေါင်အာရင်းအသံမြိုင်မြိုင် နှင့် ဟောက် သည်ကိုကြားရသည်နှင့်တစ်ပြိုင်နက် မချောသည် အိပ်ရာထဲမှထ၍လုံချည်တစ်ထည်စနှစ်ထည်စနှင့်လက်ဝတ်လက်စား တို့ကိုကျစ်ကျစ်ပါအောင်ထုပ်ပြီးလျှင်ကြမ်းပြင်ပေါ်သို့ခြေမကျ လောက် အောင်ပင်ဖြည်းညင်းစွာနင်း၍နင်း၍မောင်ဒေါင်းရှိရာသို့ လာခဲ့လေ၏။

မောင်ဒေါင်းကားမှိန်းလျက် အိပ်ပျော်သလိုလို မပျော်သလိုလို၊ ဖြစ်ပျက်ခဲ့သောအခြင်းအရာတို့သည်အကယ်ပင်ဟုတ်သလိုလို၊ အိပ်

မက်ပင်ဖြစ်သလိုလို။သို့သော်အိပ်မက်မဟုတ်၊တကယ့်အဖြစ်အပျက် မှန်းသိရလျှင်စိတ်ပျက်မိ၏။အိပ်မက်ပဲဖြစ်ပါစေဟုဆုတောင်း မိ၏။ ထိုအတွင်းပခုံးကို တစ်စုံတစ်ခထိလိုက်သည်နှင့် ငေါက်ခနဲထထိုင် လိုက်၏။ဦးခေါင်းပုတ်လောက်ကြီးသွားသည်ထင်မိ၏။ မျက်ချေး ကပ်သောမျက်စိတို့ကိုပွတ်၍ကြည့်လိုက်သော်မှ မချော၏ခန္ဓာကိုယ် ကလေးကို အကွင်းသားမြင်ရလေရာ အားတက်သွားလေ၏။မချော ကနားနားကပ်၍တစ်စုံတစ်ခုပြောလိုက်၏။ မောင်ဒေါင်းသည် သွက်လက်စွာ ထတည့်၍အိပ်ရာကိုလိပ်၏။

ရေနံဆီမီးခွက်၏မှုန်မွှားမွှားနီရောင်တွင်မောင်ဒေါင်းကအိပ်ရာ လိပ်တစ်လိပ်မချောကအထုပ်တစ်ခုကိုယ်စီပိုက်လျက် မည်းမည်း မည်းမည်းနှင့်အိမ်ရှေ့သို့ဖြည်းညင်းစွာရှေ့ဆင့်နောက်ဆင့်ထွက်လာ ကြသည်။တံခါးဝသို့ရောက်လျှင် မချောကစမ်း၍ တံခါးရွက်မင်းတုံး ကိုချွတ်၏။ အသံမမည်။ မင်းတုံးကိုတိုင်ဖုံးတွင် အသာထောင်၏။ ဘာသံမျှမကြားရ။တံခါးရွက်တစ်ရွက်ကိုသွားသာရုံ ဖွင့် ၏။ ကျွီခနဲ မည်သွား၏။ နှစ်ဦးစလုံး ခေါင်းနပန်းကြီးသွား၏။ မိုးကြိုးပစ်လိုက် သကဲ့သို့ ထင်မှတ်လိုက်ကြ၏။ နောက်သို့လှည့်ပြီးလျှင် နှစ်ဦးသား အရိပ်အဆင်ကိုရှု၏။ ရေနံဆီမီးခွက်ကလေးမှာ မှိတ်တုတ်မှိတ်တုတ် နှင့်။ အစ်မကြီး၏အခန်းဝမှ အခန်းဆီးကလေးမှာ ငြိမ်သက်လျက်။ အိမ်ရှိပစ္စည်းအားလုံးတို့မှာအသေရုပ်ပမာ မတုန် မလှုပ်ရှိကြသည်။ ထိုမတုန်မလှုပ်ဆိတ်ငြိမ် ခြင်းတို့သည်ပင်လျှင် မိမိတို့နှစ်ဦးအားဖွဲ ခြောက်နေသည်ဟု ထင်မှတ်မိ၏။

လွတ်ပလား၊ ကျွတ်ပလား။ လွတ်ပြီ၊ ကျွတ်ပြီ။ ယခုမှ ဝန်ထုပ် ကြီးကျပေတော့သည်။ရှေ့သို့တစ်လှမ်းမျှလှမ်းလိုက်လျှင်ပင် ဟုမ္မရူး၊ အင်ဒီပင့်ဒင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးစသည်တို့ ထက်အဆ ပေါင်း အသိန်းအသန်းမကသာသော လွတ်လပ်ရေးခန်းသို့ရောက်ရ

တော့မည်။ ယခုမှပဲ ငါတို့နှစ်ဦး ပေါင်းရပေတော့မည်။ ဤသို့ ခဲခဲယဉ်းယဉ်းခိုးရသောမိန်းမကိုရွာရောက်မှချစ်ချင်သလိုချစ်ပြလိုက်ဦးမည်။ ပျော်ရွှင်ချင်သလို ပျော်ရွှင်ရတော့မည်။ မွေ့လျော်ချင်သလို မွေ့လျော်ရတော့မည်။အဓိပတိ လွတ်လပ်ရေးကြီးပင်တကား။ ဤသို့ ခပ်ဆင်ဆင်တွေးမိသောမောင်ဒေါင်းမှာနှောင်အိမ်ထဲမှ လွတ်လပ်ရေးစခန်းသို့တစ်လှမ်းတည်းနှင့်သိဒ္ဓိပေါက်စိမ့်ဌာမချော၏နူးညံ့သောလက်ကလေးကို ကပျာကသီဆွဲ၍ ခါးပန်းကိုလွှားလိုက် သည်တွင် ငလျင်တော်ဟည်းသည့်ပမာရိုက်ကြည်းထစ်ချုန်း၍မင်းတုန်းလဲကျသံကိုကြားလိုက်ရပြီးနောက် မချော၏နူးညံ့မွတ်ပျောင်း ဖောင်းအိသောပါးနှစ်ပြင်ကို ကြမ်းတမ်းသောလက်ဝါးစောင်း နှင့်အတူ အာပုပ်ရည်မစင်သေးသော ပါးစပ်မှ ရုန့်ရင်းစွာ ရေရွတ်လိုက်သော မချော၏အစ်မကြီးအသံတို့ကိုဆူညံစွာကြားလိုက်ရသည်၏အခြားမဲ့၌ မောင်ဒေါင်းသည်သန်မြန်စွာသောခြေနှစ်ချောင်းကိုအားကုန်နှင်ကာ သဘော်ာဆိပ်သို့ တရကြမ်းစိုင်းလေသတည်း။

ရှဲခနဲမြည်၍ဝင်းခနဲဖြာလိုက်ပြီးလျှင်ကိုဒေါင်း၏ပါးစောင်တွင်ခဲထားသောက္ကစ္ဆိတံမြမြဆေးလိပ်သည်မီးစွဲသွားပြီးသည့်နောက်လေအဟုန်ဖြင့် မီးတောက်နေသည့်အတွင်း ကိုဒေါင်း၏မျက်နှာကိုထင်လင်းစွာမြင်လိုက်ရပါသည်။ ကိုဒေါင်း၏မျက်လုံးများမှာ မီးရောင်တွင် အထူးသဖြင့်တောက်ပနေသည်ကို သတိထားလိုက်မိပါသည်။ ထိုတောက်ပလျက်ရှိသောမျက်လုံးတို့ကိုထောက်ခြင်းအားဖြင့်ဧင်းမှာဧင်းငယ်စဉ်က အဖြစ်အပျက်တို့ကို စားမြုံ့ပြန်ရာ၌ အထူးသဖြင့် စိတ်အားထက်သန်မိရှာသည်။လူရည်မဝင်ခင်ခွကျကျဖြစ်ရပုံများကိုပြန်လည်ပြော

ပြရာ၌ ၎င်း၏ အချိုးမကျပုံတို့ကိုတွေးမိ၍ရယ်ချင်မိရှာပေမည်ဟူ၍ တွေးတောလျက်ရှိစဉ် ကိုဒေါင်းသည် အသာငုံ့၍ ပုဆိုးစကိုလက်ဖြင့် မကာ မျက်လုံးများကို ပွတ်လိုက်သည်ကိုမြင်ပါသည်။ထို့နောက် ၎င်းသည် လောင်နေသော ဆေးလိပ်မီးကိုမှုတ်လေသည်။

ဤသည်တွင်မှကျွန်ုပ်မှာ ရယ်အားထက် ငိုအားသန်မိပြီးလျှင် ရွှေးမြစ်ဤမှာဘက်ကမ်း၌နေမင်းလမင်းတို့ကိုရင်ဝယ်ပိုက်လိုသဖြင့် မျှော်လင့်တမ်းတနေဘိသကဲ့သို့စကြဝဠာတဆုံးကိုမျှော်ငေး၍နေသော မောင်ဒေါင်းကို လည်းကောင်း၊ ရွှေးမြစ် ဟိုမှာဘက်ကမ်းတွင် မထင် မရှားသောမိန်းမသဏ္ဍာန်တစ်ခုသည်မောင်ဒေါင်းရှိရာသို့လက်လှမ်း လင့်၍မျှော်စောင့်နေသည် ကို လည်းကောင်း အကယ်ပင် မြင်လိုက် ယောင်ယောင် ရှိပါသည်။ သို့သော် ကျွန်ုပ်အထင်အရှား မြင်လျက်ရှိ သည်ကားတသွင်သွင်စီးလျက်ရှိသောရွှေးမြစ်၏ရေအလျဉ်ပင်ဖြစ်ပါ တော့သတည်း။

# မကျော့ပ်ချောင်

လ မပြည့်တပြည့်မို့ စိတ်ရှိတိုင်း မဝိုင်းနိုင်သေးသော ငွေလမင်း၏ ငွေရည်ဖြင့် ဖြန်းပက်ခြင်းကိုခံယူ၍ ကွင်းတန်းတလျှောက် လမ်းမကြီးမှာ စိတ်ကြည်နူးဖွယ်ရာ ဖြူဖြူဖွေးလျက်ရှိ၏။ ကျွန်တော်နှင့်ကိုဒေါင်းတို့မှာကျက်သရေအပေါင်းတို့၏စုဝေးလဲလျောင်းရာဖြစ်သော 'ဝေရွှန်းစန္ဒာ'ကြီးကိုအားပါးတရကြည့်ရင်း ကွင်းတန်းတစ်လျှောက် ခေါက်တုန့်ခေါက်ပြန် လျှောက်၍နေကြသည်။

ကွင်းတန်းကြီးသည် ယခုအခါ အိမ်များဖြင့် ပြည့်နှက်လျက်ရှိချေပြီ။ ရှေးအခါ၌ကား ဝင်းများ၊ ခြံများ၊ ဥယျာဉ်များသာလျှင် ကွက်ကျားတည်ရှိကြကုန်၏။နေအိမ်တို့မှာ တစ်ခေါ်လောက်ဝေးစွာ ရှိလေရကား ကျယ်ဝန်းပျံ့ပျူးလှသည်ဟု ထင်ရ၏။ သရက်တော၊ မာလကာတော၊ ပိန္နဲတောတို့အရိပ်အာဝါသမှာလည်း မကင်းသေးချေ။လမ်းမတစ်လျှောက်ခြံဘေးများတွင် ပိန်းပင်၊ ဆင်နှာမောင်းပင်၊ ကုလားဆေးခြောက်ပင်တို့ဖြင့်ပြည့်နှက်လျက်ရှိ၏။ လမ်းဆိုသည်မှာလည်းယခု ကာလကဲ့သို့ အုတ်နီခဲကိုထု၍ခင်းသော လမ်းမျိုးမဟုတ်၊ တောင်ဆုပ်မရှိတရှိရှိသောရှေးအုတ်ပြားကြီးများကိုဒေါင်လိုက်ခင်း၍ ထားသောလမ်းဖြစ်လေသည်။ ထိုအုတ်လမ်းမှာ ကျွန်တော်လူမှန်းသိသည့်အရွယ်ကပင်လျှင်အချို့နေရာများ၌နစ်မြုပ်လျက်ရှိနေနှင့်သောကြောင့်ထိုလမ်းသည်အဘယ်မှစ၍အဘယ်မှာဆုံးသည်ကိုပြောပြနိုင်ရန် ခဲခက်လှချေသည်။

လမင်းကိုကြည့်ရင်း ရှေးအခြေအနေကို ထင်တရေးရှိမိသည်။ ရှေးဟောင်းရှေးဖြစ်ဆိုရာ၌အဘယ်အရာမဆိုစမ်းတဝါးဝါးမျှသာဖြစ်

၍ တွေးတောစားမြုံ့ပြန်ရာ၌ တစ်မျိုးပင် အရသာရှိတော့သည်။ ရေးရေးကလေးမြင်ရလေလေ ပြန်လှန်စဉ်းစား၍ကောင်းလေလေ။ အကြောင်းမူကားရှေးအဖြစ်၏ အရိပ်အရောင်တို့ကို မိမိစွမ်းပကား ရှိသမျှစိတ်ကူးနယ်ချဲ့ပြီးလျှင်ရေမြေ့ကိုပင်လျှင်နဂါးအသွင်သို့ရောက် အောင် ဖန်ဆင်းနိုင်သောကြောင့်တည်း။

"မဏ္ဍာပ်ချောင်ဟာ ဒါပဲနော်ကိုဒေါင်း"ဟု ပြောင်တင်းသော ဦးခေါင်းကို လမင်း၏ငွေရောင်ဟပ်အောင်ငိုက်လျက်ခံယူလင့်သော ကိုဒေါင်းကိုလှည့်၍ မေးလိုက်မိ၏။

"မဟုတ်ဘူးကွ။ ဟောဟိုဘက်မှ"ဟု ပြောရင်း ကိုဒေါင်း သည် လက်ဝင့်၍ပြလိုက်၏။

မဏ္ဍာပ်ချောင်မှာ မဏ္ဍာပ်ကြီးတစ်ခုကို အစွဲပြု၍ခေါ်သည်။ ကမ်းနားစပ်မှနေ၍ ကမ်းနားလမ်းမကြီးအထိုးထားသော မဏ္ဍာပ် ကြီးဖြစ်ပေသည်။

ဤမဏ္ဍာပ်၌အလှူအတန်းပွဲလမ်းသဘင် ကျင်းပစမြဲဖြစ်ပေ သည်။အရပ်ယိမ်းကသည်မှာ ဤမဏ္ဍာပ်ထဲ၊ သီတင်းကျွတ်နိဗ္ဗာန်စျေး ခင်းသည်မှာဤမဏ္ဍာပ်မှ၊ဘကြီးဦးဖိုးဖြေတို့ရှင်ပြုရာ ဤမဏ္ဍာပ်တွင်၊ သင်္ကြန်ရွှေရင်အေးကျွေးသည်မှာ ဤမဏ္ဍာပ်၌၊ ယင်းသို့လျှင် ရွာ၏ အကျိုးကိုသယ်ပိုး ရွက်ဆောင်လာခဲ့သော မဏ္ဍာပ်ဖြစ်ချေသည် တမုံ့။

"အဲဒီမဏ္ဍာပ်ချောင်မှာ တို့ငယ်ငယ်က ကျက်စားခဲ့တာပေါ့ကွ"

"ကြက်ခိုးပြီး ချက်စားတာလားဆရာ"ဟု ကျွန်တော်က 'ရ' ကောက်သံကိုဌာန်ကရိုဏ်းကျကျရွတ်ဖတ်သရဇ္ဈာယ်၍မေးလိုက်၏။

"တို့မိန်းမလည်လို့ အခါအခွင့်မသင့်ရင် ဒီချောင်မှာလာပြီး ခိုရတာပေါ့။ ဒီလုံးတို့အိမ်ကအထက်ပိုင်းမှာကိုး။ဒီလုံးနှမကို ဖိုးနက် က လည်နေတာလား။ လည်တဲ့အခါ အများအားဖြင့်ငါက အောက်စောင့်ပေါ့။ဒီအထဲကိုဝကြီးရဲ့ လက်စွဲတော်တစ်ယောက်က

လဲသူ့ကိုကြိတ်ပိုးပိုးနေတာကိုး။အဲဒီတော့ သူကမျက်နှာလိုမျက်ရ ဒီလုံးကိုသွားပြောထင်ပါရဲ့ကွာ။တစ်ညတော့ ဒီလုံးကသူတို့အိမ်ရှေ့က ခနိပုံကိုကွယ်ပြီး ခဲနဲ့ပေါက်တာကိုး။ အဲဒီတုန်းက ငါရယ်၊ ဖိုးနက်ရယ်၊ ပြာလောင်ရယ်ပါသကွ။ ဘယ်သူပေါက်မှန်း မရိပ်မိလိုက်ကြဘူး”

“အဲသလိုနဲ့နေတော့မဖြစ်ချေဘူးဆိုပြီး နောက်တစ်ညကျတော့ ဖိုးသိန်းကြီးကို အဖော်ခေါ်ခဲ့ရတာပေ့ါ”

ကိုဖိုးသိန်းကား အလယ်ပိုင်းနှင့် အောက်ပိုင်းကိုချုပ်သောကာလသားခေါင်းပင်မိဘများမှာ‘ဒင်’ဟူသောထိပ်တန်းစားဖြစ်လေရကားမိဘအရှိန်ဖြင့်ပင်လျှင်လူငယ်တို့အပေါ်၌သြဇာအတော်ညောင်းသူ ဖြစ်လေသည်။ ဖိုးသိန်းဟုဆိုလျှင် လူအတော်ရွံ့ရသည်။ ချက်ထဲကျလျှင်ကိုဖိုးသိန်း၏အကြံဉာဏ်အကူအညီကိုတောင်းကြရသည်ချည်းပင်။ ဤနေရာမျိုးမှာ ကိုဖိုးသိန်းမပါလျှင် မပြီး။

ထိုညအဖို့ကား ကိုဖိုးသိန်းက ခေါင်းဆောင်။ ကိုဒေါင်း၊ ကိုဘပု၊ ကိုပြာလောင်တို့က နောက်လိုက်၊ကိုဖိုးနက်ကဇာတ်လိုက်အဖြစ်ဖြင့် အထက်ပိုင်းဆီသို့စစ်ချီတက်ကြလေသည်လရောင်ကလေးကမှုန်တိမှုန်မွှားနှင့် လူခြေတိတ်လေပြီ။ သို့သော်အထက်ပိုင်းသို့ ချဉ်းနင်းဝင်ရောက်သောသူတစ်စုကိုမူကား ဂုတ်ကျား၊အောင်နက်၊လက်တိုတို့က ချမ်းသာမပေးနယ်ကျူးလာသူများ၏သနစ်ကိုဖော်ထုတ်ကာဟောင်သူကဟောင်၊ ဟိန်းသူကဟိန်း၊ အူသူကအူနှင့် တစ်ရပ်လုံး ဆူညံသွားသတည်း။

ဒီလုံးတို့အိမ်ရှေ့ရောက်သော် ဖိုးနက်ကမှောင်ခို၍ အိမ်ပေါ်တက်၏။ မွန်အိမ်ဖြစ်ရကားကဲလား မရှိ။ အတွင်းရင်ဆို့တွင် တံခါးရှိ၏။

“ဒီလုံးကအရင်ညတွေကလိုပဲခနိုပုံကွယ်နေတာကိုး။ သည်ည မှာတော့ခဲနဲ့မဟုတ်ဘူးဟော့၊ပုလင်းနဲ့ပေါက်တာကိုး။ ဖိုးနက်က အိမ်ပေါ်လွှားခနဲအတက် ‘ခွမ်း’ ခနဲဆိုခါးပန်းကိုမှန်တဲ့ ပုလင်းသံ ကြားလိုက်ရတာပဲ။အဲဒီတော့ဖိုးသိန်းက “ဟဲ့-ဘယ်သူလဲ၊ လိုက်. . . လိုက်”လို့ ညာသံပေးတော့တို့တစ်တွေဟိုလိုက်သည်လိုက်နဲ့ လူစုကွဲ သွားကြတာပေါ့။ အရေးထဲကွာ၊ ဘပုဆိုတဲ့ကိုယ်တော်မြတ်က ဆေးလိပ်ဆာတော်မူသတဲ့ဆေးလိပ်မီးညှိလိုက်တာပေါ့ဝင်းခနဲလည်း ဆိုရော လက်ခနဲဆိုဘပုရဲ့ခေါင်းပေါ်ပုလင်းတစ်လုံးကျလာတာကိုး။ ငါ့စိတ်ထဲ ကွဲပြီမှတ်လိုက်တာပဲ။ ကံသီလို့ပေါ့ကွာ. . . ငနဲကငိုက်ပေး လိုက်လို့ပေါ့၊ နို့မို့ရင်ဟက်တက်ပဲ”

ကိုဖိုးသိန်းက ရှူးခနဲဆိုလျှင် ဒိုင်းခနဲလုပ်တတ်သူဖြစ်ရကား ပုလင်းသံ နောက်ထပ်ကြားရသည်နှင့်တစ်ပြိုင်နက်ဒီလုံးတို့အိမ်ထရံ ကိုဗုံးဗုံးမည်အောင်တုတ်နှင့်နှက်လေသည်။ဒီလုံးရိပ်ခနဲပြေးသည်ကို မြင်လိုက်သောကိုဒေါင်းနှင့်ပြာလောင်တို့ကားအတွင်းသားအားသွန် ၍ လိုက်ကြသည်။ မမိချေ။

ဤညအဖို့ကား မစွံတော့ပြီ။ ကာလသားတစ်စုလည်း မဏ္ဍာပ် ချောင်တွင် ခေတ္တအရိပ်အဆင်ကြည့်ရင်း ခိုဝင်ပြီးလျှင် နံနက်သော် ဒီလုံးအဘယ်နည်းနှင့် သိသွားသည်ကို စုံစမ်းကြ၏။ လက်သည်ပေါ် လေ၏။

“သြော်. . . လက်စသတ်တော့ကိုဝကြီးတို့အိမ်က ခွေးမသား ကိုး။ ငနဲတော့ ဘာကျေလိမ့်မတုံး. . .”

တစ်ညသော် ကိုဒေါင်းတို့လူစု ကိုဝကြီးအိမ်ရှေ့သို့ရောက်လာ ကြသည်။အိမ်ရှေ့မှနေ၍ ကုန်း၍ကုန်း၍ ဆဲရေးရင်း “ရဲရင်ထွက်ခဲ့” ဟု သံပြိုင်ဟစ်ကြသည်။ ကိုဝကြီး၏ တပည့်က အိမ်ပေါ်မှ “ရဲရင် တက်ခဲ့”ဟု အော်ကျယ်ကျယ်လုပ်သည်။ ခဲမိုး၍ွာလိုက်သည်တွင်မှ ဘသားချော ထွက်ပြေးလေတော့သည်။

"ဆရာချိန့်ကုန်းကို မှတ်မိရဲ့လားကွ"ဟု ကိုဒေါင်းသည် လေသံကိုခေတ္တဖြတ်ရင်း ကျွန်တော့်အားမေးလိုက်လေ၏။ကျွန်တော်က- "မှတ်မိပါတယ်"ဟု ထောက်လိုက်၏။

ကျွန်တော်မှတ်မိသည်မှာ ဆရာချိန်ကြီးသည် ရွှေမိရွှေဖဖြစ်သောမြန်မာဆေးဆရာတစ်ဦးတည်း။ အတော်လျှင် ဆန်းသောသူဖြစ်ချေသည်။ အကြောင်းတမူကား ဆေးဆရာကိုသူငယ်များသည်ကြောက်ဖွယ်ရာ လူတစ်မျိုးဟု ယူဆကြသည်။ဆရာချိန့်ကြီး၏အဖို့ကားဤသို့ မဟုတ်ဘဲသူငယ်တိုင်းငင်းကိုချစ်၏။ငင်း၏ နေထိုင်ရာဥယျာဉ်ကလေးမှ ဗောဓိကျောင်းသို့ ဝတ်တက်အသွားအပြန်တွင် လမ်းတစ်လျှောက် အိမ်ရှေ့မှကလေးတိုင်း- "ဘကြီး"၊ "ဘဘ"၊ "အဘ" ဘယ်သွား မလို့လဲ"၊ "ဘယ်က ပြန်လာသလဲ" စသည်ဖြင့် နှုတ်ခွန်းဆက်ခြင်းကို ခံယူရလေ့ရှိသည်။ ဝတ်တက်ပြန်လျှင်လည်း ကလေးများအား "မြေးတို့ရေ- အမျှ. . . အမျှ"ဟု အမျှဝေလေ့ရှိရာ ညနေခင်းတွင်ဆရာချိန့်ကြီးအလာကိုစောင့်၍သာခုခေါ်သောကလေးများမှာ အိမ်တိုင်းမှပင်ဖြစ်လေသည်။ထိုကလေးတို့မှာလည်းသူ့ထက်ငါဦးဂုဏ်တုဂုဏ်ပြိုင်သာခုခေါ်ကြလေသည်ဆရာချိန့်ကိုအကြောင်းပြု၍ ထိုအရပ်ကို "ဆရာချိန့်ကုန်း"ဟု တွင်သတည်း။

ထိုဆရာချိန့်ကုန်းသည်ကိုဒေါင်းအဖို့၌ ရာဇဝင်တင်ထားထိုက်သောနေရာ ဖြစ်ပေသည်။ ဒီလုံးကို အကြောင်းပြုလိုက်သော နေရာဖြစ်သောကြောင့်ပင်။ တစ်နေ့သော် ကိုဒေါင်းသည် ကိုပြာလောင်၊ ကိုဖိုးနက်တို့နှင့်အတူကျွဲကျောင်းရင်း ဆရာချိန့်ကုန်းသို့ ရောက်သွားကြသည်။ဆရာချိန့်ခြံနားတွင်ဒီလုံးကကန်သင်းကလေးကို ဖင်ခုထိုင်နေသည်။ ကန်သင်း၏တစ်ဖက်ကား ရိုးကြီးတစ်ခုရှိ၏။ နွေရာသီရေခန်းလုလုဖြစ်သောကြောင့် ရေအနည်းငယ်နှင့် ဗွက်အများကိန်းအောင်းလျက်ရှိသည်။ ကိုဒေါင်းတို့သုံးယောက်ကား ဒီလုံးအနားသို့

မယောင်မလည်ချဉ်းကြသည်။ဒီလုံးကားထိုသူတစ်စုတို့ချဉ်းလာမှန်းသိ၏။သို့သော်“သင်းတို့ဖြင့်ငါပုလင်းနှင့်ပစ်သည်ကို မသိတန်ကောင်းပါဘူး” ဟူသော အနေဖြင့် ရှောင်မပေးလေ။

တစ်မုဟုတ်အတွင်းတွင်ကိုဒေါင်းတို့လူစုသည်ဒီလုံးကိုဝိုင်းပြီးသားဖြစ်၏။ ဒီလုံးမူကား တစေ့တစောင်းမျှ မရိပ်မိသေး။ ကိုဒေါင်းလည်းကွင်းသိုင်းထားသောလုံချည်ကို ကပျာကသီချွတ်၍ ဝိဇယမင်းသားသည် ကုဝဏ္ဏဘီလူးမကို ပုတီးကွင်းစွတ်သော ဟန်မျိုးဖြင့်အလစ်တွင် စွတ်လိုက်ပြီးလျှင် ဝိဓူရအမတ်ကို ပုဏ္ဏကဘီလူး မြင်းမြီးချည်စိုင်းသည့်နိပါတ်တော်ကိုနှောင်းလူတို့အသည်းစွဲ သတိရစိမ့်သောငှာ အကြင်သို့သောမောင်ဒီလုံးကိုလုံချည်ကွင်းစွပ်၍ကန်သင်းမှသည်ရိုးကြီးထဲသို့တရွတ်တိုက်အောင်မြင်းမပါဘဲ ဗလာသက်သက်စိုင်းလေသတည်း။ ဒီလုံးကား တစ်ချက်မျှမအော်နိုင်။

ဤကဲ့သို့သော အချက်မျိုးမှ ဒီလုံးကိုချမ်းသာပေးလိုက်ရလျှင်ကိုပြာလောင်နှင့်ကိုဖိုးနက်တို့အဖို့မှာရိုင်းရာကျရှာပေမည်။ ဤသို့နှင်နှင်ဖြစ်လေရကား လက်သီးနှင့်ထိုးသူထိုး၊ တံတောင်နှင့်ထောင်းသူထောင်း၊ ဖနောင့်နှင့်ပေါက်သူပေါက်၊ အားရလောက်မှ-“လက်လွန်ကုန်ကြမယ်ဟေ့” ဟုသတိပေးရင်းဒီလုံးကိုရိုးထဲရှိ ဗွက်ပုတ်များနှင့်ပေးစား ထားခဲ့လေသည်။

ကိုဒေါင်းကား မြိန်ရေရှက်ရေပြောပြလျက်ရှိ၏။ ဆေးလိပ်ကိုဖွာရန်မျှသတိမရ။ ဆေးလိပ်မီးငြိမ်းသွားလေသည်စကားဆက်အားရှိအောင် ကျွန်တော်၏ဆေးလိပ်မီးကို ယူ၍ညှိ၏။

“အဲသည်ကတည်းက ဒီလုံးကတို့ကို ငြိုးထားတာကိုးကွ”ဟု မီးညှိရင်း ပြောပြ၏။

“ဖိုးနက်တို့ ရှင်ပြုတဲ့နှစ်မှာပေါ့ကွာ။ လေးထပ်ကျောင်းမှာ ရွှေထီးသွားအငှား ဒီလုံးကလည်းအထက်ပိုင်းက ကျွဲတွေမ, အလာ

တွေ့ကြတာပေ့ါ။ ဒီလုံးက လေးထပ်ကျောင်းနောက်ဖေး ဖင်လှန်ချောင်း ကလေးမှာ ကျွဲကျောင်းနေတာကိုး။ငါကမြင်တယ်ဆိုရင်ပဲပြာလောင့် ကို လက်ကုတ်လိုက်တယ်။ မကြာပါဘူးကွယ်။ ငါလဲ သုတ်သုတ် သုတ်သုတ်နဲ့ ကျောင်းပလဝင်(ပရဝဏ်)ထဲ ပြေးလာတာပဲ။ သူ့လက်ထဲ ခြောက်လက်မသွား မောင်းချခါးကြီးနဲ့ အနားရောက်တယ်ဆိုရင်ပဲ ပြာလောင့်ကိုဓားနဲ့ထိုးအုပ်လိုက်တာကိုး။ ပြာလောင်က ရှောင်ပေး လိုက်တော့ခွေးသားအားလွန်လဲတာပေ့ါ။ ဝိုင်းတွယ်လိုက်ကြတာ ကွာဘာပြောကောင်းမလဲ။ရန်ဖြစ်နေတုန်း မောင်းချခါးလည်းဘယ် ရောက်သွားသလဲမသိဘူး။ အဲသည်တုန်းက မင်းတို့ အဘ လာဖျဉ် လို့ပေ့ါကွာ။ မဖျဉ်ရင် လက်အလွန်ပဲဟေ့"

ထို့နေ့နေ့လည်တွင် ဖိုးနက်တို့ ရှင်လောင်းလှည့်လေသည်။ လေးထပ်ကျောင်းမှစ၍ဘုရားကြီးကိုပတ်ပြီးကမ်းနားလမ်းတလျှောက် မှသည် မဏ္ဍပ်ချောင်သို့ဝင်၍ ကွင်းတန်းဖက်သို့ ပြန်လှည့်သည်။ ကွင်းတန်းအလယ်တွင် နတ်စင်ရှိ၏။ ရှင်လောင်းသည်နတ်ကွန်းဆီသို့ မလှမ်းမကမ်းရောက်လျှင်ပင်ဒီလုံးကို ကပ်ကြီးနှင့်တင်၍ လူတစ်စု ပေါက်လာလေသည်။ဒီလုံးကားဖိုးနက်ရှင်လောင်းလှည့်လာသည်ကို အားကျမခံ သေလောင်းလှည့်ခြင်းပင် ဖြစ်လေရော့သလား။ သို့သော် ဒီလုံးကား မသေသေး။ ဖိုးနက်တို့လူစု ထောင်ကျ ဆေးဖော်ရန်လာ ခြင်းပင်ဖြစ်လေသည်။ အနီးသို့ရောက်လျှင် ကပ် ထမ်းသူတစ်စုတို့ လည်း ကပ်ကြီးကိုချလိုက်သည်။ ဒီလုံးလည်း ကပ် ပေါ်မှနေ၍- "ဟောဒီမှာကြည့်ကြပါဦး အရပ်ကတို့၊ လေးထပ်ကျောင်းမှာတုန်းက ဖိုးနက်၊ငဒေါင်း၊ ပြာလောင်တို့လူစု ကျွန်တော့်ကို ဝိုင်းပြီးဓားနဲ့ထိုး လိုက်ကြတာရစရာမရှိပါဘူးခင်ဗျာ"ဟုထမင်းခုနစ်နပ်မစားခဲ့ရသော အသံမျိုးဖြင့်ပြောရင်းကပ်ပေါ်မှဆင်းသက်တော်မူပြီးလျှင်ရှင်လောင်း လှည့်ရာလိုက်ပါလာသူတစ်စုအား ၎င်း၏ ဒဏ်ရာများကို ပြလေ၏။

အာဂဒီလုံး။ ဉာဏ်ဆင်ပြီးသူ့ပေါင်သူခေါးနှင့်ထိုးတားသည်မှာရစရာ မရှိ။ သွေးချင်းချင်းနီလျက်။

အမှုဖြစ်ရချေပြီ။ ဒီလုံးကားဉာဏ်သမား။ မြောင်းမြသို့တက်၍ ရွှေဒင်္ဂါးတစ်ပြားနှင့် အကြံထုတ်၏။ အမှုစစ်သော် ဖိုးနက်ထိုးသော ဒင်္ဂါးရာသည်တုံးသောလက်နက်ကြောင့်ပြာလောင်ထိုးသောဒင်္ဂါးရာ ကား ချွန်သောလက်နက်ကြောင့်ဟူ၍ အတပ်ဟောသောအာတပ္ပနဗေဒင်ကျမ်းအရ ဖိုးနက်မှာလွတ်၍ပြာလောင်ကားထောင်သုံးလကျ ရှာသည်။

နေနှင့်ဦး ဒီလုံးရယ်။ မင့်ကိုမိလောက်မှတွယ်လိုက်ရဦးမပေါ့၊ တွယ်ဆိုအချက်ပေါ်ပြီ။ ပြာလောင်ထောင်မှလွတ်သည်နှင့် တစ်ပြိုင်နက်ထောင်လွတ်ခြင်းအထိမ်းအမှတ်ကိုနတ်သိကြားများ မနေပိုင်၍ ကျင်းပကြရသည်ထင့်။ ပွဲနှင့်လာ၍ဆုံသည်။ ဒီလုံးလည်း ထိုပွဲသို့ ကြွရောက်ရှုစားတော်မူသည်။ ကိုယ်တော်မြတ်ကား ပက်လက်ကုလားထိုင်တစ်လုံးကို အဖိုးငွေသုံးမတ်ပေး၍ဝယ်ပြီးလျှင် အစင်းသားထိုင်ကာ စံပယ်တော်မူလေသည်။ ကုလားထိုင်အောက်၌ကားပုလင်း တစ်လုံးနှင့်လက်ဖက်ရည်အကြမ်းပန်းကန်။ ပွဲကြည့်ရင်းငုံ့၍ငုံ့၍ ကစော်ရည်ကိုသောက်လေသည်။ 'ဒီလုံး ပွဲလာကြည့်တယ်ဟေ့' ဟူသောလေသံကလေးသည်တစ်ယောက်တစ်ဆင့် ကိုဒေါင်းတလူစုထံသို့ လွင့်၍သွားလေရာ ဝန်ကြီးမျှမဝင်ခင်လျှင် ကိုဒေါင်းတို့လူစု ဒီလုံး၏ကုလားထိုင်နောက်တွင်ရောက်နှင့်ကြလေပြီ။ ကိုယ်တော်မြတ် ဒီလုံးကား တယစ်ယစ်နှင့်။

ဒီလုံး၏ကုလားထိုင်နောက်တွင် ဦးခေါင်းများ မိုးမွှန်၍ စီနေသည်။အများတကာတို့ထက်ထူးခြားသော ဦးခေါင်းနှစ်လုံးမှာမူကား ဝဲဘက်နှင့်ယာဘက်သို့ခပ်ယိမ်းယိမ်းကလေးနေသည်။ ခေတ်မီးရောင်နှင့်သီသီဝေးသောကြောင့်မည်သူတို့၏ဦးခေါင်းဖြစ်သည်ဟုတပ်အပ်

စွပ်စွဲရန် ခဲယဉ်းလှချေသည်။ ထိုအတွင်း ဒီလုံးနောက် တည့်တည့် ရုံထရုံ၏ဘေးပေါက်ကဲလားသည် ဟလာပြီးလျှင် ကြိမ်လုံးခေါင်း တစ်ခုသည် ပြူထွက်လာလေ၏။ ထိုကြိမ်လုံးခေါင်းကြီးမှာ ရုံတွင်းသို့ ကြောက်မက်ဖွယ်ရာဝဲ၍ဝဲ၍ဝင်လာပြီးလျှင်မြွေဟောက်ပါးပြင်းထောင် သကဲ့သို့ထောင်လိုက်ပြီးသည်၏အခြားမဲ့၌'ဒေါင်'ဟူသောအသံသည် တစ်ရုံလုံးကို ချောက်ချားလိုက်သတည်း။

ဝဲဘက်နှင့်ယာဘက်သို့ခပ်ယိမ်းယိမ်းကလေးနေသောဦးခေါင်း နှစ်လုံးအကြားရှိ ဒီလုံး၏မဏိတော်မှာ တျာတျာရဲသော လောဟိတ ရောင်ခြည်တော်သည်အထက်ဘဝဂ်သို့ပြန့်ခြင်းငှာမစွမ်းနိုင်ရှာသော ကြောင့်အောက်အဝီစိတည်းဟူသောကစော်ပုလင်းပေါ်သို့တစ်စက် စက်နှင့်စီးဆင်းကွန့်မြူး၍နေသည်မှာပွဲမလန့်ဟုဆိုလျှင်တောက်ခနဲ တောက်ခနဲ မြည်သံကို ကြားကောင်း ကြားကြရပေလိမ့်မည်။

# ထားဝယ်လုံချည်

မိုးကလေးကတစိမ့်စိမ့်အနောက်ယမ်းဝှေ့သဖြင့်မိုးပေါက်သည်တစ်ခါ တစ်ခါ ကြီးမားလာပြီးလျှင် ခနိမိုးခနိကာအိမ်များကိုတဖြန်းဖြန်းနှင့် ရိုက်၏။ မြင်းပန်းထိမ်လင်မယားအိမ်ရှေ့ရှိ ပိတောက်ပင်အိုကြီးမှာ တစ်ချက်တစ်ချက် သိမ့်သိမ့်ခါသွားသည်။

မြင်းပန်းထိမ်ဟု ခေါ်တွင်ရခြင်းအကြောင်းရင်းကား ပန်းထိမ် လုပ်ရင်း မြင်းမွေးသောကြောင့်တည်း။ ပိန်ချုံးချည့်နဲ့သောမြင်းကို ညနေတိုင်းကွင်းတန်းနှင့်ကမ်းနားလမ်းတစ်လျှောက်ပတ်၍ တက်စီး မောင်းနှင်တတ်သောအလေ့အထကြောင့်လည်းကောင်း၊နေ့ကျွတ်စီ ညကျွတ်စီလင်မယားရန်ဖြစ်တမ်းအချစ်စမ်းကြသောအမူအကျင့် ကြောင့်လည်းကောင်းမြင်းပန်းထိမ်ဟုဆိုလျှင်နှံ့စပ်အောင်မလုပ်တတ် သေးသော ငခွေးကအစ သိသည်။

ထိုနေ့တစ်နေ့လုံးမိုးတဖွဲဖွဲနှင့် မစဲနိုင်ရှိချေသည်။ မြင်းပန်းထိမ် မိန်းမလည်းဈေးပိတ်ပြီဖြစ်၍ရောင်းပြီး လက်ကျန်ဥယျာဉ်ကွမ်းများ နှင့်အလေးတောင်းတို့ကိုရွက်ကာဦးခေါင်းမော့မော့ရင်ကော့ကော့နှင့် အိမ်သို့ပြန်လာလေသည်။ လင်သည်မောင်ကား မျက်မှန်နက်ကြီးကို နဖူးပေါ်တင်၍ မယားသည်၏လာလမ်းကိုမျှော်ကာ စောင့်စားလင့် ၏။ဇနီးသည်လည်းကြော့ကြော့၊ကြော့ကြော့နှင့် ပေါက်လာပြီးလျှင် အိမ်ပေါ်သို့တက်လေသည်။ထိုမြင်းပန်းထိမ်လည်း "ဘယ်လင်ငယ့် အိမ်ဝင်နေလို့သည်လောက်ကြာရတာလဲဟင်-ဗိုင်း ဒါမ" ဟုဆီးကြို ၍ ပဋိသန္ဓာရပြု၏။

"တော်ကျုပ်ကို သည်လိုမပြောနဲ့ သိရဲ့လား၊ တစ်နေ့လုံး ရှာရတာ ဖတ်ဖတ်မောလို့၊ရှင့်ပန်းထိမ်ကိုဘယ်သူလာအပ်သလဲလို့၊

ကဲ-ပြောစမ်း။ ရှင့်လုပ်စာ ဘာများစားရသလဲလို့၊ ကဲ-ဆိုစမ်း။ ကျုပ် လိုဟာမျိုး ထမင်းထုပ်နဲ့လည်ရှာစမ်းပါတော် အကြောင်းသိရ အောင်။ ဘယ်သူ အနွံအတာခံပြီး ရှာကျွေးမလဲဟင်။ ဒါနဲ့တောင်မှ တောင်ပြောမြောက်ပြောနဲ့ ကျုပ်ကို ဘယ်လိုအစားမှတ်သလဲ”

ကရားမှ ရေယိုကျဘိသကဲ့သို့ တဖွဖွနှင့် ချက်ကျအောင် ပြော လိုက်သော မယား၏စကားရပ်တို့ကို စိတ်ရှည်လက်ရှည်နားထောင် ပြီးသည်၏ အန္တိမအဆုံး၌ လင်သည်မောင်သည် ကောင်းချီးသြဘာ ထောမနာပေးသောအားဖြင့်ဖိနပ်ချွတ်သို့ လှမ်းရန်အားယူနေသော ဇနီးသည်ကို ကန်ချလိုက်လေ၏။

မိန်းမသည် လှေကားရင်းတွင် အခွေသားပုံလျက်လဲ၏။ ခေါင်းခုမှာ လည်း ထိုနည်းလည်းကောင်း။ အလေးတောင်းမှာလည်း ထို့အတူ။ ချိန်ခွင်ကြီးမှာလည်း ထိုကဲ့သို့။ ကွမ်းရွက်တို့ကားပြန့် ကြဲလျက်။

အနောက်ယမ်းသည် ကသောကမျောနှင့် ရွာရိုးကို စွတ်၍ဝင် လာပြန်လေသည်။ပိတောက်ပင်ကြီးမှာကားယိုယွင်းသောခန္ဓာကိုယ် ကြီးကို မနိုင့်အနိုင်ဟန်ထားရရှာသည်။ မိုးလည်း ပို၍သည်း လာ၏။ မြင်းပန်းထိမ်မိန်းမသည် ကြောက်အားလန့်အားနှင့် အလူးအလဲထ သည်။ခေါင်းခုမှာမူလေယူရာသို့ထွန့်ထွန့်လူးကာ ပါသွားလေသည်။ အလေးတောင်းကြီးမှာလည်း အလေးတို့ကိုထားခဲ့၍ လေနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားသည်။ ချိန်ခွင်ကြီးကား တစ်လှမ်း နှစ်လှမ်းခန့်မိမိကိုယ်ကို အနိုင်နိုင်သယ်ပြီးမှ မဟန်နိုင်သောကြောင့် ကုက္ကိုပင်ပေါက်ကလေးကိုမှီရင်း ငြိမ်သက်စွာ နားနေလိုက်သည်။ စဥ့်အိုးကွဲအလေးတိုက်ထားသော နှစ်ကျပ်ခွဲလေး ဆယ်လေးစသည် တို့နှင့် သံလေးငါးဆယ်လေး ပိဿာလေးတို့မှာ ရာဇက္ကန္ဓြေမပျက် ‘ပပထူမှ ထမယ် ထမယ်လေး’ဟူသော သန္နိဋ္ဌာန် ဖြင့် ဖြုံမှပင်မဖြုံ။

ပပနှင့်မတူလှစွာသောမြင်းပန်းထိမ်မိန်းမလည်း အလေးရှိရာ သို့ချဉ်း၍ ထူအံ့သောငှာ အားထုတ်၏။ ဒေါသပုံခင်း၍လာသော အမွှန်မောင်ကိုဖက်ပြိုင်အန်တုလိုသောမြင်းပန်းထိမ်ဆရာကြီးကား ဖိနပ်ချွတ်မှလွှားခနဲခုန်ဆင်း၍ အကြင်သို့သော မယ်ပပ၏ ဆီချေး တစ်ဆယ့်လေးသစ်တက်နေသော ကုပ်တိုကို နှိပ်ခွစီးပြီးလျှင် ပါးကို ရိုက်လတ္တံ့ဟုရွယ်၏။ဆရာကြီး၏နဖူးပေါ်တွင် အတင့်အတယ် စံပယ်လျက်ရှိသောမျက်မှန်နက်ကြီးသည်လည်းမိမိ၏ဇာတိချက်မြှုပ် ဖြစ်သော နှာရိုးပေါ်သို့ဆင်းသက်လိုက်၏။ ထိုအခါမှဆရာကြီးသည် သတိရ၍မိန်းမ၏ဇက်ကိုဒူးနှစ်လုံးဖြင့် ခေတ္တညှပ်ပြီးလျှင်လက် တစ်ဖက်ဖြင့် မျက်မှန်ကိုချွတ်၊တစ်ဖက်ဖြင့်အင်္ကျီအိတ်မှမျက်မှန်အိမ် ကိုနှိုက်။ ကျနသေသပ်စွာမျက်မှန်ကို အိမ်သွင်းပြီးလတ်သော် အင်္ကျီ အိတ်ထဲသို့ပြန်ထည့်၏။ထိုမျှလောက်သော အတောအတွင်းကလေး တွင်ပြားပြားပိနေသောမိန်းမသည်အောက်မှနေ၍ တအားကုန် ဆောင့်လိုက်လေရာ ယောကျ်ားဖြစ်သူသည် ပက်လက်လန်လဲလေ သတည်း။

မိန်းမလည်းလွတ်သည်နှင့် တစ်ပြိုင်နက် အင်္ကျီလက်ကိုပင့် ၏။“ကြည့်စမ်း-ကြည့်စမ်း ရှင်ဘာအငြိုးနဲ့ သည်လိုလုပ်တာလဲ ဟင်”ဟု တစ်ခွန်းပြော၏။ထဘီတိုတိုပြင်ဝတ်၏။ “ကျုပ်ကို စမ်းတာလား”ဟု တစ်ခွန်းတောလိုက်ပြန်၏ပြောကျသောဆံပင်တို့ကို ကပျာကသီရစ် ပတ်လိုက်၏“ဘယ်လိုအစားမှတ်သလဲ”ဟုတတိယမို့ သုံးကြိမ်မမြောက်တမြောက်ထ၍အတွန့်တွင်မြင်းပန်းထိမ်ဆရာကြီး သည်အစင်းသားလဲနေသောဣရိယာပုတ်မှမတ်မတ်နေသော ဣရိ ယာပုတ်သို့ရုတ်ခြည်းပြောင်းလဲလိုက်ပြီးလျှင်ချစ်လှစွာသောဇနီးသည် ၏ ပါးပြင်ကို ဖြောင်းဖြောင်းမြည်အောင် တီးလိုက်လေသည်။

“အမယ်လေးတော်-လုပ်ကြပါဦး”ဟူသော စူးရှသောအသံ ကြီးသည် အနောက်ယမ်း ပင့်ရာသို့ အလံလေးဆယ် လယ်တစ်ကွက်

ခန့် ပါသွားပြီးမှမိုးသက်လေသက်တို့နှင့် ရောနှောကာ ပျောက်ပျက်သွားလေ၏။

အိမ်နီးပါးချင်းတို့သည် ထိုအသံကို ကြားကြကုန်၏။ သို့သော်မည်သူမျှ ဆင်းမလာကြ။ ခြေရင်းခေါင်းရင်းနှင့် အိမ်ရှေ့အိမ်များမှ အိမ်သားတို့ကားလင်မယားရန်ဖြစ်သည်ကိုက္ကန္ဒြေရရနှင့်ရှုစားလျက်ရှိကြကုန်၏။ ကူညီဖျန်ဖြေရန်ကား မည်သူမျှ စိတ်မကူး။

မြင်းပန်းထိမ်လည်း အရိုက် ချစ်ဇနီးအငိုက်တွင် မလဲအောင် မှီရာလှမ်းဆွဲလိုက်ရာပြေကျနေသောဆံပင်များတစ်ပုံတစ်ခေါင်းကြီး ၎င်း၏လက်ထဲတွင်ပါလာလေ၏။ပါလာသမျှဆံပင်တို့ကို တင်းကျပ်နိုင်သမျှ တင်းကျပ်စွာ လက်တွင်အထပ်ထပ်ရစ်ပတ်၍ခိုင်မခိုင်နှစ်ချက်သုံးချက်ခန့်တုပ်ဆွဲစမ်းသပ်ပြီးမှအိမ်ပေါ်သို့ ဇနီးချစ်အားဆွဲတင်၏။ အိမ်ပေါ်ရောက်သော် ထရံတွင်ညှပ်ထားသောလိပ်ကျောက်မြီးကိုအားသောလက်တစ်ဖက်ဖြင့်လှမ်းဆွဲပြီးလျှင် အဘယ်မယားအားကျောတစ်ရာရင်တစ်ရာခတ်၏။ပြီးလတ်သော် မြိုင်ရပ်နှင့်ရန်ကျန်ပေသေးရကား ဇနီးသည်၏ဆံပင်ကို ဆွဲလျက်နှင့်ပင် လှေကားကိုသုံးထစ်လျှင်တစ်လှမ်းကျလှမ်း၍ဆင်းပြန်သော် လမ်းမတစ်လျှောက် တရွတ်ပါ အောင် ဆွဲငင်သွားလေ၏။

ထိုအတွင်းလျှပ်သည်ပြက်၏။ တောင်အရပ်ဆီမှ မိုးသည် ချုန်း၏။ "သိကြားမင်းကြီးရဲ့ ကြည့်နေရက်တော့မလား"ဟု နှာသံပါပါနှင့်တအားကုန်ညစ်ထုတ်လိုက်သောမြင်းပန်းထိမ်မိန်းမ၏အသံသည် မိုးခြိမ်းသံကို အဖော်ပြုကာ စကြဝဠာတံတိုင်းသို့ လိုက်ပါသွားဘိ၏။

ဤအခြင်းအရာတို့ကို သိကြားမင်းကြီးသည် မိမိ၏ ဣန္ဒပါဒ်တန်ခိုးဖြင့် မြင်နိုင်ပေမည်။ မြင်လျက်နှင့် ရှုစိမ့်နိုင်ပါဦးမည်လော။ သိကြားသာသနာရောက်ခါနီးသိကြားစွမ်းပြချင်သည်မှာတရွရွဖြစ်နေသည့်အထဲ ဤမလျော်သောအမှုကို လျစ်လျူပြုနိုင်အံ့လော။

ပန်းထိမ်လင်မယားတို့ ထွေးလုံးရစ်ပတ်နှင့် လေးထပ်ကျောင်းလမ်းထိပ်သို့ ရောက်လုနီးသည်နှင့်တစ်ပြိုင်နက် လက်တစ်ဖက်ကား လောက်လေး၊ ခါးပိုက်ထောင်တွင် လောက်စာလုံးအပြည့်နှင့် ကိုယ်ရောင်ကိုယ်ဝါ မည်းမှောင်စွာ ထွက်ပေါ်လာသည်ကား သိကြားမင်း ထင့်။

ဟုတ်ပေလိမ့်မည်။ သိကြားမင်းလူယောင်ဖန်ဆင်း၍ လူ့ပြည်သို့သက်ဆင်းခြင်းဖြစ်ရမည်။သို့သော်အသေအချာ ရှုစမ်းပါရစေဦး။ သိကြားမင်းကဘယ်သူနှင့်တူသလိုလိုရှိလိုက်ပါဘိ။ အလို့ . . လက်စသတ်တော့ ကိုဒေါင်းပါကလားကရို့။

မဟုတ်လျှင် မခံတတ်၊မတော်သည်ကိုတွေ့လျှင် မနေတတ်သောကိုဒေါင်းမှာ မိန်မသားတအားနွဲ့အား ထိုသို့စော်ကားနှိပ်စက်သည်ကိုမြင်လျှင်ပင်အူရောအသည်းပါကျွမ်းသန္တာလန်ကာလှိုက်လှိုက်လှဲလှဲဖြစ်အောင် စိတ်ဆာသွားလေသည်။အူထဲမှ လိမ့်၍တက်လာသော မခံချင်စိတ်သည် အထက်သို့လျှံပြီးသကာလ လက်ဖျားသို့ရောက်အောင်ဝေကျလာလေရကားလက်ယားလာလေသည်။ ထိုယားလာသောလက်တစ်ဖက်သည်လောက်လေးကိုအဆင်သင့်ကိုင်ပြီးဖြစ်လေရာကိုဒေါင်းသည် သိကြားမင်းတို့၏အဆောင်အယောင်ဖြစ်သောမကိုဋ်အစားခမောက်ကိုခေါင်းပေါ်တွင်မာန်ပါပါနှင့် အသာတင်၊မိုးကြိုးသွားတည်းဟူသောလောက်စာလုံးကိုနှိုက်၊ ဝရဇိန်လက်နက်တည်းဟူသောလေးကိုင၊ဘယ်ခြေကိုရှေ့ထား၊ ညာခြေဖြင့်ကိုယ်ကို မတ်ပြီးလျှင် မိုးကြိုးသွားကို အားကုန်လွတ်၏။

'ဒေါင်'ဟူ၍ ကုလားတက်ခေါက်သံထက် ပြင်းအောင်မြည်သောအသံ၏အဆုံးတွင်ပန်းထိမ်ဆရာမှာမယားကိုလွှတ်၍ နားထင်ကိုလက်ဖြင့်အုပ်ကာ အိမ်ပေါ်သို့ ကသုတ်ကရုတ် တက်ပြေးလေ၏။ ကိုဒေါင်းလည်း ကျောင်းလမ်းထိပ်ကို ခပ်သုတ်သုတ် ချိုးပြီးသော်

ပန်းထိမ်ဆရာ၏ အိမ်ရှေ့တည့်တည့်မှနေ၍ အိမ်တွင်းရံကို ဖုန်းဖုန်းမြည်အောင် လေးနှင့်ပစ်၏။ ထို့နောက် နောက်ဆုံးတစ်ချက်ပဲဟု စိတ်တွင်ရည်မှတ်၍လောက်စာလုံးတစ်လုံးကိုအနှိုက်နောက်မှနေ၍ လူတစ်ယောက်သည် နှိုက်သောလက်ကို တုပ်ဆွဲလိုက်သော ကြောင့် လှည့်ကြည့်မိရာမြင်းပန်းထိမ်ဆရာကတော်သည်အကြည့်ခံရသူတိုင်း လောင်ကျွမ်းပြာကျသွားရလောက်အောင်မီးလျှံကဲ့သို့တောက်ပပူပြင်းသော မျက်လုံးများဖြင့်မိမိကိုကြည့်ကာ-"ရှင် ကျွန်မလင်ကို ဘယ်လိုလုပ်လိုက် တာလဲ-ဟင်။မခံဘူးတော့ မခံဘူး၊လာ- ရဲသွားတိုင်မယ်"ဟုပြောဆိုကာ လက်ကို အတွင်းသားဆွဲခေါ်နေသည်ကို တွေ့ရလေ၏။

ကိုဒေါင်းသည် မင်သက်မိသွား၏။ လက်ဖျစ်တစ်တွတ် လျှပ်တစ်ပြက်အတွင်းတွင်ကိုဒေါင်း၏ရုပ်နှင့်နာမ်ဓာတ်တို့မှာ အကြင်လင်မယားအဖြစ်မှ ယာယီပြတ်စဲသွားလေသည်။ ထိုရုပ်နှင့် နာမ်တို့ယတြာကျေ၍ပြန်ပေါင်းအထုပ်တွင်ကိုဒေါင်း၏သုံးဆယ့်နှစ်ကောဋ္ဌာသတို့မှာဖွဲ့စည်းခြင်းအာပေါ်၏အရှိန်ကို မခံမရပ်နိုင်သောကြောင့် တသိမ့်သိမ့်တုန်လှုပ်သွား၏သတိကိုဖြစ်စေလတ်သော်ကိုဒေါင်းတည်းဟူသောသိကြားယောင်မှာလေးကန့်လန့်နှင့် မြင်းပန်းထိမ်ဆရာကတော်ဆွဲခေါ်ရာသို့လိုက်ပါနေရသည်၏အဖြစ်ကို ဝမ်းနည်းစွာ တွေ့မြင်ရလေသတည်း။

ကိုဒေါင်းကား ရုန်းရန်သတိမရ။ လွှတ်ပါဟု ပြောရန်လည်း မတွေးမိ။ဘာကြောင့်ဆွဲရသလဲဟု မေးရန်မျှပင်စိတ်မကူး။ ဆုတ်ကန်ဆုတ်ကန်နှင့်သာ ပါသွားတော ့သည်။

ရဲစခန်းသို့ရောက်၏။ ရဲများဝိုင်းလာ၏။ အသိလိုလိုစာသင်တစ်ယောက်က "ဘာဖြစ်တာလဲ"ဟု မိမိကို မေးလိုက်သလား မပြောတတ်။မိမိလည်းပြန်ပြောလိုက်၏။ဘာပြောလိုက်သည်မသိ။ ရာဇဝတ်

အုတ်မင်းလည်း အပါးသို့ရောက်လာ၏။ မြင်းပန်းထိမ်မိန်းမနှင့် အမေးအဖြေပြု၏။မြင်းပန်းထိမ်မိန်းမအသံချည်းပင်။ ဘာများပြော ကြသလဲမဆိုနိုင်။ ရာဇဝတ်အုပ်မင်းကား ခေါင်းတညိတ်ညိတ်နှင့်။ ထိုအတွင်းလူစုလူဝေးလည်းထုထည်ကြီးမားလာသည်။ကြီးမားသော လူစုလူဝေးတည်းဟူသောအဏ္ဏဝါပြင်ကျယ်တွင် ကိုဒေါင်းသည်စုံးစုံး မြုပ်၍ နစ်နေသည်။မွန်းလှချည့်ဟုအောက်မေ့နေရင်းရာဇဝတ်အုပ် မင်း၏လက်သည်မိမိပခုံးအား ချစ်ကျွမ်းဝင်ယောင်ပြုသည်ကိုသတိ ထားလိုက်မိ၏။

"ကဲ- မင်း ဘယ့်နှယ်လုပ်လိုက်တာလဲကွဲ့ မောင်ဒေါင်းရဲ့။ စကားမများနဲ့ကွာ ငွေငါးကျပ်ရှာယူခဲ့"ဟု ရာဇဝတ်အုပ်မင်းသည် အမိန့် ခတ်နှိပ်ပြီးလျှင် လူထုကြီးကို ခွဲလိုက်၏။

အနောက်ဘက်တစ်ခွင်တွင် မိုးသားမိုးရိပ်တို့မှာ လိပ်၍လိပ်၍ တက်နေသည်။ သင်္ချိုင်းကုန်းဘက်ရှိ သစ်ပင်ဝါးပင်တို့မှာ မည်းမည်း မည်းမည်းးနှင့် 'တောင်နွဲ့ မြောက်ယိမ်း' ကတိမ်းကပါး ဖြစ်နေကြ သည်။ သစ်ရိပ်ဝါးရိပ်၊မိုးရိပ်လေရိပ်တို့မှာကိုဒေါင်း၏နှလုံးသားထဲသို့ ချင်းနင်းဝင်ရောက်ကာ ကလိချင်တိုင်း ကလိ၍နေကြကုန်၏။ဤသို့ ကလိခြင်းကို ခိုင်မာသောစိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခံပြီးလျှင်လေးကန် လှသောခြေတို့ကိုပင်ပန်းနွမ်းရိစွာသယ်ယူ၍ကိုဒေါင်းသည်ဦးခေါင်း ငိုက်စိုက်ဖြင့် အိမ်သို့ပြန်လေ၏။

အနောက်ဘက်တစ်ခွင်မှ မိုးကလေးများညို့၍ညို့၍လာတိုင်း လာတိုင်းကိုဒေါင်းသည်သူ့မမဝယ်ပေးသောတစ်ခါဝတ်ပြီးထားဝယ် လုံချည်ကလေးကို ငွေ ၆ ကျပ်ဖြင့် ထုံရိပ်အပေါင်ဆိုင်တွင် အဆုံးခံ လိုက်ရသည်ကို ပြေးပြီးအမှတ်ရသဖြင့် ယခုကိုပင်လျှင် စုတ်တသပ် သပ် ဖြစ်မိသေးလေသတည်း။

# မင်္ဂလာလက်ဖွဲ့

ကိုဒေါင်းသည် ရှင်ကြီးဝမ်းထဲသို့လည်းဝင်ခဲ့ပြီ။ ရှင်ငယ့်ဝမ်းထဲသို့ လည်းဝင်ခဲ့ပြီသို့ရာတွင်နှစ်ဝမ်းစလုံးနံစော်သည်ဖြစ်သဖြင့်နှာခေါင်း ပိတ်၍သာလျှင် ပြန်ခဲ့ရချေသည်။တစ်ခါတစ်ရံမချောကိုတွေးမိလျှင် လောကကြီးကိုထောင်းချင်စိတ်များ ပေါ်ပေါက်၍လာလေသည်။ ခင်စိန်ကိုဈေး၌တွေ့သောအခါ၌မူကား သူ၏ယောက်ျားကို အများ ကြီး မရှုစိမ့်ဖြစ်သွားပြီးမှ သတိနှင့်စိတ်ကိုအုပ်ပြီးလျှင် လောကကြီး ကိုကျေကျေနပ်နပ်ယောက်ျားပီပီအရှုံးပေးလိုက် ရပြန် လေသည်။ ညောင်လိမ်သူကလေးကိုသတိရပြန်လျှင်လည်း ကရုဏာတရားတွေ တဖွားဖွားပေါ်ပေါက်လာပြန်သည်။ သို့ရာတွင် မိမိ၏သဘောကောင်း ခြင်းအပေါ်မှာအသားယူ၍လင်ငယ်နေသောမိကူးကိုထင်ယောင်မြင် ယောင်ရှိလာသောအခါ၌မူကား ကိုဒေါင်း၏ မည်းနက်သောသူငယ် အိမ်မှ ဒေါသအရောင်များလျှမ်း၍လာပြီး လျှင်အဆိုပါမိချော၊ ခင်စိန်နှင့်ညောင်လိမ်သူတို့သည် ဣတ္ထိဘာဝပါပင်တကားဟုတရား ကျမိ၍“ကွာ-မိန်းမဆိုတာသောက်သုံး ကျ တာမဟုတ်ပါဘူး”ဟူ၍ ကျွန်ုပ်အား ပြောလေ့ရှိသည်။

သို့ရာတွင်ကိုဒေါင်း၏စိတ်သည်ကား ဟာ၍နေလေပြီ။ ဥပမာ လျှင် လေပြည်လေညင်းမျှမတိုက်ခတ်သော ခြောက်သွေ့သော သဲ ကန္တာရကြီးကဲ့သို့။

သဘာဝတရားသည် လဟာပြင်ကို မုန်းတီးရွံရှာ၏။ ကိုဒေါင်း သည်ကား ထိုသဘာဝတရားကြီး၏ သားသည်းချာလျှင် ဖြစ်ဘိ၏။

ရွှေးမြစ်ကြီးသည် လရောင်အောက်တွင် တလျှပ်လျှပ် ပြေး၍ နေသော ငွေရည်တို့ဖြင့် လောကကြီး၏ သာယာပုံတို့ကို ဆေးရေး၍ နေ၏။

ထိုအခါများ၌ ကာလတည်းဟူသော ဖုံမှုန့်အလိမ်းလိမ်းကပ် လျက်ရှိသောမချောကလေး၏မျက်နှာကို သတိရခြင်းတည်းဟူသော ဝက်မင်ဘီးဖြင့်ဖြီး၍ ပုံပန်းကိုဖမ်းကြည့်မိသည်မှုန်မှုန်ကလေးမျှသာ ထင်နိုင်သောထိုမျက်နှာကလေးမှစို့လျက်ရှိသေမျက်ရည်တို့ ဖြင့် ဝင်း၍နေသောမျက်လုံးကလေးများကိုမြင်ရသည့်အခါကြာရှည် မကြည့်ရက်နိုင်လောက်အောင်မချိတင်ကဲဖြစ်သွား၏။ထို့ကြောင့် တစ်ခါတစ်ခါ၌ကံတည်းဟူသောဘီလူး၏လက်တွင်းတွင်မလှုပ်မရှား နိုင်လောက်အောင်ပင်ဖြစ်သော်လည်းပဋ္ဌာဝုဓမင်းသား၏ ထုံးနည်း အတိုင်းလျှင် အရှုံးမလေးဘဲ ဇွဲခပ်သန်သန်နှင့်လောကကြီးထဲတွင် တစ်ယောက်တည်းကျဲလိုက်လိုသောစိတ်များဖြစ်ပေါ်လာ၏။ တစ်ချက် တစ်ချက်၌လည်း“သင်းနဲ့ညားလည်းသည်လိုလိုနေမှာပါပဲလေ။ ထူးမှာမဟုတ်ပါဘူး”ဟုအောက်မေ့မိ၏။စိတ်ပျက်မိ၏။ နှစ်နှစ် ကာကာ ချစ်မိခဲ့သမျှသောအချစ်တို့ကို ပြက်ရယ်ပြုမိ၏။ ရွံ့ရှာမိ၏။ ‘ထွီ’မိ၏။

သို့ပါသော်လည်း ကိုဒေါင်း၏ ရင်တွင်းကား ဟာလျက်ပင်။ ရင်ခေါင်း၌ခိုအောင်းကိန်းဝပ်နေသောအညစ်အကြေး၊သလိပ်ပုပ်တို့ ကို‘ထွီ’ဟူ၍မြည်အောင်နှစ်နှစ်ခြိုက်ခြိုက်လှိုက်လှိုက်လှဲလှဲ ခတ်ထုတ် လိုက်သည့်အခါဆိုလိုရင်းအဓိပ္ပာယ်မှာလောကကြီးကိုခံပြင်းလှသော သဘောပင်ဖြစ်ငြားသော်လည်းထိုခတ်ထုတ်လိုက်သောသလိပ်ကြောင့် ရင်တွင်းမှာကလိုင်ဖြစ်လျက်ပင်ကျန်ရစ်ခဲ့လေတော့ သည်။

ယင်းသို့ဖြစ်လျှင် ဘောက်မဲ့ကြောင့် ထိုကလိုင်ကြီးကို မဖို့ဘဲ ထားပါသနည်း။ လူစွမ်းလူစမရှိ၍လောဟု စောဒကတက်ငြားအံ့။

လူစွမ်းလူစမရှိ၍မဟုတ်အချစ်၏ဒုက္ခအမျိုးမျိုးကိုခံစားခဲ့ဖူးပြီဖြစ်ရကား ခဲမှန်ဖူးသည့်စာသူငယ်ကဲ့သို့ တစ်စုံတစ်ခုပြုလုပ်မည်ဟုကြံလိုက်လျှင်ပင် သို့လောသို့လောဟူသောဒွိဟတို့မှာကိုဒေါင်းနှင့်အတူဒွယံဒွယံတွဲလျက်ရှိချေရကားချိန်ရင်းဆရင်းစဉ်းစားရင်းနှင့်ပင်လျှင်တစ်ခါတစ်ခါမိမိ၏ဦးခေါင်းနှင့်ကိုယ်တို့သည်အသက်နှင့်အမျှအတူတကွရှိပါလေစဟုထိပ်ပြောင်ကလေးကိုလက်ဖြင့်စမ်းမိသည်။

"ကဲ. . . ဒီလိုထားလို့တော့ မဖြစ်ဘူးဟေ့။ မင်းလူအတွက်မိန်းမရှာပေးမှပဲ" ဟု အခါတစ်ပါး၌ ကာလသားခေါင်း ကိုမောင်ခိုင်သည် ကျွန်ုပ်အား တိုင်ပင်ဖူးသည်။

"ရှာပေးရင်လဲ မြန်မြန်ရှာပေးလိုက်ပါခင်ဗျာ"ဟု ကျွန်ုပ်ကလည်း ပြန်လည်ပြောခဲ့ဖူးသည်။

ဤကဲ့သို့ပြောခဲ့ပြီး လေးငါးလခန့်ကြာသော် ကျွန်ုပ်သည် ရွာသို့တစ်ဖန်ပြန်ရောက်လာ၏။ထိုအခါကိုဒေါင်းသည်မိမိနှင့်ပေးစားမည့်မိန်းကလေးအား ဆဲရေးတိုင်းထွာပြုလိုက်သဖြင့် ထိုမိန်းကလေးမှာငိုယိုဆင်းသွားရကြောင်း ရပ်ရွာထဲ၌ လက်တို့၍ပြောကြသောစကားသံများကို သန့်သန့်ကြားရလေသည်။

တစ်နေ့သော် ကျွန်တော်နှင့်ကိုဒေါင်းတို့သည် ဦးလေးတော်တစ်ဦး၏အိမ်နောက်ဖေးရှိ ကွပ်ပျစ်ကလေးတစ်ခုပေါ်တွင်ထိုင်ရင်းလေညင်းခံနေကြ၏။

"ကိုဆိုးတေကြီးကွင်းကမိခိုသမီး ဂေါက်တေးကိုမြင်ဖူးမဟုတ်လား" ဟု ကိုဒေါင်းက မေး၏။

"မြင်ဖူးပါတယ်။ ဖြူဖြူဖွေးဖွေး မဟာနဖူးကလေးနဲ့ လှလှကလေးလေ"

"အစစ်ပေါ့ကွာ။ ထုံးအိုးထဲလိမ့်ကျတဲ့ ပိုးဟပ်ဖြူမဟာပေါ့။ကောင်မလေးကတော့ ဆိုစရာမရှိပါဘူး။ သူ့အမေကြီးက မငွေခင်

ကြီးမို့ကောင်မလေးတော့တစ်သက်လင်ကောင်းသားကောင်းရတော့မှာမဟုတ်ပါဘူး။အဲလေ ဘယ်နည်းနှင့်မဆို သူလဲပဲ ငွေမက်မှာပါပဲ။ မင်းဦးလေးက ငါ့ကို သူနဲ့လွှတ်ပေးတဲ့နေရာဟာ အဲဒီနေရာပေါ့။ ငါကဟောဒီတံခါးပေါက်ကသူကအကျီဖွပ်တဲ့ ကနစိုပါးပျဉ်းကြီးပေါ် ဆောင့် ကြောင့်ထိုင်လို့”

ဩော်- သူတို့နှစ်ဦး အဆင်ပြေကြပါဘိတောင်း။ ကိုဒေါင်းက ထိပ်ပြောင်ပြောင်၊ အသားမည်းမည်း၊ လက်မတိုတို။ ကောင်မကလေးက မဟာနဖူးကလေးနှင့် ဖွေးဖွေးဖြူဖြူ။လက်ချောင်းကလေးများက သေးသေးသွယ်သွယ်။

ကိုဒေါင်းက မျက်လွှာကလေးပင့်ပြီး ဂေါက်တေးကိုကြည့်ရင်း ကွစ္ဆိတံမြမြကို ဖိမ်နှင့်ဖွာနေမှာပဲ။ ဂေါက်တေးကမျက်လွှာကလေးချပြီး မခို့တရို့ကြန္ဒြေကလေးနှင့်နေမှာပဲ။သို့ရာတွင်စာရေးဆရာတို့၏ စိတ်ကူးကို တော်ရာချောင်တွင်ချိတ်၍ မှန်ရာဆိုရလျှင် တွေ့ခါစက သူတို့နှစ်ဦး စပ်ဖြီးဖြီးလုပ်နေကြသည်ဟု ဆိုရမည်။

“ငါ့ကြိုက်သလား-ဟင်”ဟု ကိုဒေါင်းသည်မိမိ၏ တိုတုတ်သောလက်ချောင်းကလေးများဖြင့် သေးသွယ်ရှည်လျားသောဂေါက်တေး၏လက်ချောင်းကလေးကိုဖျတ်ခနဲကိုင်ဆွဲရင်းမေးလိုက်လေ၏။

ကောင်မလေး လန့်များလန့်သွားမည်လား။ မလန့်။ အပျိုကလေးဆိုသော်လည်းခေတ်မီကလေးဖြစ်၍တွေ့ဖူးကြုံဖူးလှပါပြီ။ ရှိုး တိုးရှန့်တန့်မဖြစ်။ မျက်နှာမလွှဲ။ မျက်လွှာမချ။ ငါးပြေမကိုယ်လုံးကလေးသည်လည်းတွန့်မသွားလက်ချောင်းများလည်းလျှပ်စစ်ဓာတ်မိသလိုဖြန်းခနဲမနေ။မကတတိကြန္ဒြေမပျက်။ ရှက်သွေးလည်းမလျှမ်း။

သို့ရာတွင် ဂေါက်တေးသည် ကိုဒေါင်း၏လက်ထဲမှ မိမိလက်များကိုရုပ်သိမ်းလိုက်ပြီးလျှင်ညီညာသောသွားကလေးများပေါ်အောင် ပြုံးလိုက်၏။

"ကြိုက်မလား၊မကြိုက်ဘူးလား၊ပြောလေ. . . "ဟု ကိုဒေါင်းက လောပြန်၏။

ဂေါက်တေးက စဉ်းစား၍နေလေသလားမသိ။ ခေတ္တမျှစကားမပြောဘဲနေ၏။ နောက်မှပြောအံ့ဟု ပါးစပ်ကိုပြင်၏။

ကိုဒေါင်းလည်း မိမိ၏သေးငယ်သောနားကလေးကိုစွင့်လိုက်၏။ချွေးမြစ်ထဲတွင်လေတဟူးဟူးတိုက်ခတ်၍နေသည်။ တဖြုန်းဖြုန်းတပြင်းပြင်းနှင့် ဂယက်များရိုက်နေကြသည်။မင်းသမီးမင်းသားစခန်းသွားသည်ကို ဆိုင်းဆင့်၍ ပေးနေသကဲ့သို့။

ဝီခေါ် အောင်မြည်သောလေကြောင်းတစ်ခုသည် ကိုဒေါင်းနှင့်ဂေါက်တေးတို့အကြားသို့စွတ်၍ဝင်အလာတွင်ဂေါက်တေး၏"ကျွန်မကိုလိုချင်ရင်ငွေသုံးရာတင်ရမယ်လို့အမေကပြောတယ်၊ တင်နိုင်ပါ့မလား"ဟူသောအရောင်းအဝယ်စကားသည်ကိုဒေါင်း၏နားကလေးကိုအဆမတန်ပြေး၍ရိုက်လိုက်လေရာကိုဒေါင်းသည် စိတ်ထဲ၌ထောင်းခနဲ ဖြစ်သွားလေ၏။

ကိုဒေါင်းဂေါက်တေးအား ပြောလိုက်သမျှတို့ကို ကျွန်တော်ပြန် မပြောဝံ့တော့ပြီ။နောက်ဖေးတံခါးကိုဆောင့်၍ပိတ်ပြီးလျှင်အိမ်ရှေ့ခန်းသို့ ကိုဒေါင်းထွက်အလာ နောက်ဖေးတွင် ဂေါက်တေးသည်ရှိုက်ကြီးတငင်ငိုလျက် ကျန်ရစ်ခဲ့လေသတည်း။

"သောက်ကောင်မကွာ သူလှသမျှဟာကိုဆိုးတေ ကွင်းကအူရယာ ကုလားတွေအစာဖြစ်မှာပေါ့"ဟု ကိုဒေါင်းသည် ရွှဲရှာသောမျက်နှာထားဖြင့် ကြက္ကဋ္ဌိတံမြမြ၏ မီးဖွားတို့ကိုခြွေချရင်း ကျွန်ုပ်အားပြန်ပြောလေသည်။

ထိုစဉ်အခါကကိုဒေါင်းသည် စိတ်အတော်ပျက်ပုံရသည်။ သို့ ရာတွင် ကာမဘုံသားအစစ်ဖြစ်လေသည့်ပြင်ဘုန်းကြီးဇာတာလည်းပါသူမဟုတ်လေရကားထိုစိတ်ပျက်ဖွယ်တို့ဖြင့်သံဝေဂမယူနိုင်။

"လောကကြီးသည် သင်္ချိုင်းရ၊ ငါသည်ငါမဟုတ်၊ ငါ့ဥစ္စာသည် ငါ့ဟာ မဟုတ်"ဟူသောမိုးညှင်းဩဝါဒတို့ကိုအာပေါင်အာရင်းသန်သန်ရွတ် ရင်း ထီပေါက်ပါစေဟုဆုတောင်းသူ၊ သံယောဇဉ်မတွယ်တာပါဘူး ဟုပြောရင်းမြေးကလေး၏နဖူးစကို အားပါးတရမွှေးသူ၊ ကာမဂုဏ် ကိုစက်ဆုပ်ပါပြီဟုဆိုရင်းဂျာမနီဆေးစွမ်းကောင်းတို့ကိုရှာသောသူ။ ဤသို့လျှင် တရားပြည့်ဝကြကုန်သောသပ္ပုရိသအပေါင်းသူတော် ကောင်းစာရင်းတွင်အဝင်အပါဟူ၍ဂုဏ်ခံနိုင်လောက်အောင်အရည် အချင်းမပြည့်စုံသည့် ကိုဒေါင်းလူသာမန်မှာ စိတ်ပျက်ပါပြီဟု ပါးစပ် ကတစ်ဖွဖွပြောသော်လည်းစိတ်ရင်းတွင်မူကားဟာလာဟင်းနေသော ရင်ကို အချစ်ခတ်စာကျွေးလို၏။ မျိုသိပ်ထားရသမျှသောအချစ်တို့ ကို မိမိချစ်သူတစ်ဦးဦးအား ပေးကမ်းအပ်နှံထားလို၏။

သို့ရာတွင် ကိုဒေါင်း၏ အချစ်သည် မည်ကာမတ္တမဟုတ်။ ရိုးသားခြင်း၊ တည်တံ့ခြင်း၊ သည်းညည်းခံခြင်း၊ သဘောကောင်းခြင်း၊ အလိုလိုက်တတ်ခြင်း စသော ဂုဏ်ပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော မေတ္တာစစ်ဖြစ်လေရာ သူ၏ရုပ်ရည် အကျည်းတန်သလောက် သူ၏ အချစ်မှာလှပလေသည်။ ယင်းသို့ဖြစ်ရကားထိုအချစ်ကိုကြေးငွေတို့ ဖြင့် ရောင်းဝယ်ဖောက်ကား ပြုလုပ်သည်ကိုလည်း မနှစ်သက်နိုင်။ အချစ်တုအချစ်ယောင် အပေါ်ယံပေါ်ကြော့တို့နှင့်လည်း မလဲလှယ် နိုင်။လောကီသားပီပီ ထိုအချစ်တည်းဟူသောဘာမဟုတ်သည်တို့ကို ဘုရားတစ်ဆူဂူတစ်လုံးအမှတ်ဖြင့်ကိုးကွယ်အားထားမြတ်နိုးနှစ်သက် ပူဇော်သက္ကာရပြုလိုပေရကားအချစ်ဘုရားရှေ့ဝယ်အချစ်မီးထွန်း၍ အချစ်ပန်းအချစ်ရေချမ်းတို့ကိုကပ်ရင်းအချစ်ဘုရားရှိခိုး၍နေလာခဲ့ သည်မှာ ကာလမြင့်ညောင်းလှပေပြီ။ အချစ်ဘုရားဟူသည်လည်း ငါတို့၏သုံးလူထွတ်တား သဗ္ဗညုတမြတ်စွာဘုရားကဲ့သို့ မင်္ဂလာဂုဏ် ဖိုလ်ဂုဏ် နိဗ္ဗာန်ချမ်းသာတို့ကို ရရာရကြောင်းတရားရေအေးတိုက်

ကျွေးပြီးလျှင် ထိုနိဗ္ဗာန်ရောက်ကြောင်းတရားသည် မိမိကိုယ်တိုင်ကျင့်ကြံလုပ်ကိုင်မှသာလျှင်ရရာသည်ဟူ၍ကယ်တင်ခြင်းအတွက်ကို သတ္တဝါတို့အပေါ်၌သာတာဝန်ချထားခဲ့လျှင်ကိစ္စပြီးလေသည် မဟုတ်။ ငါတို့လူများကဲ့သို့ပင် အမြောက်ကြိုက်၊ အချော့ကြိုက်၊ အကပ်ကြိုက်၊လက်ဆောင်ကြိုက်ဖြစ်ရလေရကားပူးပေါင်း၍မြှောက်၊ချော့၊ကပ်လက်ဆောင်ထိုးကာမျက်နှာရအောင်အမျိုးမျိုးကြံနိုင်သသူကိုသာလျှင်လိုအပ်သောဆန္ဒနှင့်တစ်လုံးတစ်ဝတည်းပြည့်စုံစေတတ်သောသဘောရှိလေသည်။ ဤသို့တပြီးကားကိုဒေါင်းသည် အဘယ်မှာ မစွံဘဲရှိနိုင်အံ့နည်း။ စွံသည်ကားမှန်၏။ သို့ရာတွင် စွံသည့်အခါတိုင်းပင်လျှင် အချစ်ဘုရားအားဆီမီး၊ရေချမ်း၊ပန်းကပ်ခြင်းအမှုတို့၌လေဟင်းသွားတတ်ရာအချစ်ဘုရားသည်တုတ်ယောင် ခါးယောင်ဆောင်ကာတန်ခိုးပြာဋိဟာ ပြလေ့ရှိသည်။

ဤနည်းနှင်နှင်ဖြစ်ရလေကားကိုဒေါင်းသည် မိန်းမရပါဦးမည်လားဟူ၍ တစ်ခါတစ်ရံ ကျွန်ုပ်စိတ်၌ သို့လောသို့လောဖြစ်မိသည်။

အခါတစ်ပါး "ကိုကြီးထင်၊ အစ်ကိုကြီးအကြောင်း ဘာမျှမကြားသေးဘူးလား" ဟုရန်ကုန်သို့အလည်လာသော ကိုဒေါင်း၏တူမခင်ခင် က ကျွန်ုပ်အားမေးလေသည်။

ကျွန်ုပ်အတော်လန့်၍သွား၏။ ဘာများဖြစ်ပါလိမ့်မလဲ။ သက်ကယ်သောင်အသွား ခေါင်များကွဲသလားဟူ၍ တွေးမိ၏တွေးမိသမျှတို့မှာနှုတ်မှထွက်သွားမိ၏။

"မဟုတ်ပါဘူး။ ဝမ်းသာစရာအကြောင်းပါ။ မင်္ဂလာဆောင်တော့မလို့တဲ့"

"ဟေ. . . ဟုတ်လား. . . "ဟူ၍မျှသာပြောနိုင်ပြီးလျှင်ကျွန်ုပ်မှာ အံ့အားသင့်သွား၏။ ဝမ်းလည်းသာမိ၏။ ဘုရား၊ ဘုရား၊ဘယ်လိုမိန်းမစားထဲကပါလိမ့်။ ဖြူသလား၊ မည်းသလား၊ ပြာသလား၊ ညို

သလား။ ပိန်ပိန်သေးသေးလား၊လုံးကြီးပေါက်လှလား။ ကိုယ့်လူတော့ ကိုယ်ကြိုက်ကို ရပြီထင့်။ အင်း- အောင်ဇေယျတု၊အောင်ကြောင်းပြ၍၊အောင်ဆုပတ္တနာ၊အောင်ပါစေကြောင်း၊ညောင်ရေတွေလောင်းလိုက်ချင်ပါဘိကရို့။ နို့ပေမင့် နေပါဦး။ "ဟဲ့-ခင်ခင်ရဲ့ ဘယ်သူနဲ့တုံး"

"ဟို မဏ္ဍပ်ချောင်ဝက မရွှေကွန့်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်မုန့်ကြိတ်စက်ကလေးနဲ့အိမ်က ကွမ်းဝါးတတ်တဲ့ ဦးသာဗျေသမီး မရွှေနက်လေ"

"အေး. . . အေး နင်ပြောမှပဲ ငါမသိတော့တယ်။နင်ပြောတဲ့လူတွေ ငါ တစ်ယောက်မျှ မသိဘူးဟ"

"ဩော်. . . ကိုကြီးထင့်နှယ် ခက်ပါဘိ။ ကျားခေါင်းလက်ကောက်ကြီးလူမြင်အောင်အင်္ကျီလက်ပင့်ထားတတ်တဲ့မရွှေကွန့်လေ မသိဘူးလား။ ဦးသာဗျောကိုတော့ ကိုကြီးထင်မမှတ်မိလို့နေမှာပေါ့။ အဲလေ- ရွာရောက်တော့ သိရမပေါ့"

ကျွန်ုပ်သည် တစ်အောင့်နှစ်အောင့်လောက် တွေဝေနေဘိ၏။ အင်း- ကိုဒေါင်းတော့ မိန်းမရပေပြီ။ သူ့သဘောအတိုင်းဆိုလျှင် ကိုယ်ချစ် သူချစ် နှစ်ဦးချစ် မေတ္တာစစ်ဖြစ်ပေမှာပဲ။အာဂလူပေါ့။ ငွေစွမ်း ငွေစမရှိလို့သာ၊ လူစွမ်းလူစတော့ ညံ့လှတယ်မဟုတ်ပါဘူး။ ဟော. . . ယခုတော့လူစွမ်းရောငွေစွမ်းရောပြနိုင်ပြီထင့်သူယူမည့် မိန်းမဟာ ဧကန္တ 'ငါ့လင်နှင့်ငါ့ငွေ' အစားထဲက မိန်းမမျိုးဟုတ်မည်မထင်။လောကကြီးမှာငွေရှိမှ ထင်ပေါ်သည် မှန်၏။ သို့ရာတွင် မေတ္တာစစ်သည် ဒင်္ဂါးတွင် မျောက်ပန်းပါသည်မသိ။ခွေးသားစိတ်ရှိမရှိ မပြောတတ်။ ဂျော့ပဲ ဝေလာပဲ ဝိတိုရိယပဲဟူ၍ မရွေးချယ်။ ချွင်ချွင်နှင့်အသံမြည်သည်ကိုလည်းမကြားဖူး။မေတ္တာစစ်ကိုရနိုင်ရန်အရေးသည်ငွေကြေးပြည့်စုံမှ ဖြစ်နိုင်သည် ကားမှန်၏။ သို့သော်

မေတ္တာထားသည့်နေရာမှာ ငွေကိုအရင်း မူလထား၍ ကြည့်တတ်သူ ကား ကိုဒေါင်းမဟုတ်။

ကျွန်ုပ်သည် အတော်သဘောတွေ့မိ၏။ သတို့သားနှင့်သတို့ သမီးနှစ်ဦးတို့အား ကျန်းမာ၍ ချမ်းသာပါစေစိတ်သွားတိုင်းကိုယ်ပါ ၍ လိုရာရနိုင်ပါစေဟူ၍လည်း အတွင်းကျိတ်ဆုတောင်းမိ၏။ ဘာကို လက်ဖွဲ့ရပါမည်လဲဟူ၍လည်း စိတ်ကူးမိ၏။ ဂျပန်လုပ် ကော်ရုပ်၊ ကော်ခုတင်၊ ကော်ပုခက်၊ ကော်ဗီရိုတို့ကို လက်ဖွဲ့ရန် ဆုံးဖြတ်လိုက် ၏။

'ဂျပန်ပြည်မှာလုပ်သည်' ဟူသောပစ္စည်းတို့သည် အပေါစား၊ တာရှည်မခံ။ ကျွန်ုပ်၏ လက်ဖွဲ့ပစ္စည်းတို့သည် ထိုကဲ့သို့သော အပေါ စားတာရှည်မခံတို့ဖြင့်တစ်ရံတစ်ဆစ်မျှဆက်ဆံနိုင်ချိမ့်မည်မဟုတ်။ တစ်သက်လုံးအမှတ်တရဖြစ်ရစိမ့်မည်သို့ဖြစ်ရကားအဆိုပါဆုံးဖြတ် ချက်ကိုပယ်ချလိုက်ပြီးလျှင်ဘာကိုလက်ဖွဲ့ရပါမည်နည်းဟု စိတ်ကူး ကြည့်ပြန်၏ စိတ်ကူး၍မရသေး။

"နေပါဦးခင်ခင်ရယ်၊ သူယူမဲ့မိန်းမက တော်ရဲ့လား၊ သဘော သကာယ ဘယ့်နှယ်နေသလဲ။ ကြိုက်လို့ယူတာမှ ဟုတ်ပါလေစ"

"ကြိုက်မကြိုက်တော့မပြောတတ်ဘူး၊ကာယကံရှင်မိန်းကလေး ကိုက ဟော-ကိုဒေါင်းအိမ်တက်ရင် ခါးထဲကအဝတ်တစ်ထည် ကိုယ်တစ်ခုတည်းနဲ့ပဲ လာခဲ့ပါတဲ့၊ ကျေနပ်ပါတယ်တဲ့"

"ဟော. . . ဟုတ်လား"ဟုဆို၍ကျွန်ုပ်မှာစကားမပြောနိုင်ဖြစ်ရ ပြန်၏။

"လျော်ကန်လှပါပေ့မင်းကြီးများ"ဟူသော ပွဲထဲက ရှင်ဘုရင့် စကားကဲ့သို့ သင့်မြတ်လှပါပေသည်။ကျေနပ်လောက်ပါပြီ။ ကိုဒေါင်း တစ်ယောက်ဖြင့်လျှင်လောကကြီးကို အကျေနပ်ကြီးကျေနပ်၍ စိတ် ချမ်းသာခြင်းတို့နှင့်ပြည့်စုံကာနေရသမျှသောကာလအတောအတွင်း

လိုတရပါစေသတည်းဟုဆုမွန်ဆုကောင်းများထပ်လောင်းတောင်းမိပြီးလျှင် “ဤသို့လျှင် မင်းသားကလေးနှင့် မင်းသမီးကလေးတို့သည် အသက်ထက်ဆုံးပျော်ရွှင်စွာနေထိုင်ကြလေသတည်း”ဟူသောဒဏ္ဍာရီနိဂုံးကလေးကိုမင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ်ဖြင့်ပေးလိုက်ရလေတော့သတည်း။

*

# ဟာမက်ရှား

ကျွန်ုပ်တို့နှစ်ဦးအဖို့နေ့စဉ်အလုပ်ကားဒေါ်ဆင်၏လက်ဖက်ရည်ဆိုင်တွင် တစ်နေကုန်ထိုင်ခြင်းပင် ဖြစ်လေသည်။အခါတစ်ပါး၌ဝတ္တရားမပျက် လက်ဖက်ရည်သောက်ရင်း လက်တောက် ဘီလီယက်ဝိုင်းကိုငါးပိအိုးလောက်ခဲသလို သဲသဲမဲမဲတွယ်၍နေကြသောလူတစ်စု၏ပျော်ပါးကြပုံကိုကြည့်ရင်း အားကျမိ၏။ ၎င်းတို့မှာ အပူအပင် ကင်းလေစွ။ နိုင်လျှင်စားရမည်။ရှုံးလျှင်နိုင်မည့်သူရှာ၍အမဲဖမ်းရမည်မှာ၎င်းတို့၏နေ့စဉ်အလုပ်ပင်။ အမဲဖမ်းရင်းဖြုံသွားသူတို့မှာလည်းမထောင်းတာ။ နိုင်သူ့ထံပါး၌ ကပ်ရပ်နေလျှင် အဆင်ပြေသောဒေါ်ဆင်လက်ဖက်ရည်တစ်ခွက်ကိုဝကြီးသောက်နိုင်ချေသေးသည်။ ထို့ကြောင့်၎င်းတို့၌လောကကြီးသည်တွယ်တာခင်မင်စရာအကြောင်းလည်းမရှိ။ ရက်စက်မုန်တီးပစ်ပယ်စရာအကြောင်း လည်းမမြင်။ တစ်နေ့ရတစ်နေ့စား၊ တစ်နေ့တွက်တစ်နေ့ရှာ၍ ရှိသမျှကလေးနှင့်ရောင့်ရဲနိုင်ပေရာ လိုစရာလည်းမရှိ။ ရှိစရာ လည်းမလို။ ကြမ်းပိုးတေလေဟုအခေါ်ခံရသော်လည်း ဤလောကကြီးသည် ၎င်းတို့၏လောကကြီးသက်သက်ဖြစ်လေရကား ကျွန်ုပ်မှာ ၎င်းတို့နှင့်လိုက်လျောကာ စိတ်အကျေနပ်ကြီးကျေနပ်၍ နေမိလေသည်။

ကော်ဖီပူပူနွေးနွေးကလေး၏ အငွေ့မှာ ကျွန်ုပ်၏နှာခေါင်းထဲသို့ အသံမပြုဘဲ စွတ်၍ဝင်လာလေ၏။ ဤသည်တွင်မှ ကျွန်ုပ်လည်းကော်ဖီကို သတိရ၏။ အားပါးတရ ကျိုက်ချလိုက်ပြီးလျှင် မြန်မာခြောက်အကြမ်းအိုးကို ငှဲ့၍ သောက်မည်ပြင်၏။ ထိုခဏ၌ အောက်ပိုင်း ကာလသားခေါင်း ကိုမောင်ခိုင်သည် ဆိုင်ပေါ်သို့တက်လာ၍ဒေါ်ဆင်အား လက်ဖက်ရည်ပြင်ခိုင်း၏။

ကိုမောင်ခိုင်သည်ကိုဒေါင်းကိုမြင်လျှင်ပင်ပါလာသောကြိမ်လုံး ခေါင်းကြီးနှင့် ကိုဒေါင်း၏ဖော့ဦးထုပ်ကို 'ဘုတ်'ခနဲမြည်အောင်ရိုက်လိုက်ရာ ဒေါ်ဆင်ကော်ဖီပြင်နေသည်ကို ငေးစိုက်၍ကြည့်နေသော ကိုဒေါင်းသည် သတိရလာ၍ မျက်နှာကို ခပ်ဖြီးဖြီးလုပ်ကာကိုမောင်ခိုင်းအား မော့ကြည့်လိုက်၏။

ကိုမောင်ခိုင်လည်း ကျွန်တော်အနီးသို့ ကုလားထိုင်တစ်လုံး ဆွဲယူ၍ ထိုင်ပြီးလျှင်- "ဟော့- မင့်လူကို ပြောထားစမ်းပါဦးကွာ။ တစ်နေ့နေ့ဒုက္ခဖြစ်နေပါ့မယ်။တလောကသက်ကယ်သောင်အသွားမှာ သူ့ထိပ်ပြောင်ကလေး ကံကောင်းလို့ဟမသွားတယ်"ဟု ဆီး၍ တိုင်၏။

"ဘယ့်နှယ်လဲကိုဒေါင်းရဲ့၊ ကျုပ်မရှိတုန်း ဘာများဖြစ်တာတုံး"ဟုကျွန်တော်က ကိုမောင်ခိုင် တိုင်တန်းသည်ကို အသားယူကာ အုပ်ထိန်းသူ၏ လေသံမျိုးဖြင့် မေးလိုက်၏။

"မပြောပါနဲ့တော့ကွာ၊ မင့်လူ တစ်သက်တော့ စွံတော့မှာ မဟုတ်ပါဘူး။အရင် ဟာမက်ရှားတုန်းကလည်း ညောင်လိမ်မှာ ထိပ်ပြောင်ကလေးကျန်ရစ်ခဲ့မလို့"ဟုကိုမောင်ခိုင်ကဖြတ်၍ပြောပြန်လေ၏။

ကျွန်ုပ်မှာ ကြောင်တက်တက်ဖြစ်သွား၏။ "ဘာလဲဗျ ကိုဒေါင်းရဲ့ဟာမက်ရှားဆိုတာ။ အူကြောင်ကြောင်ဖြစ်အောင်တော့ မလုပ်ခဲ့ပါနဲ့။ ခင်ဗျားကရှင်းမှလင်းရမဲ့သူဖြစ်ပါတယ်။ ဒီတော့ မြတ်စွာဘုရားနဲ့အာနန္ဒာတို့ထုံးကိုနှလုံး. . ."ဟူ၍မျှစကားမဆုံးမီ ကိုဒေါင်းသည် နှုတ်ခမ်းတစ်ဖက်မျှသာပြုံး၍ "မလုပ်ပါနဲ့ကွာ၊ရပ်ထဲ ရွာထဲ ဘာလိုလိုဖြစ်နေတဲ့အထဲမှာဂိုဏ်းသင့်ပြီးဝမ်းကျနေပါဦးမယ်" ဟု ပြောရင်း လက်ဖက်ရည်ကြမ်းအိုးကို ငှဲ့လေ၏။

ကိုမောင်ခိုင်သည်ဒေါ်ဆင်လာပေးသောလက်ဖက်ရည်ပန်းကန်ကိုလှမ်းယူပြီးလျှင်ငြိမ်သက်စွာသောက်နေလေ၏။ ကိုဒေါင်းကား

လက်ဖက်ရည်ကြမ်းမသောက်သေးဘဲစျာန်သမာပတ်ဝင်စားဘိသည့် အလားမတုန်မလှုပ်နေ၏။ ၎င်း၏မျက်လုံးတို့သည် အဆုံးမရှိသော စကြဝဠာတံတိုင်း၏ဟိုမှာဘက်သို့မျှော်ငေး၍နေသည်မှာ စကြဝဠာ တံတိုင်း၌ ရုပ်စုံခင်းထားသော ၎င်း၏ဇာျပွဲတတ်တို့ကို မြင်နေရ၍ပေ လောဟု အတွေးခေါင်မိပေသည်။ ကျွန်ုပ်လည်း ၎င်း၏စကားသံကို နားစွင့်ရင်း၎င်းငှဲ့ထားသောအကြမ်းပန်းကန်ကိုယူ၍သောက်လိုက်၏။

"မင်းတို့ငယ်ငယ်ကဆိုလျှင် မင်းတို့အစ်မ ဝါးခယ်မ ဟာမက် ရှားဆိုင်က ရုပ်အင်္ကျီတွေ ခဏခဏဝယ်ပေးတာပေါ့" ဟု ကိုဒေါင်း သည်ကျွန်တော့်အား လှမ်းပြောရင်း ၎င်းငှဲ့ထားသော လက်ဖက်ရည် ကြမ်းပန်းကန်ကိုရှာ၏။ ကျွန်တော်နှင့်ကိုမောင်ခိုင်တို့လည်း ရယ် ကြ၏။

ယခုခေတ်သည်တိုးတက်ရေးခေတ်၊ကြီးပွားရေးခေတ်၊ပြုပြင် ရေးခေတ်၊ တက်ခေတ်၊တို့ဗမာခေတ်၊တို့ခေတ်၊ စာဆိုတော်ခေတ် ဖြစ်လေသကဲ့သို့ လွန်ခဲ့သော ၁၅ နှစ်ခန့်က ကျွန်ုပ်တို့၏ တောရွာက လေးခေတ်သည် ဟာမက်ရှားခေတ် ဖြစ်လေသည်။ အသားကောင်း ခြင်း၊တာရှည်ခံခြင်း၊ပုံကျနခြင်း၊ချုပ်ရိုးစိပ်၍သေသပ်ခြင်း၊ ရေလျှော် သောရုပ်အင်္ကျီ၏ ကောင်းသတင်းသည် ငါးပိပေါ်ချိန်၊စပါးပေါ်ချိန် တို့၌ ရွာသူရွာသားများတို့၏ နှုတ်ခမ်းဖျားတွင် ကျက်စား၍ နေ၏။ ထိုရုပ်မျိုးသည်ကားဝါးခယ်မမြို့ပေါ်တွင်နာမည်ရပြီးဖြစ်သောဟာမက် ရှားကုမ္ပဏီမှကျွန်ုပ်တို့၏တောရွာကလေးသို့ဇီးဇီဟူသောကုလားဒိန် တစ်ယောက်၏ပယောဂဖြင့်ချင်းနင်းဝင်ရောက်တွင်ကျယ်၍နေလေ ရကားရွာခံစက်ချုပ်သမားတို့၏လက်စလက်နကိုဖော်ပြရာဖြစ်သော လှသင်္ဂီရုပ်အင်္ကျီတို့မှာ ဆိုင်ပေါ်တွင်အထပ်လိုက်အထပ်လိုက်ပျင်းရိ စွာအချိန်ကိုဖြုန်းကြရလေသည်။ဆိုင်အထက်တွင်ဗန်းပြရန် ချိတ် ဆွဲထားသောလှသင်္ဂီတို့သည်မိမိတို့ကိုဖန်တီးလိုက်သူတို့အားစိတ်ပြေ

စေရန် မျောက်ဖိုးစိန်အကဖြင့် ယိုင်ထိုး၍ပြသော်လည်း ပျင်းရိဖင့်နွဲ့ လေးကန်သောကကြိုးတို့မှာဟက်ဟက်ပက်ပက်မရှိလေသောကြောင့် ဖြေဖျော်သည်ထက်အနာကိုတုတ်ဖြင့်ဆွသလိုဖြစ်နေရလေရာစက်ချုပ် သမားတို့ကား ဝမ်းထဲကကြိတ်၍ ဇီးဇီအား ကလော်ဆဲမိကြလေ သတည်း။

"အိုဟာမက်ရှားဆိုတာအကျော်ဇေယျပဲဗျာ။အဲဒါ ဘာဖြစ် တာ တုံးဗျ"ဟုပြောကာ ကျွန်တော်လည်း ကိုဒေါင်းအား အကြမ်း တစ်ပန် ကန်ငှဲ့၍ပေးလိုက်လေ၏။

"ဒီလိုကိုးကွ"ဟုဆိုရင်း ကိုဒေါင်းသည် အကြမ်းကို တစ်ကျိုက် ကျိုက်လိုက်ပြီးလျှင် ဣန္ဒိတံမြမြ ဆေးလိပ်ကို စတင်၍ဖွာလေ၏။

✸

နွှေဦးပေါက်စလသာသာညတစ်ညတွင်ညောင်လိမ်သွားရာ လမ်းမ ကြီးမှာ သင်းဖြူးခင်းထားဘိသကဲ့သို့ရှိ၏။ ပြန့်ပြူးသော လမ်းရှည် ကြီးမှာ စက်ဘီးရာနှင့်လှည်းကြောင်းတို့မှအစ အခြားသော ခလုတ် ကန်သင်းဆူးငြောင့်ချိုင့်ဝှမ်း အိုင်ဗွက်တို့မှ ကင်းဝေးခဲ့လေသည်။

ထိုည သချိုင်းကုန်းအလွန်လောက်တွင် စက်ဘီးတစ်စီးကို လူနှစ်ယောက် ကန့်လန့်ကန့်လန့် ယိုင်တိယိုင်တိုင် စီးနင်းလျက်သွား နေကြသည်။ တစ်ယောက်ကားဖင်ထိုင်ခုံပေါ်မှနေ၍ တစ်အား နင်း လျက်၊တစ်ယောက်ကားလက်ကိုင်နောက်တန်းပေါ်တွင် အမြိုင့် သား တင်ပါးလွှဲထိုင်လျက် အချိန်မတော်ခရီးထွက်နေကြသည်မှာ တော် တော်ထူးဆန်းလှပေသည်။

ထိုအခြင်းအရာသည်ညောင်လိမ်သူ ညောင်လိမ်သားတို့အဖို့၌ မထူးဆန်း။ မြင်နေကျ တွေ့နေကျဖြစ်လွန်း၍ ၎င်းတို့၏ မျက်စိ၌ စပါးမွေးစူး၍နေသည်မှာ ကာလမြင့်ညောင်းလှလေပြီ။

ညောင်လိမ်လမ်းဘေးတစ်ဖက်တစ်ချက်တွင်ကွမ်းခြံ၊ချဉ်ပေါင်ခြံ၊ မုန်လာခြံ၊ သရက်ခြံတို့မှာ အသီးသီးစိတန်းလျက် ရှိကြကုန်၏။ ညောင်လိမ်သို့အဝင်တွင် ကုက္ကိုပင်တွေက အုပ်အုပ်ဆိုင်းဆိုင်း၊သရက်ပင်များကရှုပ်ရှုပ်ထွေးထွေးနှင့်မှိုရောင်ခြည်တို့ကိုအားသွန်၍လွှတ်နေသောလမင်းကြီးမှာညောင်လိမ်ရွာကလေးကိုအလျဉ်းပင်ဂရုမစိုက်တော့ဘဲကောင်းကင်ပြင်တွင်တိမ်နတ်သားတို့နှင့်လိုက်တမ်းပြေးတမ်း ကစားကာနေဘိ၏။အဆိုပါနှစ်ဦးတို့လည်းရွာဝသို့ရောက်လျှင်စက်ဘီးပေါ်မှကိုယ်စီဆင်း၍ ရွာတွင်းသို့ကုပ်ကုပ် ကုပ်ကုပ်နှင့် ဝင်သွားကြလေ၏။

သရက် လေးငါးပင် မရန်း လေးငါးပင်တို့ ဝန်းရံလျက်ရှိသောခနိမိုးခနိကာ တဲအိမ်ကလေးမှ ခပ်လှမ်းလှမ်းသို့ရောက်သော် အရိပ်အဆင်ကြည့်ရင်းအမောအပန်းဖြေကာနှစ်ဦးသားသစ်တစ်ပင်အောက်သို့ ခေတ္တဝင်ရောက်ခိုလှုံ၏။

တဲအိမ်ကလေးကားမွန်အိမ်ဖြစ်၏။ သုံးပင်နှစ်ခန်း ကဲလားနှစ်ခုနှင့် ခေါင်းရင်းဘက်တွင် ရေအိုးစင်ရှိ၏။ အုပ်ဆိုင်းနေသောသစ် ပင်တို့အကြားမှ ကတ်သီးကတ်သတ်လျှိုဝင်၍လာသောလမင်း၏ဘော်ရည်တို့မှာအိမ်ခေါင်မိုးပေါ်တွင်တလက်လက်တဝင်းဝင်းနှင့်ကခုန်ကာ နေဘိသကဲ့သို့ရှိသည်အိမ်ကလေး၏ခေါင်းရင်းဘက်တွင်ကားဆောင်းသက်မကုန်နှံ့တကုန်မှို့ညဦးကမွှေးထားသောကနစိုထင်းမီးတို့မှာသရက်ပင်အိုကြီး၏မှောင်ရိပ်ကိုအသားယူ၍တရဲရဲတညီးညီးရှိ၏။ တဲအိမ်ကလေး၏ ပတ်ဝန်းကျင်ကား တိတ်ဆိတ်ခြင်းကြီးတိတ်ဆိတ်၍နေ၏သို့သော်တစ်ချက်တစ်ချက်တွင်သရက်ပင်ပေါ်မှနှင်းပေါက်များစု၍မီးပေါ်သို့အကျတွင်တရှဲရှဲအော်လိုက်သောအသံတို့မှာဝင်လာသူနှစ်ဦးအား အော်ငေါက်ကာနှင်၍ပစ်သကဲ့ သို့ရှိ၏။

"ဟော့- မောင်ချစ်၊ အဘိုးကြီးတော့ သိုးနေပြီတင်တယ်ကွ"ဟု တစ်ယောက်သောသူသည် ၎င်း၏အဖော်အားတိုးတိုးကလေးကပ်၍ ပြောလိုက်၏။ ထိုလေသံကလေးမှာ တိတ်ဆိတ်ခြင်းကိုမထိလေးစားပြုကာ နဂိုရင်းအသံထက်တိုး၍ ကျယ်လာလေ၏။ အသံရှင်လည်း ဤမျှ တိုးတိုးပြောလိုက်သောလေသံကလေးသည် အဘယ်ကြောင့် ကျယ်လောင်လာရသည်ကိုမတွေးတောတတ်သဖြင့် စိတ်ရှုပ်လာဘိသည့်အလား မိမိပေါင်းထားသောတဘက်ကို ခေါင်းပေါ်မှ ဖြုတ်၍ ခေါင်းကိုကုတ်လိုက်သည်တွင် ကြို့ကြို့ကြားကြားမှထိုး၍နေသော လရောင်ကလေးတစ်ခုသည်ပြေး၍ဟပ်လိုက်လေရာထိပ်ပြောင်ပြောင်ကလေးမှာ သပိတ်ရောင်ထသွားလေ၏။

"ခါတိုင်းလိုပေါ့ ကိုဒေါင်းရယ်။ သွားမှာသာသွားစမ်းပါ" ဟု ပြော၍၎င်း၏အဖော်သည်ခြံစည်းရိုးတွင် စက်ဘီးကိုထောင်ပြီးလျှင် ကိုဒေါင်းကိုမျှမစောင့်နိုင်ရှာဘဲဖိနပ်ချွတ်သို့တက်၍ရေအိုးစဉ်တွင် ရေဝင်သောက်၏။ ကိုဒေါင်းလည်းအိမ်ကလေးကိုပတ်ပြီးလျှင်နောက်ဖေးဘက်သို့လျှောက်သွား၏။ ကိုချစ်လည်းရေသောက်ပြီးသော် သရက်ပင်အိုကြီးအောင်သို့ဝင်ကာမီးဖိုကလေးနားထိုင်၍မီးစ၍လှုံ၏။ အတန်ကြာသော်ကိုဒေါင်း၏ချောင်းဟန့်သံကိုကြား၍နားကိုစွင့်၏။ ဝါးကိုယှက်၍ခင်းထားသော ကြမ်းပြင်ကလေးကိုသာယာစွာနင်းသံကြားလိုက်ပြီးလျှင် ခပ်အုပ်အုပ်ကလေးအီခနဲမြည်သွားသော တံခါးပွင့်သံကို တစ်ဖန်ကြားရပြန်၏။ ကိုချစ်၏မျက်နှာပေါ်တွင်ကစား၍နေသောမီးနီရောင်ကလေးဖြင့်ကိုချစ်၏ကျေကျေနပ်နပ်သဘောကျစွာပြုံးလိုက်သော အပြုံးကလေးကို မြင်နိုင်ပေသည်။

အိမ်တွင်း၌ အသို့နေကြမည်နည်း။ ကိုဒေါင်းသည် တံခါးဖွင့်ပေးသောလက်ကလေးကို အသာယူပြီးလျှင်မီးဖိုခန်းကိုလှမ်း၍တက်၏။ နှစ်ဦးသား ရင်ဆို့အကွယ်ဘက်သို့ သွားကြ၏၊ ရင်ဆို့နားတွင်

ကပ်လျက်အိပ်ရာတစ်ခုရှိ၏။ပိတ်ခြင်ထောင်ထောင်ထား၏ခြေရင်းတွင်ကားရေနံဆီမီးခွက်ကလေးသည်နာရီပြန်တစ်ချက်တီး၍မင်းသမီးမင်းသားစခန်းသွားကိုအိပ်မှုန်စုံမွှားနှင့်ထ၍ကြည့်ရသည်မှာအားမရနိုင်သကဲ့သို့ မျက်တောင်တခတ်ခတ်နှင့်ကြည့်၏။ကိုဒေါင်းကားမိမိခေါင်းပြောင်ကလေးကိုတစ်ဖက်သို့ထုတ်၏။ ဇီးဇိထံမှ နှစ်ကျပ်တစ်မတ်နှင့်မနေ့တစ်နေ့ကမှအကြွေးဝယ်လာသော ဟာမက်ရှားရှပ်ကလေးကိုချွတ်၍ကျူထရံတွင်အသာချိတ်၏။အတွင်းခံစွပ်ကျယ်ကလေးနှင့်နေ၏။အိမ်သည်လည်း ဆေးပေါ့လိပ်တစ်လိပ်ကို ညှိပြီးလျှင် ဧည့်သည်အား တည်၏။ကိုဒေါင်းလည်းဆေးလိပ်ကို တစ်ဖွာနှစ်ဖွာမျှဖွာရင်းပိုးစုန်းကြူးကဲ့သို့မှိတ်တုတ်မှိတ်တုတ်နေသောရေနံဆီမီးခွက်၏ တစ်ချက် တစ်ချက်အလင်းတွင် မြင်ရသောကျက်သရေရှိသည့် သူ့မျက်နှာ ကလေးကို တမှုံ့မှုံ့ကြည့်ပြီးလျှင် ဆေးလိပ်ကို အသာချ၍ ထားလေ၏ ။

ခြင်ထောင်ထဲမှ တတွတ်တွတ်နှင့် ပြောနေကြသော အသံများသည် တစ်ချက်တစ်ချက်တွင် ခြင်ထောင်အပြင်ဘက်သို့ ထွက်ရန်အားယူကြ၏။ သို့ရာတွင် ထွက်အံ့သောငှာမစွမ်းနိုင်။ ထွက်မည်ဟုဟန်ပြင်တိုင်း အသံရှင်တို့ကဆွဲ၍ထားသောကြောင့် မြုပ်၍သွားလေသည်။

ဤသို့ ချစ်သူနှစ်ဦးစကားတွတ်တွတ်ထိုးနေသည်မှာ အတီမျှကြာသည်မသိအောက်စောင့်ကိုချစ်ကားတစ်ရေးနှစ်ရေးမျှရလေပြီ။ဆောင်းတွင်းတွင်သဘာဝအလျောက်ရအပ်သောမီးဖိုကလေးမျှသာတင်းတိမ်ကျေနပ်ကာပု၍ကွေးနေရသည်မှာကြာပြီဖြစ်၍ခြေလက်တို့ကို ခေတ္တဆန့်ပြီးလျှင် ကနစိုထင်းမီး၏ အပြစ်ကင်းသော ရင်ငွေ့ကိုလှုံရင်း အိပ်မောကျသွားပြန်လေ၏။

ကိုချစ်အဖို့ နတ်သက်တစ်ရာသည် ကိုဒေါင်းအဖို့ တစ်နာရီမတ်တင်းမျှသာကြာသည်ဟုထင်ရ၏။ပြောစရာစကားများကလည်း

မကုန်နိုင်။ ပြော၍လည်းမဝ။ ပြောချင်သည့်ဆီကိုလည်း မရောက်။ တစ်ခွန်းပြောပြီးလျှင်နှစ်ခွန်းကျန်၍နေသေးသည်ချစ်ဖွယ်သောစကားများ လည်းပြော၏။စကားနာကလေးများလည်းသုံး၏။ရန်စကလေး ထောင်၏။ ချော့သံကလေးများလည်းပါ၏။ သူကလေးက တစ်ချက်တစ်ချက်နွဲ့လိုက်သည်ထင်သည်။ မူရာများနေလသလား။ ‘သည်လိုဖြင့်ရင် မလာနဲ့’လို့လည်းဆိုလိုက်လေသလား။ အိုသည်လို လည်း တောက်တောက်ခါးခါး နှင်ရက်မယ်မဟုတ်ပါဘူး။ စင်စစ် ခြင်ထောင်အပြင်ဘက်ကဆိုလျှင် ဘာသံမျှမကြားရ။ မျက်မှန်းဖြင့် ရမ်းဆရတော့သည်။ တစ်ချက်တစ်ချက်မူကား စိတ်မရှည်နိုင်သော ရေနံဆီမီးခွက်ကလေးသည်ဒေါသပုံခင်းကာဝုတ်ခနဲဝုတ်ခနဲမြည်သံ မူကား အသေအချာ ကြားနိုင်ပါပေသည်။

ထိုရေနံဆီမီးခွက်၏ ဝုတ်ဝုတ်မြည်သံနှင့်ရော၍အိမ်ရှေ့ဘက် မှ သစ်ရွက်ခြောက်ကို ခပ်ဆတ်ဆတ်နင်းသံ ကြားရ၏။

‘ဩော်. . . မောင်ချစ်၊ မောင်ချစ်၊ တစ်ယောက်တည်း ချမ်းနေ ရှာမှာပဲနော်’ ဟု ကိုဒေါင်းသည် ဝမ်းတွင်းကကျိတ်၍ စုတ်သပ်မိ၏။

အိမ်ရှေ့ဆီမှအသံသည် မသက်ာစရာ တိုး၍လာလေ၏။ ကိုဒေါင်းသည် ခေါင်းကိုကြွ၍ နားထောင်၏။ သူကလေး၏နားနား ကပ်၍‘ဘာသံလဲ’ဟု မေးလိုက်ရာတွင် သူကလေးက ဘာပြန်ပြော သည်ကိုမသိလိုက်။ နှာခေါင်းထဲသို့ သနပ်ခါးမှုန့်များ လိမ့်၍ဝင်လာ သည်ကိုသာ သတိထားမိ၏။

အိမ်ကလေးသိမ့်သိမ့်ခါသွား၏။ ကဲလားကြွသံ၊ အပြေးအလွှား ပြေးလာသော ခြေသံတို့ကို ကြားရလေ၏ ထိုအခါမှ ကိုဒေါင်းသည် ‘ဧကန္တတစ်ခုခုပဲ’ဟုသိလိုက်၏။ ဝေါက်ခနဲထထိုင်၏။ ခြင်ထောင်ကို ဖွင့်၏။ မျက်လုံးထဲ၌မီးပွင့်သွား၏။ မတော်ရသေးသော ယောက္ခမ ကြီး၏ရက်စက်ကြမ်းကြုတ်သောမျက်နှာထားနှင့်လိုက်လျောစွာ ဝင်းစက်ပြောင်လက်သောကက်ကြီးတောင်ဓားကိုပြေး၍မြင်၏။ မီးဖိ

ဆောင်ထဲသို့အားသွန်၍ တစ်ဟူးထိုးလွှားလိုက်၏။ အဘိုးကြီးလည်း ဓားကိုမိုး၍ ထက်ကြပ်လိုက်၏။ ကိုဒေါင်းလည်း ရှိသမျှအားတို့ကို ဖျစ်ညှစ်ထုတ်ပြီးလျှင်နောက်ဖေးပေါက်မှ တအားခုန်၍အဆင်းတွင် 'ဒိုင်း'ခနဲအသံကြီးသည်ပဲ့တင်ထပ်၍သွားလေ၏ငှက်ကြီးတောင်ဓား သည်လည်း တံခါးဘောင်တွင် စိုက်၍နေလေ၏။

အသားလည်းကောင်း၊ တာရှည်လည်းခံ၏။ ပုံလည်းကျန၏။ ချုပ်ရိုးစိပ်စိပ်နှင့်သေသပ်၏ရေလျှော်လိုက်ရလျှင်လည်းအရောင်လွင် ၍လာပေမည်။ ဤသို့သောဂုဏ်ပုဒ်တို့နှင့်ပြည့်စုံလှစွာသောအသစ် ကျပ်ချွတ် ဟာမက်ရှားကလေးကား နီမြန်းသောရေနံဆီမီးခွက်၏ အရောင်တွင်နီလွင်သောအဆင်းကိုဆောင်လျက်တောင်ယိမ်းမြောက် နွဲ့ လုပ်လဲ့လဲ့နှင့်တစ်ဖက်သားတအားမဲ့အောင်ထားခဲ့ရှာ့သလားဟု ညည်းတွားကာနေဘိသည့်အလား ကြောက်အား တော်ပိုပြီးလျှင် ဖိုလှိုက်ဖိုလှိုက်နှင့် ကျန်ရစ်ရှာလေသတည်း။

*

"အဲ ဟိုတုန်းနည်းနည်းကလေးများနောက်ကျသွားရင်လေ. . "ဟု ဆို၍ကိုဒေါင်းသည်ဆက်လက်မတွေးဝံ့သောမျက်နှာထားနှင့်ကျောရိုး တစ်လျှောက် ကင်းတက်၍ လျှောက်ဘိသကဲ့သို့ ကိုယ်ကိုတွန့်ခါလိုက် ပြီး စကားကို ရှေ့သို့မဆက်ဘဲထားလေ၏။

ကျွန်တော်လည်း "ဒေါ်ဆင် အကြမ်း အကြမ်း" ဟု အော်၍ အကြမ်းတစ်အိုးကို မှာပြန်၏ "အဘိုးကြီးက မလိုက်ဘူးလားဗျ" ဟူ၍လည်း ကိုဒေါင်းကို မေးလိုက်၏။

ကိုဒေါင်းကားကျွန်တော့်အမေးကိုမဖြေသေး။လွန်လေပြီး သောအခြင်းအရာတို့သည် ၎င်း၏စိတ်မျက်စိတွင် မြင်နေရသော ကြောင့်မဖြေအား။ အတန်ကြာမှကျွန်တော်၏လက်ကိုတို့လျက် -

"မင်းနှယ်ကွာ သီသီကလေးလိုတော့တယ်။ ခားကြီးကိုဝဲပြီးလာလိုက်တာဟာခေါင်းပြုတ်ပြီးကျန်ရစ်ခဲ့ပြီလို့အောက်မေ့မိလိုက်တာကလား။ နောက်ပြီးတော့ အဘိုးကြီးနောက်က ထက်ကြပ်ပါလာတယ်လို့ အောက်မေ့တယ်။ ဘာလာနိုင်မလဲကွာတံခါးပေါင်မှာစိုက်နေတဲ့ခား ကိုအတော်ဆွဲနှုတ်နေရသေးတာကလားမောင်ချစ်လည်းအတော်ကို ကံကောင်းတာပဲ။အဘိုးကြီးပြေးလာတာကိုသူကလဲမြင်။ အဘိုး ကြီးကလဲမတွေ့။ တွေ့များတွေ့သွားကြရင် မောင်ချစ်ခားစာခံပေါ့ ကွာ. . . "ဟုဆို၍ ဒေါ်ဆင်လာချသောအကြမ်းအိုးကိုပန်းကန်းစေ့ ငှဲ့၍ ပေးနေလေ၏။

ကိုမောင်ခိုင်သည် ထိုင်ရာမှထ၍-"ဩော်၊ ဟာမက်ရှားကြီး နှယ်၊ ကံကောင်းလွန်းလို့ သည်ခေါင်းပြောင်ကြီး ပခုံးနှစ်ဖက်ကြားမှာ တွေ့ရသေးတာပဲနော်"ဟုပြောကာ ကိုဒေါင်း၏ဇက်ကို လက်ဝါး စောင်းနှက်ပြီးသော် ဒေါ်ဆင်အား လက်ဖက်ရည်ဖိုး လှမ်းပေးရင်း ဆိုင်ပေါ်မှ ဆင်းသွားလေ၏။

ကျွန်ုပ်တို့နှစ်ဦးသားမှာအကြမ်းအိုးနှင့်အတူကျန်ရစ်ခဲ့ကြလေ၏။ ကိုဒေါင်း၏အဖြစ်အပျက်တို့ကား အဆုံးသို့မရောက်သေး၊ ဆက်ရန်ရှိသေးသည်ဟူသော အရိပ်နိမိတ်တို့မှာ ကိုဒေါင်း၏စဉ်းစားနေသောမျက်လုံးများတွင် အကွင်းသား ပေါ်၍နေလေ၏။

"အဆုံးတော့ သည်လိုကိုးကွ။ ညောင်လိမ်သားတွေက ကောင် မလေးကို သူတို့ပိုးလို့မရတိုင်း သမီးအကြောင်းတွေကို ဖအေ့ ပြောပြထားတာကိုး။ ဒါတင်မဟုတ်သေးဘူး။ ငါတို့လာချိန်ကိုလည်း အခါပေးထားနှင့်ပြီးတကတဲ-အဘိုးကြီးကို သူ့သမီးမသိအောင်ခေါ်၊ ကစော်တွေနင်းတိုက်၊ တို့ရောက်ကြောင်းသိတော့မှ လွှတ်လိုက်တာ လား။ တော်တော့်ကို အကြံပက်စက်တဲ့ အကောင်တွေပဲဟေ့"

"မောင်ချစ်ဆိုတဲ့မောင်ချစ်ကလည်းငါ့ကိုခားနှင့်ခုတ်သံကြားမှ နိုးသတဲ့။ ငါလဲ အိမ်ရှေ့ရောက်တယ်ဆို သူ့အတင်းဆွဲပြီး ကွာ-

စက်ဘီးတောင်မစီးအားတော့ပါဘူး။ လမ်းဒရွတ်တိုက်ဆွဲပြီး သုတ်ကြရတာပါပဲ။ လက်ဦးတော့အဘိုးကြီးဟာ ခြံအပြင်ဘက်ကို လိုက်လာမှာမဟုတ်ဘူးအောက်မေ့တယ်။ လူသံကြားလို့ လှည့်ကြည့်လိုက်တော့မှ လား. . . လား အဘိုးကြီးကရှေ့ကဓားကြီးကိုင်လို့။ ညောင်လိမ်သားတွေက နောက်ကတစ်ပြုံကြီး။

“တို့က နှစ်ယောက်တည်းဆိုတော့ သူတို့ကို မခံနိုင်ဘူးပေါ့။ နို့ပေမယ့် ဘုရားစူးရပါစေ့ ညောင်လိမ်သားလောက်တော့ကွာ. . .” ဟုဒေါနှင့်မောနှင့်ပြောကာလက်ဖက်ရည်ကြမ်းအိုးကိုငှဲ့ပြီးဆောင့်၍ချလိုက်၏။

ကိုချစ်နှင့်ကိုဒေါင်းတို့ကား ရှေ့သို့တိုးလိုက်၊ တစ်ချက်တစ်ချက်တန့်၍ခံလိုက်နှင့် တဖြည်းဖြည်း ကိုဖေဘ၏ခြံနားသို့ ရောက်လာ၏။ မိမိတို့၏ ရွာသားဖြစ်သူနှင့် နီးလာသည်နှင့် တပြိုင်နက်တအားတက်လာရကာ ကိုဒေါင်းသည် လိုက်လာသူတစ်စုအား-

“ဟေ့-မင်းတို့ကို မကြောက်လို့ မင်းတို့ဆီလာတာကွ။ ရဲရင်ဟိုအထိလိုက်ခဲ့” ဟုလှည့်၍အော်၏။ လိုက်လာသူတို့ကား ကိုဒေါင်းတို့အနားသို့ ရဲရဲမကပ်ဝံ့ကြတကယ်တမ်းဆိုလျှင်လည်းသတ္တိနည်းသူများမဟုတ်။ပုပ်၍ပွလုနီးပါးကျားသေကောင်ကို အမြီးဆွဲဝံ့သူများတည်း။

ကိုဖေဘ၏ခြံဝသို့ရောက်သော်ကိုဖေဘသည် ကစော်မူးမူး နှင့်ယိုင်ထိုးကာ ထွက်လာ၏။ အာလေးလေးနှင့် “ဟေ့-ဘလူတွေလဲကွ၊ အံ့-မာ- ကိုဒေါင်းပါကလား။ ဘာလဲ၊ ဘာဖြစ်လဲ” ဟု မေး၏။ ကိုဒေါင်းလည်းပြောပြ၏။ကိုဘဖေသည်အကြောင်းကိုသိရသည်နှင့်တစ်ပြိုင်နက်အိမ်ပေါ်သို့ခေတ္တတက်ပြီးလျှင်ပြန်ဆင်းလာ၏။ ကိုဒေါင်းတို့ရှေ့တွင်နှစ်ဖက်ချွန်တံစည်းနှင့်ဓနိခုတ်ဓားနှစ်စင်းကိုပစ်ချလိုက်ပြီးလျှင်“ဟေ့-ဒီကောင်တွေကိုဆော်သာဆော်ကွ။ အားမနာနဲ့”

ဟုအားပေး၏။ ပြီးလျှင် ခြံအပြင်ဘက်သို့ ယိုင်ထိုးကာထွက်သွားပြန်၏။လက်နှစ်ချောင်းကိုမြောက်လွှဲကျော်ကဲ့သို့လွှဲ၍-"ဟေ့-ညောင်လိမ်သားတွေရဲရင်ထွက်ခဲ့။ဘယ်သူ့မှဗိုလ်မထားဘူးကွ"ဟု လိုက်လာသူတစ်စုအားလှမ်း၍အော်၏။ ကလော်၍တုတ်လိုက်သည်မှာလည်း မကြားဝံ့မနာသာ။

ယောက္ခမလောင်းကြီးက ဦးစီးနာယကပြုသော ညောင်လိမ်သားတစ်စုကားအလျှိုအလျှိုနှင့်ပျောက်ကွယ်သွားကြလေတော့သတည်း။

သုံးဦးသား စကားမပြောဘဲ အမောအပန်း ဖြေ၏။ ကိုဒေါင်းမှာဒေါတွေဘာတွေဖောင်းလိုက်ရ၍ရင်ထဲ၌အတော်ဟာသွားသည်။ ထို့ကြောင့်ကိုဖေဘထံမှပုလင်းကပ် ကလေးများ တောင်း၍မော့၏။

ကိုချစ်ကား ကမူးရှူးထိုးနှင့် အတင်းသာ ပြေးလာခဲ့ရသည်။ တစ်ချက်မျှစိတ်မဆိုးနိုင်။စိတ်လည်းမညစ်နိုင်။ကြောက်ရမှန်းလည်း မသိ။ ပျော်စရာအကောင်းသားဟူ၍ပင်ထင်မိ၏နဂိုရင်းကပင်လျှင် ဟာသဉာဏ်ရွှင်ရွှင်နှင့်ပျော်ပျော်နေတတ်သူဖြစ်ရကာကိုဒေါင်း တစ်ယောက်ငါးစာအဟပ်လွတ်၍သွားသည်ကိုတွေးမိရင်း ဝမ်းတွင်းက ကျိတ်၍ တခိခိရှိနေ၏။

ရွာသို့ပြန်ကြ၏။ရွာအဝင်တွင်လမ်းနှင့်ခပ်ကွာကွာ၌ တဲအိမ်ကလေးတစ်ခု တွေ့၏။ ကိုချစ်စိတ်၌ အချက်ပဲဟု တွေးလိုက်၏။ ကိုဒေါင်း၏ နား-နားသို့တိုးတိုးကပ်၍ပြောလိုက်၏။ ကိုဒေါင်းက- "ဟုတ်လား၊ သူ့နာမည်က ဘယ်သူ. . ."ဟုမေး၏။

"မဖဲ" ဟုဖြေလိုက်သော ကိုချစ်၏စကားဆုံးသည်နှင့်တစ်ချက်တည်းကိုဒေါင်းသည် တဲကလေးဆီသို့သွား၍ မဖဲအားနှိုးလေ၏။

"မဖဲ၊ မဖဲ၊ ပွဲသွားမယ်လေ။ မောင်ချစ် ပြောထားပြီးဆို"

"ဘယ်ကမောင်ချစ်လဲ၊ ဘာပြောထားတာလဲ။ အချိန်မတော် ဘာလာလုပ်တာလဲဟင်"

"ဟဲ့-ကောင်မနှယ် အချိန်မတော်လာတဲ့ ကိုယ့်ဧည့်သည်ပဲ၊ အိမ်ပေါ်ခေါ်တင်ရောပေါ့"ဤအသံကားအိပ်မှုန်စုံမွှားနှင့်ပြောလိုက်သော ယောက်ျားသံတည်း။

"တယ်-ဒီမအေဟာ ဘာမသိညာမသိနဲ့ နင့်အမေ့လင်မို့ အိမ်ပေါ်တင်ရမှာလား"ဟူသောမဖဲ၏အသံသည်တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေ၏။ လင်မယားနှစ်ယောက် အတိုင်အဖောက်ရန်တွေ့ကြတော့သတည်း။

ထိုအခါသော်မှ ကစော်ရည်များ စိမ့်၍ယိုနေသော ကိုဒေါင်း၏ ဦးနှောက်ထဲတွင် 'ငါ့ကို မောင်ချစ် တစ်ပတ်ရိုက်တာပဲ' ဟူသော ဉာဏ်အလင်းသည် ထွင်းဖောက်ထွန်းလင်းလာလေရာ ကိုချစ်ဆီသို့ ကပျာကသီပြေးလွှား၍-မင်း. . တယ်နောက်တဲ့အကောင်ပဲကွာ။ ငါ့အဟုတ်မှတ်လို့" ဟုပြောပြီးလျှင်တဟားဟားရယ်နေသောကိုချစ် ကိုအတင်းဆွဲ၍ ရွာထဲသို့ ဝင်လေ၏။

ကွင်းတန်းတွင် ရုံပွဲကလေး တခြိမ့်ခြိမ့်ခံ၍နေသည်။ ကိုဒေါင်းတို့ နှစ်ဦးလည်း ပွဲဈေးတန်းသို့ ဝင်၍ ပွဲဈေးစားကြ၏။ အတော်ပင် စားနိုင်ကြသည်။ ကိုဒေါင်းမှာဝမ်းအဆာကားပြေပါ၏။ စိတ်အဆာ မပြေသေး။ထို့ကြောင့်ကိုချစ်ကိုလက်ကုတ်၍ဗိုလ်တဲဘက်သို့ထွက် လာခဲ့၏။ကိုချစ်ကား ဗွက်ကြီးတန်းသို့ သွားရန် မှတ်၍ ဘာမျှမမေး။ ကုလားရုံများကိုဖြတ်သည့်အခါမှစိတ်ထဲ မသင်္ကာသလိုလို ရှိလာ၏။ သို့သော်ကိုဒေါင်းဘာလုပ်ဖို့သွားသည်ကိုမရိပ်မိသေး။ မဖဲတို့တဲရှေ့ မှာရပ်လိုက်မှကိုဒေါင်းအခဲမကြေသေးသည်ကို သိရ၍ - "ကိုဒေါင်း ဘာလုပ်ဦးမလို့လဲ၊ မလုပ်ပါနဲ့ဗျာ၊ သူ့ဟာသူနေပါစေ"ဟု ဖျောင်းဖျ၏။ ကိုဒေါင်းကား "အိုး. . . မဟုတ် တာဘာမှမလုပ်ပါဘူးကွ။ ဆေးလိပ်မီးညှိချင်လို့ပါ" ဟု ပြောပြောဆိုဆိုနှင့် ကိုချစ်လက်ထဲမှ ရုန်းထွက်ပြီးလျှင် မဖဲအိမ်ဆီသို့ အတင်းသွားလေ၏။

မဒမသားကို အလုံးလိုက်ခင်းထားသော ဖိနပ်ချွတ်အထက် မြင်းကသားခွဲခြမ်းကို လုပ်ထားသော ခါးပန်းပေါ်သို့ ခေါင်းအုံး၍ မဖဲ၏ယောက်ျားသည်ရန်ဖြစ်ရသည်မှာမောမောရှိသည်နှင့်တအောင့် တနားလှဲရင်းဆေးပြင်းလိပ်ကိုစည်းစိမ်နှင့်ဖွာနေလေသည်။ စောစော ကထူးဆန်းစွာဝင်လာသူနှစ်ဦးတို့၏အကြောင်းကိုလည်းစဉ်းစား၍ နေဟန်တူသည်။ကိုဒေါင်းလည်းလှဲနေသူ၏အနီးသို့ရောက်သော်- "ဗျို့ဆရာကြီး၊ မီးတစ်တို့လောက် ပေးစမ်းပါ " ဟု ဆေးလိပ်တိုကို တောင်း၏။သဘောကောင်းသောမဖဲယောက်ျားသည်အချိန်မတော် ဝင်လာသူ၏ဇာစ်မြစ်ကိုပထမမေးမြန်းပြီးမှဆေးလိပ်မီးကိုပေးရမည့် အစား ဆေးလိပ်မီးကိုအရင်ပေးလိုက်ပြီးမှ"မိတ်ဆွေကဘယ်ကတုံး" ဟုမေး၏။

ကိုဒေါင်းသည် ဘာမျှပြန်မပြော။ ဆေးလိပ်ကိုသာ အတွင် ညှိ၏။ပြီးလျှင်ဆေးလိပ်ကိုပြန်ပေး၏။ မဖဲ၏ယောက်ျားက လှမ်းယူ ၏။ ကိုဒေါင်းလည်း လက်တွင်စွဲကိုင်လာသော ကိုဖေဘခြံမှ ဆွဲလာ သည့် တုတ်တိုကို လက်ဖြင့်ဆ၏။ လက်ဝါးသည် ခွေးလေးသီးဆုပ်မိ သလို ဖြစ်လာ၏။ မဖဲယောက်ျားလည်း ဆေးလိပ်ကိုပြန်၍ခဲပြီးလျှင် ဆေးလိပ်ဝင်ညှိသူအားနောက်ထပ်အရေးလုပ်နေစရာအကြောင်းမမြင် သောကြောင့်ခါးပန်းပေါ်ကိုလက်နှစ်ဖက်ယှက်ကာ မှောက်လိုက်၏။ ကိုဒေါင်းသည်လည်း သားသတ်သမားရှေ့တွင် ဇက်စင်းပေးသော အမဲကဲ့သို့သောမဖဲ၏ခင်ပွန်းဖြစ်အင်ကိုကျေနပ်နှစ်ခြိုက်စွာကြည့်ရင်း ဆလျက်နေသောတုတ်ဖြင့် ခပ်ဆတ်ဆတ် 'အုပ်' လိုက်၏။

"ဇက်ကိုတည့်တည့်ကြီး အုပ်မိတာပဲကွပြုန်းကနဲမအော်လို့ ကိုယ်ကတောင်လက်များလွန်သွားသလားလို့နောက်မှဝူးဝါးဝူးဝါး နှင့်မဖဲကို နှိုးသံကြားတော့မှ မောင်ချစ်က ငါ့ကိုအတင်းဆွဲပြီး ရွာထဲ စွတ်ပြေးတာကိုးကွ။ကုလားရုံအလွန်ဗိုလ်တဲလမ်းထိပ်လည်း ရောက် ကရော တကတဲ ဌာနအုပ် ဦးရွှေနဲ့လဲ သွားပြီး တိုးမိပါလေရောဗျာ။

ဘယ်အချိန်ကများ ရောက်နေသလဲမသိပါဘူးကွာ။စာတိုက်ဟောင်း လမ်းထဲထွက်လာပါလေရော။ တို့ကိုမြင်တယ်ဆိုရင်ပဲ "ဟေ့-ကောင် ကလေးတွေ နင်တို့ဘာလုပ်လာတယ်ဆိုတာ ငါမသိဘူး အောက်မေ့ သလား။ ညှိုးသူရန်ဖက်လဲမဟုတ်ဘဲနဲ့ ဘယ့်နှယ်လုပ်လိုက်ကြတာ လဲကွာ။ကဲ-ကဲ- မောင်မင်းကြီးသားတို့ ပြန်အိပ်ချေပါတော့" ဆိုပြီး တို့ကို ခြံအထိလိုက်ပို့တာကိုး"

"အဲဒါ နှစ်ရက်သုံးရက် လွန်သွားရော ဆိုပါတော့ကွယ်။ နို့ပေမဲ့ဟေ့- စိတ်ဆာတာ ပျောက်ပဲမပျောက်နိုင်ဘူးဟ"

"ဆာလွန်းလှချည့်ကလား ကိုဒေါင်းရယ်။သည့်လောက်တောင် ဖြစ်ရင်လဲ အကြမ်းကလေး သောက်လိုက်ပါဦး"ဟု ပြောကာ ကျွန်တော်လည်း အကြမ်းတစ်ပန်းကန်ငှဲ့ပေးပြန်၏။

"တယ်-ဒါနဲ့။ နောက်ပွဲတစ်ချီအသွင်းမှာ သူလာမယ် သတင်းကြားတာနဲ့ စောင့်နေတာကိုး။ သူက ငါ့ဟာမက်ရှားအင်္ကျီကို ပွဲလာကြည့်တိုင်း ငါနဲ့တွေ့ရင် ပြန်ပေးဖို့ ယူလာတာကိုး။ အဲဒီတစ်ခါလဲ သည်လိုပဲ ရှပ်အင်္ကျီကလေးကို ချိုင်းကြားညှပ်ပြီးပါလာလို့ ငါနဲ့တွေ့တော့ ပြန်ပေးတယ်သူ့ဖအေကြီးကခပ်လှမ်းလှမ်းမှာမို့စကားတောင်မပြောလိုက်ရဘူး။ အဲဒီလိုစကားမပြောလိုက်ရလေစိတ်ထဲကဆာလေပေါ့ကွယ်"

"မင်းတို့ငယ်ငယ်တုန်းက ဟောဒီဈေးတစ်ဝိုက်ဟာ ပိန်းတော ကြီးပေါ့။ ညညဆိုရင် မည်းနေတာပဲ။တစ်ညတော့တို့ခြံကိုအဲဒီလမ်းချိုးက ဖြတ်ပြန်တာပေါ့။ ဈေးလမ်းကလေးချိုးမိလို့ တစ်လှမ်းနှစ်လှမ်းလဲလှမ်းမိရော နောက်ကလူသံကြားတာနဲ့ လှည့်ကြည့်လိုက်တော့လား. . . လားယောက္ခမလောင်းကြီးညောင်လိမ်အပြန်ကုပ်ကုပ်ကုပ်ကုပ်နဲ့ လျှောက်လာတာတွေ့တာကိုး။ တို့ကာလသားတုန်းကဆိုရင် လက်ထဲ တုတ်အမြဲဆောင်ထားတာကလား။ ဒါနဲ့ ငါက

ကော်ပေါက်တိုးမိပြီဟဲ့ဆိုပြီး(အဘိုးကြီးကတော့ ငါမှန်းမသိဘူးပေါ့လေ) တုတ်ကလေး ချိုင်းကြားကညှပ်ပြီး ဦးခန္တီ အိမ်အလွန်နားကို ခပ်သုတ်သုတ်သွားတာပေါ့။ မှောင်ရိပ်လဲနင်းမိရော သရက်ပင်အိုတစ်ပင်အောက်ဝင်ကပ်ပြီးယောက္ခမကြီးအလာကို ကျကျနနစောင့်နေတာပေါ့”

ကိုဒေါင်းသည် ခြေတွဲလောင်းချ၍ထိုင်နေရာမှခွေးခြေကလေးပေါ်သို့ ခြေကိုရုပ်၍တင်လိုက်ပြီးလျှင်ဆောင့်ကြောင့်ထိုင်လိုက်၏။ ၎င်းဝတ်ထားသောရှပ်အင်္ကျီ၏လက်ကို ပခုံးပေါ်သို့ရောက်လုနီးအောင် လိပ်၍လိပ်၍ တင်၏။

“လာတာပါပဲဟေ့၊ ယောက္ခမကြီးက ကုန်းကုန်းကုန်းကုန်းနဲ့ ငါ့ရှေ့လဲ ဖြတ်သွားရော အသာလေး နောက်ကလိုက်၊ ကျကျနနချိန် တအားလွှဲပြီး” ဟုနေရာ၌ ကိုဒေါင်းသည် မာန်ပါပါနှင့် ၎င်း၏လက်နှစ်ဖက်ကို စုံမြှောက်၍ ပြ၏။ ထို့နောက်ဆက်၍ “တွယ်လိုက်တာ”ဟု ဆိုရင်း အကြမ်းအိုးကြီးကို ယောက္ခမလောင်းကြီးသဏ္ဌာန်ထား၍ ‘အုပ်’ ပြလိုက်ရာ “ပိန်းတောကြီးထဲစိုက်ဆင်းသွားတာပဲ”ဟူသောနိဂုံးကမွတ်အပြီးသတ်စကားတွင်အကြင်သို့သောယောက္ခမလောင်းကြီးသည်စားပွဲပေါ်မှအောက်သို့ဂွမ်ဂွမ်နှင့်အော်ကာဒလိမ့်ခေါက်ကွေး ကျသွားလေ၏။

*

# လှေသူကြီး

**"ချစ်ထာရယ်**
**ကြိုက်ထာရယ်**
**စုံမက်ထာရယ်**
**ဘသူ့ကိုလဲရှင့်..."**

မြကြိုးနွယ်သီချင်း

ယခုအခါကိုဒေါင်းသည်အခြေကျနေသော အိမ်ထောင်သည်တစ်ဦး ဖြစ်ပေပြီ။ အူဝဲသံညံစာစာဖြင့် ပူဆာတတ်သော သမီးဦးကလေးကို ရင်ဝယ်ပိုက်ကာ 'အို အိုအို'ဟူသောခေတ်ဟောင်းတေးကိုညည်းရင်း ကလေးထိန်းရရှာပေပြီ။သို့သော်လည်း ကိုဒေါင်းမှာ ကိုဒေါင်း၏ စရိုက်ကို မစွန့်နိုင်သေးရကား တစ်ခါတစ်ခါ ငယ်မူ ပြန်သေးသည်။

ငယ်မူပြန်သည်ဆိုသည်မှာ အသို့ပါနည်း။ သမီးချောကလေး ကိုအလျားမှောက်စေ၍မိမိကလည်းသမီးနည်းတူဝမ်းလျားမှောက်ကာ ချိုးရုပ်၊ အိုးပုတ်တို့နှင့် ကစားခြင်းပေလော။ ဤသို့ကား မဟုတ်။ လူကြီးပီပီ ငယ်မူပြန်ခြင်းမျှသာ ဖြစ်ပါသည်။

ယခုတလော ကိုဒေါင်းသည်မြို့ကြီးသို့အခေါက်ခေါက်ရောက် ခဲ့လေပြီ။တောသားဖြစ်ရကားတောသူတို့၏အရုပ်အဆင်းအမူအရာ အပြောအဆိုတို့ကိုသာလျှင်တင်းတိမ်ရောင့်ရဲခဲ့ရသောကိုဒေါင်းသည် မြို့သူတို့၏မူကိုတွေ့မြင်ရလေသော်မိမိအသက်အရွယ်ကြီးရင့်လာပြီးလျှင် ကလေးအဖေဟုအခေါ်ခံရသည့်အခြေအနေကိုစိတ်အနာကြီး နာမိလေတော့သည်မြို့ထဲတွင်လန်ချားစီးရင်းတွေ့ခဲ့သောလေယာဉ်

ပျံဆံထုံးရှင်တို့ကိုမျက်စိကျမိခဲ့လေသည်အထက်ဆင်အနားပေါ်တွင် သီ၍နေသောဇာခံအင်္ကျီပုံအမျိုးမျိုးတို့တွင်ဤသည်ကား ကြက်ဥနှစ် ရောင်၊ဤသည်ကားမရမ်းရောင်ဟူသောအရောင်မျိုးစုံကိုသေချာစွာ မှတ်သားမိအောင်ကြွန်ုပ်မဆောင်ဘဲရှုမိခဲ့လေသည်။ ဇာပန်းအမျိုးမျိုး ခြယ်လှယ်သောလက်ပြင်ကျောကိုဖော်သည့်ဇာဘော်လီတို့၏အသရေ ကိုဖန်ပေါင်းချောင်တွင်းခင်းကျင်းထားသောပစ္စည်း ပစ္စယများပမာ ထင်လင်းစွာမြင်ရသည်နှင့် တောသားတို့၏ဓလေ့ မြင်မြင်ရာကို ကြည့်ထိုက်သည်ဟူသော သဘောရိုးဖြင့် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဘွင်းဘွင်းကြီး အာရုံစူးစိုက်မိခဲ့လေသည်။ထိုနုပျိုသော အာရုံတို့ ကြောင့် ကိုဒေါင်း၏စိတ်သည် နုပျို၍လာလေသည်။ "တို့ တောသူမ တွေနဲ့တော့ကွာချင်တိုင်းကွာတာကလား-ကွာ"ဟု ကိုဒေါင်းသည် တစ်ခါတစ်ခါ ညည်းညူလိုက်သေးသည်။

ဤညည်းညူသံကို ကျွန်ရစ်သူဇနီးသည် ကြားခဲ့လျှင် ရင်ကျိုး စရာပေပင်။ သို့ရာတွင် ကိုဒေါင်း၏ ပဝတ္တိအခြေအနေကိုသတိပေး လိုက်လျှင် "ကွာ-မိန်းမဆိုတာ ကလေးခါးထစ်ခွင်မိလျှင် လင်ကို မေ့စတမ်းပဲ။ ယောကျ်ားဆိုတာလဲလှေကားသုံးထစ်ဆင်းမိလျှင်လူပျို ဖြစ်တာပဲ"ဟူ၍ နှုတ်လှန်ထိုးလေ့ရှိသည်။

တစ်ခါသော် ကိုဒေါင်းသည် မြို့သို့တက်လာ၍ ကျွန်ုပ်နေထိုင် ရာအိမ်တွင် တည်းခိုလာ၏။ ကျွန်ုပ်တို့အိမ်နံဘေး၌ကား အခြားအိမ် တစ်ဆောင်အပြိုင်ရှိ၏ထိုအိမ်နှစ်ဆောင်ပြိုင်တို့မှာလက်သမားဆရာ တို့ လက်စွမ်းပြသောအားဖြင့် ပြတင်းပေါက်ချင်း ပြဒါးချိန်ကိုက်၍ ထားဘိသကဲ့သို့ တည့်မတ်စွာရှိလေသည်။ တစ်ဖက် 'မ'တွေ စုရုံး စုရုံးနှင့်နေကြသည်။တစ်ဖက်ကလည်း 'ဖို'တွေစုရုံးစုရုံးနှင့် ရှိကြ သည်။သို့နှင့်ပင်မရိုးနိုင်သောသဘာဝတရားကြီးကို တစ်ဖက်နှင့် တစ်ဖက် မလျှော့တမ်း အားပေး၍ နေကြကုန်သည်။ ညနေရီရီတွင်

မျောက်လွှဲကျော်ပမာပြတင်းပေါက်သံတိုင်ကိုကိုင်ကာမျှော်ငေး၍နေ လေ့ရှိသော မဟာဝါတို့၏ကြော့ရှင်းသောသဏ္ဍာန်သည်ငှက်ပျောပင် များအကြားမှ ဘွားခနဲ ထွက်ပေါ်လာတတ်သည်။

နွမ်းပြီး၍ နပ်နေသော ကိုဒေါင်းသည် အိမ်ပေါ်သို့ရောက်၍ တစ်နာရီမျှ မကြာမြင့်မီကလေးတွင် တစ်ဖက်နှင့်တစ်ဖက် မည်သို့ အခြေအနေရှိကြောင်းကို အစင်းသိမြင်လာလေ၏။ လူအိုတို့တံတွာ ဤလိုနေရာမျိုးမှာ အညံ့စားမခံ၊ပါစားမပေး၊ဆရာစားမထား၊ ကိုယ် ချင်းစာတရားမရှိ ဖြစ်လေရကား ပြတင်းပေါက်ဝတွင်ခဏမျှ ထိုင် လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် မှန်တစ်ချပ်ထောင်ကာမုတ်ဆိတ်မွေး သင်ရင်းတစ်ဖက်တွင်ရှိသူတို့၏အမူအရာအနေအထိုင်တို့ကိုရိပ်ခြည် ရှု၍ နေလေသတည်း။

ကျွန်ုပ်သည် ကိုဒေါင်းအား အကဲခတ်ရင်း 'မှန်ပေါက်ပါ့မယ်' ဟူ၍ ခနဲ့လိုက်၏။ ကိုဒေါင်းမှာ မျက်လွှာမချ၊ လှည့်၍မျှလည်း မကြည့်ဘဲ ပြုံးလိုက်လေ၏။

"သူတို့ ဘယ်ကလဲဟေ့" ဟု မေးရင်းမရှိသော မုတ်ဆိတ်မွေး တို့ကို တစ်ပြုံလုံး ဆွဲနှုတ်လိုက်သေးသည်။

"ကိုဒေါင်းရယ်. . 'ကိုယ်နှင့်မဆိုင်၊ မှုမပိုင်၊ ဆွဲကိုင်မကြည့်ရာ' တဲ့ဗျ။ ခင်ဗျားလေ- သားနဲ့မယားနဲ့ ဖြစ်နေပါပြီ။ ကျုပ်တို့လို လူပျိုကြီးတွေဖို့လဲ ချန်စမ်းပါဦးဗျ"

"သိချင်လို့ပါကွာ၊ ငါ့စိတ်ထဲ ဘယ်သူနဲ့ တူသလိုလို ရှိလို့ပါ"

အလို-လာပြန်ချေသေးသည်။ 'ဘယ်သူနဲ့ တူသလိုလို' တဲ့။ မိချောလား၊ခင်စိန်လား၊ညောင်လိမ်သူလား၊ဟိုဘက်အိမ်ကသူငယ်မ များ၏ ရုပ်ဆင်းသဏ္ဍာန်သည်ကိုဒေါင်းတွေ့ဖူးသူများနှင့်တူနိုင်မည် မဟုတ်။ရေမြေဌာနကွဲပြားသောသထုံသူများဖြစ်လေရကားရုပ်ချင်း

တစ်မျိုး၊ အသံချင်းတစ်ဖုံ၊ အပြောချင်းတခြား၊ အဆိုတစ်လွဲ ဖြစ်ချေမည်။ ထို့ကြောင့် ကျွန်ုပ်သည်လည်း-

"လာပြန်ချေသေး ကိုဒေါင်းရယ် ဘယ်သူနဲ့မှ တူနိုင်မှာမဟုတ်ပါဘူးဗျာ့။သူတို့က မွန်တွေပဲ"ဟူ၍မခံချင်ဇောဖြင့်ပြောပြလိုက်ရ၏။

"အေး. . ဒါကြောင့် ငါအထင်သားပဲ၊ သူတို့ ပါးရိုးကလေးတွေ ငေါပုံက အသက်နှစ်ဆယ် အစိတ်လောက်က တွေ့ဖူးတဲ့ ကျင်မြိုင်တို့ ညီအစ်မနဲ့တူပါတယ်လို့။ သူတို့လည်း မော်လမြိုင်မွန်တွေပဲ၊ စကား မြန်မြန်ပြောတတ်ပြီး ခပ်ဝဲဝဲနဲ့ တယ်ပြီးချစ်စရာကောင်း"

ကျွန်ုပ်လည်း ကိုဒေါင်းအား ဘာမျှ ပြန်မပြောနိုင်တော့ချေ။ ကိုဒေါင်းကား တစ်ဖက်အိမ်ရှိ ပြတင်းပေါက်ကိုသာ မျက်နှာမူလျက် ငယ်မူပြန်၍နေလေသည်။

"အေးကွာ-ဒီလို မွန်မကလေးတွေပေါ့ကွာ ငါ့ကို ဒုက္ခပေးခဲ့တာ" ဟူ၍လည်း ကျွန်ုပ်ဖက်သို့လှည့်၍ ပြောသေးသည်။

+

ကျွန်ုပ်တို့ရွာကလေးတွင် ဟာမက်ရှားအကျီခေတ်နှင့်တစ်ပြေးတည်း ထားဝယ်လုံချည်၊ ဘန်ကောက်လုံချည်ခေတ်လည်း တွင်ကျယ်ခဲ့လေသည်။ ထိုအခါများ၌ ကျွန်ုပ်၏ဘွားအေအိမ်သို့ ခေတ်အလိုက်ပေါ် သော ထိုလုံချည်မျိုးများလာ၍ရောင်းတတ်သူမော်လမြိုင်သူ အဒေါ်ကြီးနှင့် ၁၆ နှစ် ၁၇ နှစ်အရွယ် သူ၏သမီးနှစ်ယောက်တို့ကို ယခုကိုဒေါင်းပြန်၍ပြောမှကျွန်ုပ်၏မျက်စိထဲတွင်တရေးရေးပေါ်လာလေသည်။

ထိုမော်လမြိုင်သူ အဒေါ်ကြီးသည် အမိကြက်မကြီးက သားသမီး ကြက်ငယ်များကို တောင်ပံအုပ်လျက် စောင့်ရှောင့်ဘိသကဲ့သို့ သမီးနှစ်ယောက် လူလားမြောက်အောင် ဥမကွဲ သိုက်မပျက် ထိန်း

ကျောင်းရင်း ယောက်ျားတန်းတူ ဝမ်းစာရှာရသည်။ မြန်မာမတို့၏ ယောက်ျားနှင့်ရင်ပေါင်တန်းအခွင့်အရေးကိုထိုမော်လမြိုင်သူအဒေါ်ကြီးကထူပျိုးခဲ့သည်ဟုတ်မဟုတ်မူကားရာဇဝင်ဆရာမဟုတ်သဖြင့် ကျွန်ုပ်ထင်မြင်ချက်မပေးနိုင်သော်လည်း သူတို့သားအမိသုံးယောက် ညညတွင်ခေါင်းချင်းဆိုင်ကာစာရင်းရှင်းသောစကားသံတို့ကိုသူငယ်တို့ဘာဝ "ဘာစကားများပါလိမ့်" ဟုတွေးမိခဲ့သည်ကိုမူ အမှတ်ရမိလေသည်။

ကျွန်ုပ်၏ဘွားအေအိမ်သည် ထိုသားအမိတို့၏ စားအိမ်သောက်အိမ်ဖြစ်သည်ယခုကိုဒေါင်း၏ပြန်ပြောပြချက်အရကိုဒေါင်း၏ဒွေးတော်နှင့်ဦးလေးတို့၏အိမ်သည်လည်းခင်မင်ရာခင်မင်ကြောင်းဖြင့် ၎င်းတို့၏တည်းခိုရာဖြစ်ခဲ့သေးသည်။

ကိုဒေါင်းနှင့် ကျွန်ုပ်ဦးလေးတော်တို့မှာ မွေးဖော်ဖွားဖက်ကောင်းတူဆိုးဖက်ဖြစ်ကြသည်။ သို့ရာတွင် ကိုဒေါင်းတို့အိမ်ပေါ်သို့ထိုအရွယ်လှလှသူငယ်မနှစ်ဦးရောက်သည်ကစ၍ ကိုဒေါင်းမှာ ငယ်ကျွမ်းမိတ်ဆွေကိုစိန်ဘကိုပင်လျှင် မေ့ပစ်လိုက်ပြီးသည်နောက် ထိုနှစ်ဦးသောသူငယ်မတို့တွင် မည်သူကပို၍ လှပါသနည်းဟူသောပြဿနာကိုသာလျှင် စိတ်ဝင်စား၍လာခဲ့လေသည်။

အိမ်ဦးခန်းတွင် သားအမိသုံးယောက် ခေါင်းချင်းဆိုင်ကာစာရင်းအင်း တွက်ချက်သည့်အခါများ၌ ကိုဒေါင်းသည် မီးဖိုချောင်တွင် ထမင်းရည်ငှဲ့ရင်း ထရံပေါက်ကို ဖြဲ၍ကြည့်မိသည်။ သို့ရာတွင် ၎င်းတို့နှစ်ဦးအနက် မည်သူအားမည်သို့စတင်ရမည်ကိုမဆုံးဖြတ်နိုင်သောကြောင့် မရှိသောဆံပင်တို့ကို ကုတ်ခြစ်ရင်းစိတ်ရှုတ်သောအမူအရာကို ပြလေသည်။

'ဟယ်-ကိုယ့်အိမ်ပေါ်ရောက်နေတဲ့ဟာ မတော်ပါဘူးလေ' ဟု စိတ်ကိုတင်းမိသော်လည်း ညအိပ်ရာဝင်ချိန်များ၌သူတို့ညီအစ်မ

နှစ်ယောက်အဘယ်ပုံအိပ်၍နေရှာကြမည်ကိုကြံကြံဖန်ဖန်စဉ်းစားမိလေသည်။

အလစ်ကိုစောင့်ရသည်မှာ အတန်တန်အချက်ပေါ်လာပြန်က လည်းညီအစ်မနှစ်ယောက်တို့၏စူသောနှုတ်ခမ်း၊ဆောင့်သောခြေနှင့် တင်းမာသောအိန္ဒြေတို့မှာအလိုတူအလိုပါမဖြစ်နိုင်သည့်အချက်များ ကိုထင်ရှားစေသည်။ တစ်ခါတစ်ခါ မိမိကိုယ်ကိုရဲဆေးတင်ကာ စွန့်မည်ကြံပါသော်လည်းဟသ်ာနှင့်ကျီးပမာဖြူဖွေးသောရေဆေးငါး နှင့် မိမိ၏ကျောက်မီးသွေးအရောင်အသွေးတို့မစပ်အပ်သည်ကို တွေးမိရင်း ရှက်သလိုလိုရှိလာ၏။ အားနာသလိုလိုလည်း ဖြစ်မိ၏။

"ဟာ-ဟာ ယောက်ျားပဲ၊ အဆင်းဟာ ပဓာနမဟုတ်ပါဘူး" ဟု မိမိရှက်သွေးကို ပြက်ရယ်ပြု၍ ဇွတ်နှစ်မည်ဟု စိတ်နှလုံးကို ဒုံးဒုံးချလိုက်ပြန်လျှင် ဦးလေးတော်သူက ဘယ်လိုများပြောလေ မည်နည်းဟု တွေးမိပြန်၍ ကြက်သီးထရသေးသည်။

တစ်နေ့သော် ကိုဒေါင်းသည် စိတ်ကိုပိုင်ပိုင်ကြီးဆုံးဖြတ်လိုက် လေသတည်း။

ယင်းသည့်နေ့ကစ၍ ကိုဒေါင်းအား ၎င်း၏ဦးလေးအိမ်၌ မတွေ့ရတော့ပြီ။

ကြက်ဝိုင်း ဖဲဝိုင်း မဏ္ဍပ်ချောင်ဝ ကွင်းတန်းအောက်ပိုင်း အထက်ပိုင်းတို့၌ ကိုဒေါင်းသည်လူးလာဆန်ခတ်ကျက်စားနေခဲ့လေ သည်။ တွေ့သမျှအပေါင်းအသင်းတို့နှင့် တဝါးဝါးရယ်မော၍ပျော်ခဲ့ လေသည်။ သို့ရာတွင်ပျော်ရွှင်ခြင်း၏အဖော်ဖြစ်သောရယ်မောခြင်း သည်အရေးကြုံ၍လာလျှင်ရန်သူဖြစ်သောစိတ်ညစ်ခြင်းကိုထားခဲ့၍ ဝေးရာသို့ရှားတတ်လေရာကိုဒေါင်းမှာအိမ်အပေါ်ထပ်တွင်အတူ တကွ ရွှင်ပျော်နေကျဖြစ်သော ညီအစ်မနှစ်ယောက်တို့၏မျက်နှာကို ကွက်ခနဲ မြင်လိုက်လေသည်။ ထိုအခါများ၌ သက်ပြင်းကြီး ရှိုက်မိ တော့သည်။

ဆုတ်ရပိမ့်လော၊ တက်ပိမ့်လောဟု တွေးတောနှစ်ခွ၊ ကြံဒွိဟ ဖြင့် ကိုဒေါင်းသည် ဝမ်းနည်းပူဆွေးမှုတို့ကို နေ့နှင့်အမျှ ချက်အရက် ဖြင့်စိမ်၍နေလေသတည်း။

ဤနည်းနှင်နှင် လေလွင့်သောစိတ်တို့ကို ကြိုးရှည်ဖြင့် လွှတ် ထားသည်မှာ ခုနှစ်ရက်မြောက်ပေပြီ။ သူတို့ညီအစ်မနှစ်ယောက်ကို မျက်စိမှဖျောက်၍မရနိုင်။ စိန်ဘနှင့် အတွေ့ခံပြီး နှစ်ဦး ကြံလို၏။ သို့သော် ဟယ်-ခွေးမသားနှင့် အကြံတူလျှင် ရန်သူဖြစ်နေမည်။ ကိုယ့်ဘာသာကိုယ် အိမ်ပြန်ပြီး အကြံယူလေဦးမှပဲ။

မိုးမဖွဲ့တဖွဲ့နှင့် လူခြေကလည်း မတိတ်တတိတ် ကိုဒေါင်းသည် ယိုင်တိယိုင်ထိုးနှင့် အိမ်ပြန်လာလေသည်။ ကိုဒေါင်း၏ဦးလေးမှာ ကဲလားများကို ပင့်ချ၍နေလေပြီ။ ကိုဒေါင်းလာသည်ကိုမြင်သော်- "မင်း အိမ်မအိပ်တာကြာပြီလား" ဟုဝတ်ကျေဝတ်ကုန်မေးပြီးလျှင် ရှေးရှေးကအိမ်လည်နေကြဖြစ်သောကိုဒေါင်း၏အဖြေရိုး ဆင်ခြေရိုး တို့ကိုကြားနေရမည်စိုးသောကြောင့်ကဲလားချရန်တာဝန်ကိုကိုဒေါင်း အားလွှဲခဲ့ပြီး အိမ်ပေါ်သို့ တက်လေ၏။

ကိုဒေါင်းလည်းကဲလားချပြီးသော်မိမိဦးလေးနှင့် မရှေးမနှောင်း ပင်အိမ်ပေါ်သို့ရောက်၍ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်ကာ မူးမူးရူး ရူးနှင့် အိပ်ပျော်သွားလေ၏။

တစ်အောင့်မျှကြာသော် လန့်၍နိုးလေသည်။ ဘုရားခန်းမှ ဖယောင်းတိုင်မီးသည် နိုးလာသူအား မျက်စပစ်၍ပြနေသည်။

အကာလ ညအခါတွင် တိတ်ဆိတ်ခြင်းသည် မကောင်းမှုကို အားပေးတတ်သည်မျက်စိပေကလပ်၊ပေကလပ်ပြုနေသောဘုရားမီး သည်ပင်လျှင် ကိုဒေါင်းအဖို့ မကောင်းမှုသွားရာလမ်းသို့ ညွှန်ပြ၍ နေလေသည်။ခြေရင်းတွင်မော်လမြိုင်သူတို့စံရာအခန်းမှတံခါးသည် ဟစိဟစိနေသည်ကို ထိုမီးရောင်ဖြင့် မြင်ရသည်။ ထိုအခါတွင်မှ

ယနေ့ညအဖို့မော်လမြိုင်သူအဒေါ်ကြီးသည်တခြားသို့ကိစ္စတစ်ခုဖြင့် သွားပြီဖြစ်ကြောင်းကို ကိုဒေါင်းသတိရမိသည်။ ထိုကြုံကြိုက်ခဲလှသောအခါမျိုးကို မိမိသည်တင်ကြို၍သိပါလျှက်နှင့်ထိုင်းမှိုင်းတွေဝေသောစိတ်ဖြင့်အိမ်မကပ်ဘဲခုနှစ်ရက်တိတိ အချိန်ဖြုန်းခဲ့သည်ကို ယခုမှပင်လျှင်ယူကျုံးမရဖြစ်လေတော့သည်နောင်တရသောအားဖြင့် ပြောင်တင်းသောနဖူးကိုလက်ဝါးပြင်ဖြင့်နှက်လိုက်လေရာအကြောင်း မဲ့သက်သက် ခြင်တစ်ကောင် ဘဝဆုံးရှာသည်။

တံခါးရွက်မှာ လှုပ်တုတ်လှုတ်တုတ်နှင့် လက်ယပ်ခေါ်သလိုလို တံခါးရွက်ကြားသို့တိုးဝှေ့ဝင်နေသော လေကြောင်းမှာ တရှိန်ရှိန်မြည်၍ လေချွန်ကာ အချက်ပေးသည်ယောင်ယောင်၊ဘုရားခန်းမှ မီးရောင်သည်လည်းအလိုက်သိစွာအမိုက်မှောင်ဖုံးလွှမ်းပေးမည်ဟုအားပေးနေသကဲ့သို့။

ထိုအတွင်း မွန်ညီအစ်မအိပ်ခန်းမှလူးလှိမ့်ရာတွင်ဖြစ်ပေါ်လာသော အသံမျိုးကိုကြားလိုက်ရ၏။ကိုဒေါင်း ရင်ဖိုသွားလေသည်။ အိမ်ကြီးငြိမ့်သွားသည်လည်းထင်ရ၏။ ကိုဒေါင်းသည် ငေါက်ခနဲ ထ၍ထိုင်လိုက်၏။ ခြေကျင်းနှစ်ဖက်ခတ်သံ 'ချွင်' ဟုကြားလိုက်ရပြန်၏။ ကျောရိုးတစ်လျှောက်သည်ရေခဲရေလောင်းခြင်းခံရဘိသကဲ့သို့တွန့်သွားလေသည်ကျောအထက်မှတက်၍နောက်စေ့တွင်ဆုံးသောကြက်သီး၏ဝေဒနာကို အာရုံခံစားရင်း 'ဒါအချက်ပဲ' ဟုယူဆလိုက်လေသည်။

'အင်း. . . မိန်းမ. . . မိန်းမ၊ယောကျ်ားတွေကိုအရူးထအောင်လုပ်တာ သင်းတို့တစ်တွေပဲ၊ နေ့လယ်နေ့ခင်းသင်းတို့အစ်မကိုတစေ့တစောင်းချောင်းကြည့်မိလျှင် မျက်နှာကြီးကိုးခေါက်ချိုးနှင့် သင်းတို့အမေကို ပြေးပြီးတိုင်လိုက်မယ့်ပုံပဲ။ အုပ်ထိန်းသူ တစ်ညလစ်တယ်ဆိုလျှင်ပဲ ယော-သင်းတို့မာယာတွေ ပေါ်ရော့မဟုတ်လား။ သည်

တံခါးဟာ ခါတိုင်းပိတ်ထားတာ ဒီညမှ ထူးချွန်ပြီး ဘာကြောင့် ဖွဲစိစိနေရသလဲ။ ဧကန္တ ကျင်မြိုင်ဟာ တံခါးကြားထဲကချောင်းကြည့် နေမှာပဲ။ သူမဟုတ် သူ့အစ်မပေါ့။ အို- ဒီညတော့ ကိုးနှင့်လဒ် တစ်ခုခုပဲ'

ဤသို့တွေးရင်း မျက်ခုံးလှုပ်သလိုလိုရှိလာ၍ မှိန်နေသောမျက်ခွံ ကို လက်ဖြင့်သပ်ရင်း မျက်ချေးသုတ်လိုက်သည်။

လေသည် တံခါးကိုအရှိန်ဖြင့်ဖွင့်လေ၏။အာ၍နေသောတံခါး မှာတစ်မိုက်တစ်ညိုခန့်မျှပြဲထွက်သွားသည်။ဘုရားမီးလည်း ငြိမ်းပြီ။ ကိုဒေါင်း၏စိတ်၌ အမိုက်တိုက်တစ်ခုလုံးသည်သာလျှင် ဤလောက ဖြစ်ဟုအထင်ရှိလာလေ၏။ အတန်ကြာသော်အောက် ထပ်လှေကား ရင်းမှ ရေနံဆီမီးခွက်ရောင်သည် အပေါ်သို့အရှိန်ယူ၍တတ်လာပြီး လျှင် ကိုဒေါင်းသွားမည့်လမ်းကို လက်ညှိုးညွှန်လေ၏။

ကိုဒေါင်းသည် အိပ်ရာမှ မတ်မတ်ရပ်လိုက်လေသည်။ ဒူးဆစ် မြည်သွား၏။ကြောက်ဒူးတုန်သော မိမိအဖြစ်ကိုစိတ်တွင်ကဲ့ရဲ့အပြစ် တင်ရင်း ခြေဖျားထောက်ကာ အခန်းဝဆီသို့လှမ်းခဲ့လေ၏။ တံခါးဝ တွင် အသံတစ်စုံတစ်ခုကိုနားစွင့်နေ၏။'ကျင်မြိုင်'အဆင့်သင့်စောင့် ၍နေလေမလား၊ မစောင့်နိုင်လွန်းသည်နှင့် တံခါးဖွင့်ပြီး မိမိကို အတင်းဆွဲသွင်းပါကဒုက္ခ။ 'လူပါတော့'ဟုအော်လိုက်လျှင်လည်း အ ရှက်လုံးလုံးကွဲချေမည်။သူတို့ညီအစ်မနှစ်ယောက် အတူတူယှဉ်များ အိပ်နေလျှင်မျက်နှာပူစရာအလုပ်ကြီးပါကလား။ကျင်မြိုင်နှင့်အတူ ရှွေလည်တွဲပြီးပျော်ပွဲဖွင့်နေတုန်းသူ့အစ်မနိုးလာလျှင်အမယ်လေး. . .'

ကိုဒေါင်းမှာ ရှေ့ဆက်၍မတွေးဝံ့။ ခြေလှမ်းကျဲကျဲဖြင့် အိပ်ရာ ဘက်ဆီသို့ ဆုတ်လိုက်ရာ နှစ်လှမ်းမပြည့်တပြည့်ဖြင့်လျှင် အိပ်ရာ ပေါ်သို့ ပြန်ရောက်သွားသတည်း။

'အဟမ်း' လိုလို 'အဟင့်' လိုလို အသံမျိုးကြားရပြန်သည်။ 'ကျင်မြိုင့်အသံပါပဲ။ငါနောက်တွန့်သွားတာသူချောင်းကြည့်ပြီးကျိတ်

ရယ်နေမှာပဲ။ ယောက်ျားတဲ့ကွ။လုလင်တက်လမ်းဆိုတာ သည်လမ်း မျိုးမဟုတ်လား။ ကိုဒေါင်းတဲ့ဟေ့-စားရကံကြုံလို့မှ မုတ်ဆိတ်ပျား မစွဲတော့ဘူးလား'

ကိုဒေါင်းသည် ခြေလှမ်းကျဲကျဲလှမ်းရင်း တံခါးဝဆီသို့ ချဉ်း ကပ်ပြန်၏။

'ကျင်မြိုင်ကလေးဟာ ငယ်သေးတယ်။ သူ့အစ်မကြီးလို နူးနူး နပ်နပ် ရှိဦးမယ်မဟုတ်ဘူး။ သူ့အစ်မကြီးကတော့ အလယ်ပါပဲ။ ဧကန္တ သူညာဏ်ပဲ။ ဒါနှင့်များတောင ်ဟိုတစ်နေ့က ငါ့ကိုမျက်စောင်း ကြီးခဲနေလိုက်တာ၊ တွေ့များတွေ့ရင်တော့လား -သင်းတော့. . .'

စသည်ဖြင့် တွေးတောသော်လည်း ရှေ့ဘယ်လိုဆက်လက်တွေးတော ရမည်မသိဘဲ မိမိလက်သည် တံခါးရွက်ကို ကိုင်မိလျက်သား ရှိနေ သည်ကို တွေ့ရတော့သည်။

ဤတံခါးရွက်အကြောင်းကို မိမိသာသိသည်။ဘယ်လိုပင်ဆွဲဆွဲ မြည်သည့်တံခါးမဟုတ်။လူတစ်ကိုယ်ဝင်သာရုံဆောင့်ဆွဲပြီးချက်ချင်း ဝင်မည်။ အခန်းထဲရောက်လျှင်ရောက်ချင်း တံခါးပိတ်လိုက်မည်။ ကျင်မြိုင်အခန်းဝကစောင့်နေလျှင် ခလုတ်တိုက်လဲမည် စိုးရသေး သည်။ အို- လောကကြီးမှာတွေးတောကြောက်နေလို့ ဘယ်ဖြစ်မလဲ၊ ဖြစ်လျှင်ဖြစ်၊မဖြစ်လျှင်ပျက်၊သည်နှစ်လမ်းပဲ။ဘာပဲဖြစ်ဖြစ်တံခါး ကိုဖွင့်လိုက်မည်။

'ဟာ-ခုနေများ ငါ့ဦးလေး ငါ့နောက်ရောက်နေမလား' ဟု စိတ်တွင် ထင့်ခနဲဖြစ်သွား၍ နောက်ပြန်လှည့်ကြည့်မိ၏။ ဘာကိုမျှ မမြင်။

တံခါးကိုပြုန်းခနဲဖွင့်လျှင် အခန်းထဲတွင်အလင်းရောင်ပြေး၍ ဟပ်လိမ့်မည်။ထိုအလင်းရောင်ကြောင့်မနိုးသင့်သူနိုးသွားလျှင်ကိုယ် အကျိုးနည်းရချေသေး၏။ ထို့ကြောင့်ဖြည်းဖြည်းဖွင့်မှတော်ချေမည်။ ကိုဒေါင်းလဲ တံခါးကိုအားပြုလိုက်လေ၏။

'နေဦးလေ. . . စဉ်းစားဦးမှပေ့ါ'ဟုအကောင်အထည်မမည်သော တစ်စုံတစ်ယောက်က ပြောသလိုလိုကြားလိုက်ရ၏။

"အို-စဉ်းစားနေကြာတယ်ကွာ၊ ဖွင့်မလား၊ မဖွင့်ဘူးလား၊ သည်နှစ်ခုပဲရှိတယ်။ သေမြေကြီး ရှင်ရွှေထီးပေ့ါ၊ မစဉ်းစားနဲ့ဖွင့်သာ ဖွင့်။ အို-ကြာတယ် ဖွင့်ဆိုဖွင့်လကွာ၊ ဖွင့် ဖွင့်" ဤသို့ပြောသည် ကိုလည်းကြားသည်ယောင်ယောင်ဖြစ်လေရာ စိတ်အားတွေ မာန်ဖီ၍ထလာလေသည်။

တံခါးသည် ညင်သာစွာ ကိုဒေါင်းလက်သို့ပါသွားပြီး-'အီ' ခနဲ မြည်၍ပွင့်သွားလေ၏။ လေှကားရင်းမှ မီးရောင်သည်အခန်းတွင်း သို့လိမ့်၍လိမ့်၍ဝင်၏။ ကန့်လန့်ကာပေါ်သို့ ထင်လင်းစွာကျရောက် ၏။ ကန့်လန့်ကာလှုပ်နေသည်ကို ကိုဒေါင်းမြင်ရ၏။

'အဟင့်၊အဟင့်'ဟူ၍လည်းကောင်း၊တစ်စုံတစ်ဦးဒူးထောက် ၍ထလိုက်သောအသံကိုလည်းကောင်း၊ ကန့်လန့်ကာအတွင်းမှ မည်းမည်းမည်းမည်းနှင့် ထွက်ပြူလာသောအရိပ်အရောင်ကိုလည်း ကောင်း ကိုဒေါင်းသည် မျက်စိတစ်မှိတ်ခန့်အတွင်း အလုံးစုံကိုမြင်ရ ကြားရလေရာ ဤကပ်ကမ္ဘာကြီးသည် ချာချာလည်၍အဝီစိသို့ စုံးစုံး နစ်သွားသည်ဟု ထင်လိုက်ရ၏။

ကျင်မြိုင်လား၊ သူ့အစ်မကြီးလားဟုခွဲခြားသိရအောင် မစောင့် နိုင်ဘဲတံခါးကိုပြန်၍ပိတ်လိုက်၏။တံခါးမှခပ်ကွာကွာတွင် မတ်မတ် ရပ်၍ လက်နောက်ပစ်ရင်း နားကိုတံခါးနှင့်ကပ်၍ ထားလိုက်၏။

တဖွဲဖွဲရွာနေသောမိုးသည် လေအရှိန်ကြောင့် ကြမ်း၍လာလေ သည်။အိမ်ဘေးရှိငွေးပင်များမှာတရုန်းရုန်းနှင့်ဆူညံစပြုလာလေ၏

မိုးသံနှောနေသဖြင့် ကိုဒေါင်းသည် အခန်းတွင်းက ကြမ်းနင်း သံလိုလိုကို အတော်ဂရုစိုက်၍နားထောင်ရ၏။ ကြမ်းနင်းသံပါပဲဟု တွေးမိသောအခါ ခေါင်းကိုနောက်သို့ရုပ်လိုက်သည်တွင် နားထင်မှ မီးပွင့်သွားလေ၏။ ဒူးမခံနိုင်ဘဲ ယိမ်းယိုင်ပြိုလဲလေတော့သည်။

သို့ရာတွင် သတိကားမလစ်သေး။ မိမိကိုယ်ကို လူတစ်ယောက် ဖက်ထားသလိုလိုရှိ၏။ 'ကေ့န္တ ကျင်မြိုင်ပါပဲ။ သင်း ကြောက်အား လန့်အားနှင့် တံခါးတွန်းလိုက်လို့ ခိုက်မိတာပဲ။ ငါလဲတော့လည်း ပွေ့ထားသေးသကိုး။မေ့ဟန်ဆောင်ပြီးငြိမ်နေသမျှငါ့မှာဇိမ်ပဲ. .' စသည်ဖြင့် တွေးတောနေစဉ် နှာခေါင်းထဲသို့ ချဉ်စုတ်စုတ်အရက်နံ့ စူးဝင်လာလေသည်။ ကျင်မြိုင့်ကိုယ်မှ အဘယ်ကြောင့် အရက်နံ့ရ သည်ကိုမစဉ်းစားတတ်သဖြင့်မျက်လုံးကိုအချိန်ယူ၍စုံဖွင့်လိုက်သော အခါကိုဒေါင်း၏ကိုယ်ကာယကလေးသည်ကျယ်ပြန့်ပြားကပ်သောရင် အုပ်ကြီးပေါ်တွင်တင်လျှက်ရှိသည်ကိုတွေ့ရလေရာအော်ရန်ပါးစပ်ကို ဟလိုက်လေ၏။ ကြီးမားသောလက်ဝါးကြီးတစ်ခုသည် ပါးစပ်ကို အုပ်လိုက်လေ၏။

ကိုစိန်ဘသည်ကိုဒေါင်း၏ပါးစပ်ကိုခပ်ကျပ်ကျပ်အုပ်၍ထား ရသည်။ အသက်မရှူနိုင်သော ကိုဒေါင်းအား လှုပ်ကာလှုပ်ကာ 'ငါပါကွ' ဟုညှစ်သံကလေးဖြင့်ပြောရလေသည်။ ကိုဒေါင်း၏ ပေကလပ် ပေကလပ်လုပ်နေသော မျက်လုံးတို့သည် ပြူးကျယ်လာ ပြီးလျှင်-'ဘယ်သူလဲ စိန်ဘလား' ဟုမကြားတကြားမေးလိုက်၏။ ကိုစိန်ဘသည် စစ်အောင်သူတို့၏အပြုံးမျိုးပြုံး၍ ကိုဒေါင်းကို သူ၏ အိပ်ရာပေါ်သို့ ဆွဲခေါ်သွားလေ၏။

ကိုဒေါင်းသည် ဤညအဖို့ အရှုံးကြီးရှုံးပြီကို ဝမ်းပန်းနည်းစွာ သိရလေ၏။

"တော်ပါပေ့ စိန်ဘရာ။ မင်းငါ့ကို အစကပြောထားနှင့်ရော ပေ့။ တစ်ကိုယ်ကောင်းကြံချင်လို့ ငါ့ကိုတောင် အသိမပေးဘူးဟုတ် လား။ မင်းကြံချင်ရင် ငါဖယ်ပေးမှာပေါ့ သူငယ်ချင်းရယ်၊ မသကာ တစ်ယောက်စီပေါ့၊ ယခုတော့ ချွေးဒီးဒီးကျပြီး နားထင်အဆောင့်ခံရ တာနာသကွာ"

"အောင်မယ်- မင်းကို တိုင်ပင်ချင်လွန်းလို့ မြချစ်နဲ့ မြဒင်ကို မင်းတွေ့ရင် ငါ့ဆီလွှတ်လိုက်ပါလို့ သုံးလေးခါမှာရတယ်။ တို့အိမ်လာတည်းကတည်းကအဆက်ဖြစ်နေတာကလားမင်းတို့အိမ်ရောက်လျှင် ပိုချောင်မှာပဲဆိုပြီး မင့် လိုက်ရှာတာ။ အိမ်ဘာဖြစ်လို့ မကပ်ရတာလဲ"

"နေပါဦးကွ၊ ခုဟာ ဘယ်သူလဲ"

"ကျင်မြိုင်"

ထိုစကားမှာ ကိုဒေါင်း၏ရင်ညွန့်ကို ရွှံ့ပေသောဖနောင့်ဖြင့် ဆောင့်ကန်လိုက်သလိုအောင့်၍သွားစေပြီးလျှင်မိမိသည်ထိုညီအစ်မနှစ်ယောက်တို့တွင်မည်သူ့ကိုပို၍ဂရုစိုက်မိသည်ကိုယခုမှပင်သိရလေ၏။ မခံချင်သောစိတ်ဖြင့် စိန်ဘ၏နားရင်းကိုအုပ်လိုက်ချင်၏။ သို့သော် စိန်ဘကို မိမိကသာ ကြောက်ရသည်။

"အေးကွာ၊ မင်းကံကောင်းတော့ အကြောင်းလှတာပေါ့။ ဒါနဲ့ နေပါဦးကွ၊ မင်းဘယ်လိုအခန်းထဲဝင်သလဲ"

ကိုစိန်ဘသည် အိမ်ခြေရင်းဘက်သို့ လက်ညှိုးထိုးပြလိုက်၏။ ကိုဒေါင်းစိတ်ဥ္စရှင်း၍သွားပေပြီ။ မိမိအခန်းတွင် မိမိအိပ်စဉ်အခါများက ကိုစိန်ဘအလည်ကျူး၍ အိမ်မပြန်နိုင်လျှင် ပြတင်းပေါက်ကို ခဲနှင့် အချက်ပေး၍ငွေးချိုပင်ကိုဖက်ကာ အခန်းတွင်းသို့ ဝင်လေ့ရှိသည်။

"နို့- ကျင်မြိုင်အစ်မကြီး မသိဘူးလား"

"အို-ငါ့မရီးက အလိုက်သိပါတယ်ကွာ"

မိုးမင်းသည် ခေတ္တအနားယူပြန်လေသည်။

သူငယ်ချင်းနှစ်ယောက်တို့၏ ဇာတ်ကြောင်းကုန်ဖွင့်ရန် အခါသည် လွန်ပြီဖြစ်သည်။ ကိုဒေါင်းသည်စိတ်ပျက်စွာနှင့်ပင်လျှင် အိမ်ရှင်တို့ဝတ္တရားအတိုင်းကိုစိန်ဘကိုဖိနပ်ချွတ်လှေကားရောက်အောင် သတိကြီးစွာဖြင့် တံခါးဖွင့်၍ပို့လိုက်ရ၏။ စိတ်ထဲတွင်မူ ဗလောင်ဆူ

လျှက်ရှိသည်ဖြစ်၍အိမ်ပေါ်လှေကားထစ်အဆုံးတွင်ခြေချော်ကျသဖြင့် 'ဒုန်း' ဟုမြည်သွားလေသည်။ "ဟဲ့-ဘယ်သူလဲ' ဟုအိပ်ရာပေါ်မှလန့်နိုးသူဦးလေးက မေးသည်ကို 'ကျွန်တော်ပါ' ဟူသောမောင်းကွဲသံကြေးစည်ပွဲသံကြီးဖြင့်ပြန်ပြောရင်း အိပ်ရာထဲသို့ ခေါင်းမြီးခြုံကာထိုးအိပ်လိုက်၏။

သို့သော်တစ်ညလုံးမအိပ်နိုင်။ညီအစ်မနှစ်ယောက်အခန်းမှမသဲကွဲသောတွတ်တွတ်အသံများကြားလေလေဒေါပွလေလေဖြစ်၍နေသည်။ ၄င်းတို့အသံစဲပြန်ပါလည်းစိတ်ထဲတွင်တဖျစ်တောက်တောက်နှင့်အိပ်၍မရထိုတစ်ညလုံးကျင်မြိုင်တို့ညီအစ်မနှစ်ယောက်ကိုလည်းကောင်း၊ကျင်မြိုင်တို့ညီအစ်မနှစ်ယောက်နှင့်ဇာတ်ချင်းတူသူမိန်းမအပေါင်းတို့ကိုလည်းကောင်း စိတ်တွင်ရေရွတ်ခြင်းအားဖြင့်မိုးစင်စင်လင်းရတော့သည်မိုးလင်းပြန်သော်ကျင်မြိုင်၏အဖိုသန်းပြီးသောသုံးဆယ့်နှစ်ကောဌာသကြီးကိုကမ္မဌာန်းစီးဖြန်းရမည်စိုးသောကြောင့်သင်းတို့နှစ်ယောက်မနိုးခင်အိမ်မှထွက်ခဲ့လေသတည်း။

ထိုနေ့တွင် မြချစ်တို့အိမ်တွင် ကိုစိန်ဘ၊ မြချစ်၊ မြဒင်နှင့်ကိုဒေါင်းတို့ ကက်ဆွဲကြသည်။ ကိုစိန်ဘသည် ဒူးနှံ့ရင်း ကိုဒေါင်းမခံချင်စဖွယ် ညကအဖြစ်အပျက်တို့ကို မြချစ်နှင့် မြဒင်တို့အားပြောပြနေလေသည်။ ဒေါသစိတ်ကြောင့် ကက်ဆွဲရာ အပေါက်လမ်းမတည့်နိုင်သဖြင့် ကိုဒေါင်း၏ နဖူးနှင့် ပါးပြင်တို့မှာ ထုံးခွေရာတို့ဖြင့်ဖွေး၍သွားလေသည်။

ညနေသော် ကိုဒေါင်းသည် နဖူးရှိထုံးသုံးတန်းကို ကောင်းစွာမဖျက်မိဘဲ သုန်မှုန်သောမျက်နှာထားဖြင့် အိမ်သို့ပြန်လာလေ၏။ အိမ်ပေါ်သို့လှမ်း၍အတက် ပုပ်သိုး၍နေသော ညီအစ်မနှစ်ယောက်မျက်နှာကိုပြေး၍မြင်၏။ နဖူးပြင်တွင် ထုံးတားထားသည်ကို မြင်ရသောညီအစ်မနှစ်ဖော်မှာ နှုတ်ခမ်းစူမိရင်း ဣန္ဒြေမဆည်နိုင်ဖြစ်ကြ

ပြီးလျှင် အိမ်ပေါ်သို့တတ်သွားလေ၏။ ကိုယ့်အပြစ်ကိုယ်တွေး၍မျှ မရှက်ဘဲအတင့်ရဲစွာပြက်ရယ်ပြုနေနိုင်သူညီအစ်မတို့အား ကိုဒေါင်းသည် မျက်စိပြူးတူးပြဲတဲနှင့်ဖွဲ၍ကြည့်ပြီးလျှင် မျက်စောင်းထိုးလိုက်၏။

ထို့နောက်အိမ်နောက်ဖေးမှ ခြေသံပြင်းပြင်းနင်းလာသော ဦးလေးတော်ကိုပက်ပင်းပါတွေ့ရပြန်လေရာ ကိုဒေါင်းသည် ထိုဦးလေးတော်၏ စူအောင့်သောနှုတ်ခမ်းနှင့်မာတင်းသောမျက်နှာထားကိုငေးမော၍ကြည့်ကာ တွေနေဘိ၏။

"ခွေးမျိုး . ဝက်မျိုး . . အမိုက်မျိုး၊ ဒီလောက်တောင် မိုက်ရသလားဟင်၊ နှမချင်းစာပါဦးတော့လား၊ ညကအသံကြားမိကတည်းကမင်းဉာဏ်တွေကိုရိပ်မိပါရဲ့။ ကိုယ့်အိမ်လာတည်းခိုတဲ့ဧည့်စွာကြည့်ဦးမှပေါ့။မသကာဆို ငါ့မျက်နှာလည်းထောက်ပါဦး၊ ခုတော့ကြည့်ပါဦးဗျာ- သူမို့ ပက်ပက်စက်စက် မအေကြီးမရှိခိုက် ကြံဝံ့ပလေတယ်။ ခွေးမျိုး . ဝက်မျိုး . . အမိုက်မျိုး၊ သွား . . သွား . နင့်မျက်နှာငါမကြည့်ချင်ဘူး" ဟူသော ဦလေးတော်၏ ကြိမ်းဝါးသံတို့မှာ မိမိအားနားထူပါးထူဖြစ်သွားစေ၏။

ကိုဒေါင်းကား ကောင်းစွာမရေမလည်သေး၊ ရှင်း၍ပြလိုက်ချင်သော်လည်း ဘာကိုရှင်းရမည်မသိ။"ဘယ်သူလဲ"ဟူ၍သာငေါက်ဆတ်ဆတ်မေးလိုက်၏။

ဒေါသကြီးဆဲတွင် အမေးခံရသောဦးလေးဖြစ်သူမှာ သိလျက်နှင့်မေးပလေသည်ဟု အတွေးရောက်ကာ "နင်ဟဲ့- နင်ဟဲ့ သေချင်းဆိုး" ဟုဆို၍ ကိုဒေါင်း၏ပြူးကြောင်သောမျက်လုံးတို့ကို လက်ညှိုးဖြင့် ထိုးပြ၏။

"ဘယ်သူကပြောတာလဲ" ဟုကိုဒေါင်း ထပ်လာမေးပြန်၏။ ဦးလေးဖြစ်သူသည်ပိုမို၍ရှူးရှူးရှားရှားဖြစ်လာပြီးလျှင်ကိုဒေါင်း၏

နားဝသို့ ပါးစပ်ဖြင့် လေကိုအားကုန်မှုတ်ထုတ်ရင်း "ကျင်မြိုင်ဟ-မှတ်ကရော" ဟုဆိုကာ ကိုဒေါင်း၏ဦးဆက်ကို လက်ဝါးစောင်းနှက်လိုက်လေသတည်း။

ကိုဒေါင်းသည် ဒေါသကို ချုပ်ပြီးလျှင် နောက်သို့ဆုတ်လိုက်လေ၏။တံတွေခပ်ပျစ်ပျစ်ကိုထွီခနဲမြည်သွားအောင်ထွေးရင်းလမ်းမသို့ဆင်း၏။တစ်လှမ်းချင်းဖြင့်မြဒင်တို့အိမ်ဘက်ဆီသို့ လျှောက်ခဲ့၏။

"ကျင်မြိုင်. . . ကျင်မြိုင်။ သင်းဉာဏ်ချည်းပဲ။သူ့အဖြစ်အပျက်တွေကို လူကြီးတွေသိလျှင် တစ်မျိုးတစ်မည်ထင်မှာစိုးလို့ သင်းဉာဏ်ဆင်တာပဲ။ကြည့်စမ်းပါဗျာ'ကျော်တော့လှေသူကြီး ညားတော့စိန်ဘ' ထွင့်ါကိုဦးအောင်တွယ်လိုက်ပါကကော။ဩော်. . မိန်းမ. . . မိန်းမ"

ဤသို့တွေးရင်း ဆယ့်ငါးလှမ်းမျှလှမ်းမိသော် ခွေးမငယ်တစ် ကောင်သည် အမြီးကိုနှံ့၍ဖင်ကိုလှုပ်၍ခါးကိုတွန့်၍မိမိနောက်ပါး တော် ခွေးထီးကြီးငယ်တို့ကို မြူ၍နေသည်ကို တွေ့ရလေ၏။ ခွေးထီး တို့မှာတစ်ကောင်နှင့်တစ်ကောင် မာန်ထောင်၍ဟိန်းနေကြလေသည်။

ကိုဒေါင်း၏ဒေါသသည် ပွင့်၍ထွက်သွားလေသည်။ လမ်းပေါ်ရှိအုတ်ခဲတစ်လုံးကို ငုံ့၍ကောက်ပြီးလျှင် ခွေးမငယ်၏ ဦးခေါင်းကို အားပါးတရပ်ပစ်၏။ ခွေးမငယ်သည်ကိန်-ကိန်-မြည်ကာ ကိုဒေါင်းတို့အိမ်ဘက်သို့ လှည့်ပြေး၏။

ကိုဒေါင်းသည် ခွေးမငယ်သွားရာသို့ လှမ်းကြည့်လိုက်ရာ အိမ်အပေါ်ထပ်ပြတင်းဝမှ ကျင်မြိုင်တို့ညီအစ်မနှစ်ယောက်မိမိအားမှုန်ကုတ်ကုတ်နှင့် ကြည့်၍နေကြသည်ကို တွေ့မြင်ရလေ၏။

ကိုဒေါင်းသည်ထိုအခါမှကျေနပ်စွာ'ဟား. . ဟာ. . ဟား. . 'ဟုမရယ်ချင်ဘဲဝါးလုံးကွဲရယ်လိုက်ပြီးလျှင် -' မှတ်ကရောဟဲ့-ကျင်မြိုင်' ဟုသူတို့နှစ်ယောက်ကြားလောက်အောင်အော်လိုက်လေရာညီအစ်မ

နှစ်ယောက်တို့သည် မျက်စိမျက်နှာပျက်ပျက်နှင့် ပြတင်း ပေါက်မှ အိမ်တွင်းသို့ ဝင်သွားလေသတည်း။

*

# ကိုဒေါင်း၏ ခေတ်စမ်းကဗျာ

**"Truth is Beauty"**

**Keats.**

နတ်ရှင်နောင်သည် ဘုရားအားအောင်သွယ်ပြုလျှက်မြောက်မြားလှစွာသောရည်းစားစာရတုတို့ကိုရေးသားခြင်းဖြင့်မြန်မာစာပေနယ်ကို ိုတိုးချဲ့ခုတ်ထွင်ခဲ့ပြီးသော်နာမည်ကြီးသောပုဂ္ဂိုလ်အဖြစ်သို့ရောက်လေသည်။ အလွမ်းသယ်လေ့ရှိသောမြန်မာပညာရှိသုခမိန်ပဏ္ဍိတ်တို့သည် နတ်ရှင်နောင်အားကဗျာ့ပါရဂူဟူ၍အသိအမှတ်ပြုကြရသည်။ တက်ခေတ်ကာလသား စာရေးဆရာတို့အဖို့လည်း နတ်ရှင်နောင်၏ ဘုရားတိုင်ရတုတို့မှာ ပထမတန်းရည်းစားစာများဟုအသိအမှတ်ပြုကြသည်။ သို့ရာတွင် နတ်ရှင်နောင်၏ခေတ်ကား လှေခေတ်လှည်းခေတ်ဖြစ်လေရာလေယာဉ်ပျံတည်းဟူသောကိုဒေါင်း၏ခေတ်ထဲတွင် ကိုဒေါင်း၏ကဗျာလောက် ခရီးရောက်မည်မထင်။

ကိုဒေါင်း၏ကဗျာမှာ တိုလည်းတိုသည်။ တုတ်လည်းတုတ်သည်။ လိုရင်းကိုလည်းရောက်သည်။ အဓိပ္ပါယ်လည်းနက်နဲသည်။ သိမ်မွေ့လည်း သိမ်မွေ့သည်။

ထို့ကြောင့် သူ၏ကဗျာသည် အကြိုက်ကိုတွေ့ ဘဝင်မွေ့စေသည်။ နတ်ရှင်နောင်သည် ကဗျာပုဒ်ရေပေါင်း မြောက်မြားစွာဖြင့် ဘုရားကိုတိုင်တည်အောင်သွယ်စေလျှက်ရာဇဓါတုကလျာကိုပိုးပန်းရပြားသော်လည်းတစ်ပတ်နွမ်းဘဝသို့ရောက်မှပေါင်းဖော်ရလေသည်။ ကိုဒေါင်းသည်အောင်သွယ်မထားဘဲအပျိုစင်နုနုထွတ်ထွတ်ကလေးနှင့် ပေါင်းဖော်ရဖူးလေသည်။

ခင်စိန်သည် ဖခင်အော်တော်ဝါး ခေါက်ဆွဲဆိုင်ပေါ်တွင် ကျား ပါးစပ်ခြေကျင်းနှင့်နန်းလိမ်လက်ကောက်တံတောင်ဆစ်အပြည့်တို့ကို ဆင်မြန်းကာနေရသော်လည်း တစိမ္ဘမပျော်ပိုက်ချေ။ နောက်ဖေး၌ ဝက်သံများ တညံညံရှိသည်။ အိမ်အောက်မှာ ဗွက်ပေါက်နေသော ရွှံ့ပုပ်နံ့တို့ကို သည်းမခံနိုင်။ နံနက်တိုင်း ခေါက်ဆွဲဖို၌ ခေါင်ဆွဲလိုမ့် သော တဂေါက်ဂေါက်အသံမှာ နားမချမ်းမြေ့ဖွယ်ဖြစ်သည်။ ညအ ချိန်တွင် ဖခင်ဖြစ်သူ ဇိမ်နှင့်ရှူသောပြောင်းသံမှာ ခင်စိန်တို့အိမ် နောက်ဖေးအိမ်သာအောက်ရှိဂဇာန်းတွင်းထဲသို့ ရေဝင်သံများကဲ့သို့ ဂလောက်ဂလောက်နှင့်မို့ တော်တော်နှင့်အိပ်မပျော်နိုင်။ ဤမျှမ ပျော်ပိုက်ရသည့်ကြားတွင် ဖခင်အော်တော်ဝါးသည် ကညင်ကုန်းရွာ နေ ဝက်ပိုင်ရှင်အခွီးနှင့် မိမိအားကြောင်းလမ်းတော့မည်ဟု သတင်း ရနေသဖြင့် သာ၍ပင်မရွှင်လန်းစရာဖြစ်ရှာတော့သည်။

ခင်စိန်မှာ တရုတ်ကပြားမလေးဖြစ်ရကား နန္ဒန်းတက်ကြီး ကဲ့သို့ ဝါဝင်း၍ချစ်စရာတစ်ပွေ့တစ်ပိုက်ကြီးဖြစ်သည်။ ပါးအို့က လေးများမှာ စုန့်၍နေလေရာ ဝါးစားချင်စဖွယ်ပင်။သို့သော် နှစ်စုံ သောမျက်စိတို့မှာ ရယ်လိုက်လျှင် အဘယ်သို့ရောက်သွားမှန်းမသိ အောင် ပျောက်ချက်ကောင်းတတ်သည်။ ထိုအပြစ်မှတစ်ပါး ဆိုစရာ ဘာတစ်ကွက်မျှမရှိ။ ထို့ကြောင့် ရွာနေ လူပျိုကာလသားတို့မှာ ခေါက်ဆွဲစားရင်း ခင်စိန်၏အလှကျက်သရေတို့ကို စိတ်ကူးနှင့်စည်း စိမ်ခံကြလေသည်။

ထိုသရောခါကျွန်ုပ်၏မိတ်ဆွေဟောင်းကိုဒေါင်းမှာခင်စိန်တို့ အိမ်ရှေ့ဓားလွယ်ခုတ်တွင်သူ၏နွမများယောက်ဖတော်များနှင့်အတူ နေထိုင်သည်။ ထိုအချိန်အခါကား ကိုဒေါင်းသည် ကျုံမငေး၊ ကျိုက် လတ်တို့သို့မိချောအားရှာပုံတော်စခန်းသွားခဲ့ပြီးနောက်မဟာန်သဖြင့် ရွာပြန်ကာ မိချောစိတ်တို့ကိုခဝါဖွပ်၍နေသော အချိန်ကာလအခါ သမယကြီးဖြစ်လေသည်။

မိချောအပေါ်သို့ညွတ်သောစိတ်တို့သည် ကိုဒေါင်း၏ ဟာဒယ ဝတ္ထုတွင် မကွာတစ်ချက် ကွာတစ်ချက်ဖြစ်နေလေသည်။ ခင်စိန်တို့၏ခေါက်ဆွဲဖိုမှလေငွေ့၍တက်လာသောဝက်ဆီဖက်ကြော်၏အညှော် အသင်းအခိုးအငွေ့တို့ကဲ့သို့ မလွင့်တစ်ချက် လွင့်တစ်ချက်ဖြစ်၍ နေသည်။တစ်ခါတရံမိချောအား သတိတရကြီးရသည်တွင် မိမိ၏ ဝမ်းနည်းပူဆွေးခြင်းတို့ကိုအော်တော်ဝါးထံမှဝယ်ယူလာသောကစော် ရည်ထဲတွင် နှစ်လိုက်ရသည်အော်တော်ဝါး၏ခေါက်ဆွဲဆိုင်ပေါ်တွင် ခေါက်ဆွဲစားရင်း ကစော်ရီရီဖြစ်လာသောအခါများတွင် မိမိမျက်စိ ရှေ့တွင်မိချောပျောက်၍ခင်စိန်ရောက်လာသည့်အခါခေါက်ဆွဲသည် စားနေကျထက် ပို၍အရသာရှိလာသည်ဟု ထင်မိသည်။

သို့ရာတွင်အော်တော်ဝါးနှင့်မိမိ၏ယောက်ဖတော်တို့မှာခင်မင် ကြသည်။ခင်စိန်သည်လည်း မိမိရွာတွင် မိမိမျက်မှောက်၌ ကြီးပြင်း လာရသည်။ ထို့ကြောင့် ကိုဒေါင်းသည် ဖာသိဖာသာမေ့မေ့ပျောက် ပျောက် နေလိုက်သည်။ သို့သော်အော်တော်ဝါး၏ခေါက်ဆွဲကိုမူကား စွဲမှန်းမသိစွဲ၍လာလေသည်။

ကြာလတ်သော် ကိုဒေါင်းသည် မိမိစွဲသည်ကား ခေါက်ဆွဲ မဟုတ်၊ ခင်စိန်ပါတကားဟု စဉ်းစားဆင်ခြင်မိလိုက်သောအခါ သက်ပြင်းကြီးစွာချမိသည်။

ခင်စိန်နှင့်သူ ဇာတ်မတူကြောင်းကို ကိုဒေါင်းသိသည်။ ခင်စိန် တို့အမျိုးစရိုက်ဇာတိကို အပျက်မခံသော သတ္တိထူးရှိသည်ကိုလည်း နားလည်သည်။အော်တော်ဝါး၏ ဒေါသကိုလည်း စဉ်းစားမိသည်။ ဝက်ထိုးလှံနှင့် ဝက်လှီးဓားတို့ကိုလည်း ထင်မြင်လာသည်။ မိမိ၏ မည်းတူသောရုပ်အဆင်းကိုလည်း ရှုံ့မိသည်ခင်စိန်နှင့်ရည်ရွယ်ထား သော အခွီးကိုလည်း ဒေါသဖြစ်မိသည်။ သို့ရာတွင် ခင်စိန်ကိုမြင်ရ သောခဏ၌ချစ်တာထက် ဘာမျှပို၍မတွေးတတ်တော့ချေ။

ခင်စိန်ကို ဘယ်တုန်းက ဘယ်နေရာ ဘယ်လိုစပြီး ချစ်မိသည်ကိုမပြောတတ်။ချစ်မိပြီဟု သိပြန်သောအခါ ဘာကိုလုပ်ရမည်မသိ။ ခင်စိန်တို့အိမ်အပေါ်ထပ်နှင့်မျက်စောင်းထိုးမိမိတို့အိမ်အပေါ်ထပ်မှနေ၍ ခင်စိန်အားတစေ့တစောင်းကြည့်ရင်းသူမသိငါပိုးနှင့်စိတ်ညှိုးနွမ်းနေရရှာသည်။

သို့သော် ညတိုင်းကား ခေါက်ဆွဲစားမပျက်။ ခင်စိန်တို့ဆိုင်ရောက်လျှင် တစ်ခါတစ်ရံ ခင်စိန့်ထံမှာပင်ခေါက်ဆွဲမှာစား၏။ ခင်စိန်ကားခေါင်းကလေးငဲ့၍ဆိုင်ရှိတရုတ်များအားအမိန့်ပေး၏။ ၎င်းမှာပြုံးငယ်လျှက်ပင်။ ဘာကိုတွေးနေပါလိမ့်။ အခွီးကိုတွေးနေပေမည်။ ကျေနပ်၍ရွှင်မြူးဖွယ်ကိုတွေးနေလေသလား။ သူ့မျက်နှာကိုကြည့်ရသည်မှာ မကျေနပ်ပုံရသည်။ငါလိုအကောင်မျိုးဆိုလျှင်ဘယ်လိုနေပါလိမ့်။ ဖိနပ်နှင့်စီး၍ရိုက်မှာပဲ။ ဤသို့ကိုဒေါင်းစဉ်းစားခန်းထုတ်သောအခါများ၌ ကိုဒေါင်းသည် တူနှင့်နှာခေါင်းကို ထိုးမိတတ်သည်။ထိုအခါမျိုး၌ခင်စိန်ကရယ်သည်။ "သည်လူကြီးဟာဘယ့်နှယ်လူကြီးပါလိမ့်" ဟုခင်စိန်က ဆိုတတ်သည်။

ဤကား ကိုဒေါင်းအဖို့ အတော်ခရီးရောက်သော စကားဖြစ်လေရာ ကိုဒေါင်းသည် ရဲသည်ထက်ရဲ၍ လာလေ၏။ တစ်ခါတစ်ခါလသာသောညများ၌ မိမိနေအိမ်မှနေ၍ ခင်စိန်တို့အိမ်ရှေ့ကွပ်ပျစ်ဆီသို့သွားရင်း ခင်စိန်၏မောင်လေးမှအစပြုကာ ခင်စိန်၏အစ်မတော်များနှင့် ချစ်ကျွမ်းဝင်အောင်ပြု၏။ သို့သော် ကိုဒေါင်းအတွက်အကွက်ကောင်းမတွေ့ရချေ။

တစ်နေ့သော် ကိုဒေါင်းခေါက်ဆွဲစားနေစဉ် ခင်စိန်ကိုမတွေ့ရသဖြင့် စိတ်လေးမိသည်။ တူနှင့် နှစ်ချက်သုံးချက်ခန့်မျှ မျက်နှာကိုထိုးမိသောကြောင့်နိမိတ်မကောင်းဟုယူဆနေဆဲခင်စိန်တို့ဆိုင်ခန်းထဲမှ ပေါက်ဖော်ဝဝကြီးထွက်လာသည်ကို တွေ့ရလေ၏။ 'အခွီး'ပဲဟု သွေးကပြောလေ၏။

လောကကြီးသည်ဦးရာလူအနိုင်ရသောလောကကြီးဖြစ်သည်။ ကိုယ်မဦးလျှင် သူကဦးလေမည်။ ကိုဒေါင်းသည် အကြံရလာလေသည်။ နောက်တစ်နေ့တွင် အိမ်ပေါ်သို့တတ်၍ ယောက်ဖတော်၏ ငါးပိစာရင်းစာအုပ်မှစာရွက်တစ်ရွက်ကိုဆုတ်ပြီးလျှင်စာရေး၏။ ပြီးလတ်သော်အိမ်ပေါ်ပြတင်းပေါက်မှခင်စိန်အလာကိုမျှော်လင့်စောင့်စားနေ၏။

ခင်စိန်သည် တုန်လှုပ်ချောက်ချားဝမ်းနည်းသော အမူအရာနှင့်ပြတင်းဝတွင်မှိုင်နေသည်။ ပုံပန်းမှာ အခွီးကိုသူမေတ္တာရှိဟန်မရသေး။ထို့ကြောင့် ကိုဒေါင်းသည်ခင်စိန်အားစာထောင်ပြလိုက်သည်။ ခင်စိန်သည် ထိုနေ့မှစ၍ အခန်းဝတွင်မထိုင်တော့ချေ။

အသို့နည်း။ လက်လွှတ်ရပြီလော။ ခင်စိန်နှင့် မတွေ့ရသည်မှာကြာပြီ။ အခွီးနောက်သို့ လိုက်သွားပြီဟုပင် ထင်မှတ်သည်။ သို့သော် တစ်နေ့၌ ခင်စိန်၏မောင်ကလေးက သူ့မမနေမကောင်းတာကြာပြီဟုဆိုမှ သက်သာရာရတော့သည်။ ကိုဒေါင်းလည်း ခေါက်ဆွဲနှင့်ရေစက်ပြတ်၍နေသည်မှာ ကြာပြီဖြစ်၍ နေ့ထူးနေ့မြတ်တစ်နေ့တွင် ခေါက်ဆွဲဆိုင်သို့ရောက်သွားလေရာ ခင်စိန်ပန်းထိုးနေသည်ကိုတွေ့ရလေသတည်း။

ခေါက်ဆွဲစားပြီးသော် ကိုဒေါင်းသည် ပိုက်ဆံကို ခင်စိန်ရှိရာသို့ သွားပေးရင်း စာကလေးကို သူ၏ပေါင်ပေါ်သို့ ပစ်တင်လိုက်သည်။ ခင်စိန်သည် ဖျက်ခနဲ ကောက်ယူထားလိုက်သည်။

ရှည်ရှည်ဝေးဝေးပြောရန်မလိုတော့ပါ။ ကမ္ဘာဦးလူတို့၏ ထုံးတမ်းစဉ်လာအရ ခင်စိန်နှင့်ကိုဒေါင်းတို့မှာပါးစပ်ကဖွင့်မပြောရသော်လည်း ဤနေ့မှစ၍သမီးရည်းစားဘဝသို့ ရောက်ကြရပေပြီ။

"ခင်စိန်၊ နင့်ကို တစ်ယောက်ချင်းတွေ့ချင်တယ်။ အိမ်ပေါ်မှာ နင် ဘယ်သူနဲ့အိပ်သလဲ" ဟု ကိုဒေါင်းသည်တစ်နေ့သော်အရဲစွန့်၍ မေးလိုက်သည်။

"အို-တော်ကလဲ၊ နေ့တိုင်းလိုပဲ တွေ့နေရတဲ့ဉစ္စာ၊ အိမ်ပေါ်မှာ ဘယ်သူရှိဦးမှာလဲ။ ဘာလုပ်ဖို့ တွေ့ချင်ရသလဲ"

"အို-စကားဝအောင်ပြောချင်လို့ပေါ့"

"နို့- ခုစကားပြောနေရပြီမဟုတ်လား ကျွန်မအိပ်တာ ပြတင်းပေါက်နားတင်ပဲ။ ကိုဒေါင်းလာလို့ တော်မလား"

"တော်တော်. . မတော်တော်၊ ဒီည ငါအချက်ပေးလိုက်ရင် တံခါးကိုဖွင့်ထား"

"အို-မဟုတ်တာ၊ ရှင်မလာပါနဲ့၊ အပါကနောက်ဖေးခန်းမှာ တစ်ညလုံးအိပ်တာမဟုတ်ဘူး"

ဤမျှပြောလျှင် တော်လောက်ပါပြီ။ခင်စိန်၏ငြင်းသံစကားထဲတွင် အဓိပ္ပါယ်တွေက တစ်ပြုံတစ်ခေါင်းကြီးပါလာသည်ကိုကိုဒေါင်း ရိပ်မိပါသေးသည်။သူကအပြင်ခန်းကအိပ်၍ သူ့အပါကနောက်ဖေး ခန်းမှာအိပ်သည်။ အဖော်လည်း မရှိပါ။ ပြတင်းပေါက်နားမှာကပ်၍ အိပ်တတ်ပါသည်။ယင်းသို့ဖြစ်လျှင်အဘယ်ပုံကြံရမည်နည်း။အို. . သည်လောက်တော့ ကိုဒေါင်းလည်း အကင်းပါးပါသေးသည်။

လ မဆန်းတဆန်းတွင် လမင်းသည် ကောင်းကင်ပေါ်၌ ချို ထောင်၍နေသည်။ လေအေးက တသုန်သုန်နှင့်မို့ ကိုဒေါင်းသည် ခေါင်းစွပ်နှင့်မာဖလာကိုဆင်မြန်း၍မိမိအိမ်ပြတင်းပေါက်မှဖိနပ် ချွတ်ခေါင်းမိုးကို ခြေဖျားထောက်ဆင်းပြီးလျှင် အုန်းပင်မှီ၍အောက် သို့ဆင်းသည်။ လမ်းကိုကျော်လိုက်လျှင် ခင်စိန်တို့ဖိနပ်ချွတ်ကို ရောက်သည်။ ပြတင်းပေါက်ကို ခဲကလေးနှင့်ပေါက်လိုက်ရာ တစ် အောင့်ကြာသော်တံခါးမင်းတုံးဖြုတ်သံ'တောက်'ခနဲကြားသည်။ ကို ဒေါင်းလည်း ခါးတောင်းမျှောင်အောင်ကျိုက်၍ ဖိနပ်ချွတ်တိုင်ကို တွယ်တက်သည်။ သွပ်မိုးဖြစ်ရကား သတိထား၍နင်းရသည်။ သတိ ထားကာမှ သွပ်သံမှာ ဖြောင်းခနဲမြည်သွားလေရာ-

"ခင်စိန်. . . ယား"

"ဘာလဲ. . အပါ"

"နင် မအိပ်စေးဘူးလား၊ စောက်ကယိုးလဲ ကောင်မလေး။ အာခုထိ ဘာလုပ်နေစလဲ"

"ဘာမှမလုပ်ပါဘူး၊ ကြောင်ခုန်ချလို့ပါ"

"အာ. . ဒီ-စုမေရိုး ကယောင်ကို ရိုက်ခယပါလေ့လား"

ဟူသော အသံဗလံများ၏အဆုံးတွင် ကိုဒေါင်းသည် ခင်စိန်၏ ခုတင်ပေါ်သို့ ရောက်၍နေလေသတည်း။

ထိုအဖြစ်အပျက်တို့မှာ ဆယ့်လေးငါးရက်အတွင်း ဆက်တိုက်ဖြစ်၍ပျက်သောအခြင်းအရာများဖြစ်လေရာထိုမျှလောက်သောရက်သတ္တနှစ်ပတ်မျှအတွင်း အတော်ပင်ခရီးရောက်သောစာမှာ နည်းနည်းနောနောစာဟုတ်မည်မထင်။အတော်ပင်လေးနက်သောထက်မြတ်သော အချက်ပိုင်သော မိန်းမတို့၏စိတ်ကို ထိခိုက်ပျောင်းညွတ်စေသောစာဖြစ်မည်။ မိန်းမဟူသည် အဖွဲ့အနွဲ့ကို ကြိုက်တတ်သည်။ သို့ဖြစ်၍ သာမညရေးထားသော တောယမ်းမယ်ဖွဲ့မျိုး ဟုတ်မည်မထင်။ဆန်းအလင်္ကာရသဂုဏ်တို့နှင့် ပြည့်စုံသောကဗျာဖြစ်ရမည်။ ထိုကဗျာနိဿယကဗျူပဒေသတို့မှ ကင်းဝေးသော စည်းလွတ်ဝါးလွတ်ကဗျာတို့ထက် အချက်ပိုင်သောကဗျာ ဖြစ်ရမည်။ သို့သော် ဤအကြောင်းကိုပြန်သော် ကိုဒေါင်းသည် ဘယ်နံ့ရောအခါမှ သူ၏ရည်းစားစာကဗျာဗန္ဓဖွဲ့ပုံးဖွဲ့နည်းကိုကျွန်ုပ်အားပြောမပြခဲ့လေသောကြောင့် ကျွန်ုပ်မှာကိုဒေါင်း၏လျှို့ဝှက်ချက်ကို မတွေးတတ်အောင်ရှိလေသည်။သို့ရာတွင်ပညာရှာရာ၌ မိမိကိုယ်ကိုနှိမ့်ချ၍ပညာရှိတို့ကို ဆည်းပူးကပ်ခိုရသည်။ ဤထုံးကို နှလုံးပြုမိသော အကျွန်ုပ်သည် ကိုဒေါင်းအားဒေါ်ဆင်၏လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဖြင့်မြှူကာ 'ဆရာ' ခေါ်၍ ကပ်ရလေသည်။

"ငါ့စာက အတော်တာသွားတဲ့စာကွ"

"အို-ဆရာဒေါင်းနှယ်၊ သဟာ့ကြောင့် ကျွန်တော် ဆရာ့ကို မှီဝဲတာပ။ ဘယ်လိုများရေးလိုက်သလဲ။ ကဗျာလား၊ ရတုလား၊ ဒွေးချိုးလား၊ လေးချိုးလား"

"ဟာ- ဟာ မေးမနေစမ်းပါနဲ့ကွာ။ လူများတုန်း မပြောချင်ပါဘူး"

"မဟုတ်သေးပါဘူး ဆရာဒေါင်းရယ်၊ခင်ဗျားချည်းစွံနေလို့မပြီးသေးပါဘူးဗျာ့။ခင်ဗျားတပည့်ကျွန်တော်လည်းစွံချင်သေးသပေါ့"

"ဟား. . . ဟား. . . ဟား၊ မပြောပါရစေနဲ့ဆိုတောင် မင်းက မရဘူး။ဟိုညကခုတင်ပေါ်ရောက်တော့ခင်စိန်ချွေးခံအကျီအိတ်ထဲမှာစာကလေးခေါက်ရက်တွေ့သေးတယ်။သူကတရိုတသေသိမ်းထား တာကလားကွ။ဒါပေမဲ့ သူကစာမှမတတ်ဘဲ။ သည်စာကို သူ့ပြတော့ ငါ့ကိုတောင် ထုလိုက်သေးသကွ။ ငါလည်း စာကိုဆွဲဆုတ်. . ."

"အောင်မလေးလေ၊ နှမြောလိုက်ပါဘိ ကိုဒေါင်းရယ်၊ သူမဖတ်ပေမယ့် ကျွန်တော်တို့လို ပညာလိုက်စားသူများအတွက် အမှတ်တရ စုဆောင်းထားရောပေ့ါဗျာ"

"ဟား. . . ဟား. . . ဟား၊ မင်းကွာမပြောပါရစေနဲ့ဆိုတာမရဘူး။ ငါ့စာကို ခပ်တိုတိုပါပဲ။ ကြိုက်ရင်ကြိုက်၊ မကြိုက်ရင်. . ."

"အဲ-အဲ၊ ဆိုစမ်းပါဦး။ မကြိုက်ရင် ဘာဖြစ်သတဲ့လဲ"

"ဟား. . ဟား. . ဟား၊ မကြိုက်ရင် ဟီ ဟီ"

"အင်း. . . မကြိုက်ရင် ရှေ့ဆက်စမ်းပါဦးဗျ"

"ဟဝှာလကွာ၊ မပြောချင်ဘူး"

ကိုဒေါင်းပြောသလို မပြောချင်ပါဘူးဟူ၍လည်း ကျွန်တော် ပြန်၍ပြောလိုလှပါသည်။လောကတွင် လူတို့သည် သစ္စာရှာဖွေ

ကြသည်ဟူ၍ပါးစပ်ကတဖွဖွဆိုကုန်ကြကုန်၏။ သို့ရာတွင် မှန်ရာပြော လျှင် ကြိုက်ကောင်းမှ ကြိုက်ကြပေမည်။အကယ်တိ လူတိုင်းလူတိုင်း သစ္စာတရားကိုသာလျှင်အခြေပြုကြမည်ဆိုလျှင်ဤလောက၌ လူကို ရှာ၍တွေ့တော့မည်မဟုတ်ချေ။နိဗ္ဗာန်၌လူတို့သည်ဒင်းကြမ်းပြည့်၍ နေပေမည်။ကျွန်ုပ်သည်အကယ်တန္တိဖြစ်ပွားခဲ့ဖူးသောအခြင်းအရာ တို့ကိုပြန်ပြောင်းပြောဆိုနေသူတစ်ဦးအဖြစ်နှင့်စဉ်းစားပါလျှင်လည်း မှန်သောအကြောင်းအရာတို့မှလွှဲဖယ်ရန်လမ်းမမြင်အမှန်ကိုလိုက်စား လိုသူအဖို့ကွယ်ဝှက်အပ်ကောင်းသည်ဟုမဆိုသာထို့ကြောင့်ကိုဒေါင်း ၏ရည်းစားစာကဗျာသည်အဘယ်သို့သောကဗျာနည်းဟုမေးငြားအံ့။

လူတို့ဓမ္မတာ ကိလေသာစိတ်တို့သည် ကုန်ခန်းနိုင်ဖွယ်ရာမရှိ။ လူပျိုပေါက်ဘဝကိလေသာ၏အရိပ်အရောင်တို့ကိုမျိုသိပ်ထားရာမှ ဖွင့်ချရသောအခါများ၌ဘုရား၊ကျောင်း၊တန်ဆောင်းစသောအထွတ် အမြတ်ထားရာ၌လည်းကောင်း၊အိမ်သာနံရံများ၌လည်းကောင်း၊ လူမသမာသူဟူ၍သမုတ်ခံရသောလူငယ်လူရွယ်ကလေးတို့မီးသွေးဖြင့် ့လက်သရမ်းကြသော ရုပ်လုံးများကို စာဖတ်သူတို့တွေ့ဖူးကြပေမည်။ ထိုရုပ်လုံးများ၏တစ်စိတ်တစ်ဒေသဖြစ်သောကတ်ကြေးပုံတစ်ပုံသည် သာလျှင် ကိုဒေါင်း၏ခရီးရောက်သော ရည်းစားစာ ကဗျာတစ်ပုဒ် ဖြစ်ချေသည်တမုံ့။

*

# ကိုဒေါင်း၏ စစ်ပွဲ

ကိုဒေါင်ကား သေလေပြီ။ ကိုဒေါင်းသည်သက်တော်ရာကျော်ရှည်ပါစေသတည်း။

သတ္တဗေဒအလိုအားဖြင့် စစ်ဟူသည် လိုအပ်သော ဓမ္မတာဖြစ်ကြောင်းနှင့်သတ္တဗေဒဖားခွဲပါမောက္ခတို့ကဆိုကြကုန်၏။ မိမိ၏မျိုးဆက်ပြန့်ပွားရေးအတွက်လုံးပမ်းသောအားဖြင့်ဃရာဝါသအမှုကိုသတ္တဝါတို့ပြုကြကုန်၏။ထိုဃရာဝါသကိုအကြောင်းပြု၍လူဦးရေတိုးသောအကျိုးတရားသည်ဖြစ်ပေါ်လာ၏။လူဦးရေတိုးသောအကျိုးတရားကြောင့်သဘာဝထောက်ပံ့မှုသည်လျော့ပါး၍လာရလေသည်။သဘာဝအင်အားချို့တဲ့သည်နှင့်အမျှ ဝိသမလောဘထုပြောလာရသည်။လောဘကြောင့်ဒေါသမီးအရှိန်တောက်သည်။ ဒေါသမီးလောင်သောကြောင့်မောဟမှိုင်းတက်သည်။ထိုအခါလောဘ၊ ဒေါသနှင့်မောဟတို့သည်သုံးဦးသားရင်ဆိုင်၍နာနတ်သီးနှင့်ပစ်ခတ်ကြ လေရာလူတို့သည်သေကျေပျက်စီးကျကုန်၏။ လူဦးရေလည်းလျော့ပါးသွားပြန်သည်။မြေဆီဩဇာတို့လည်းပြန်၍တတ်လာသည်။သဘာဝအင်အားလည်းပြန်၍ကြီးမားလာသည်။ သဘာဝထောက်ပံ့မှုကြောင့် တစ်ဖန်လူဦးရေတိုးရပြန်သည်။ ထို့ကြောင့်အထက်ကဆိုခဲ့သည့်နည်းအတိုင်းဂျာအေးကို သူ့အမေရိုက်သည့် ဇာတ်လမ်းကြီးကိုလူ့ဘဝဇာတ်ရုံကြီး၌လူဟူသောဇာတ်သမားတို့ကပရိသတ်ပွဲတောင်းသောကြောင့် နောက်တစ်ချီထပ်၍ ကပြရပြန်သတည်း။

စစ်ဖြစ်ခြင်း၏အကြောင်းရင်းသည် သင်္ခါရစက်ဝိုင်းအတွင်း၌ဂျာအေးသူ့အမေရိုက်သလို တဝဲလည်လည်နေပုံကို ကိုဒေါင်းလို တော

သားပါမွှားက ဤသို့ရွှေညာဏ်တော်စူးစူးရောက်ရောက်နှင့် တွေးမိ မည် မဟုတ်ချေ။

ကိုဒေါင်းတွေးမိသမျှမှာ 'ငါလခွေးနှယ်၊ သာသနာသက္ကရာဇ် တစ်ဝက်မှမကျိုးသေးဘူး။ သိကြားမင်းရဲ့ဝရဇိန်လက်နက်က တယ် ဆော်သဟေ့' ဟူသတည်း။

သို့သော်ကျွန်ုပ်တို့သည်သူ့အာဘော်ကိုမျက်မှန်းရမ်းဆ၍သာ ပြောနိုင်တော့မည်။ကျွန်တော်အတတ်သိသမျှမှာကားကိုဒေါင်းသည် ပြီးခဲ့သောကမ္ဘာစစ်ကြီးကို ရွံ့ရှာသည်။ မုန်းတီးသည်။ အမြင်ကတ် သည်။ကမ္ဘာစစ်ကြီး၏နောက်ဆွယ်ကကပ်၍ပါလာသော မတရားမှု အဓမ္မမှုတို့ကို အော့နှလုံးနာသည်။

'အင်္ဂလိပ်ပြေးပဟေ့' ဟူသော အသံကိုကြားသည်နှင့်တစ်ပြိုင် နက် ကိုဒေါင်းသည် အရှင်အင်္ဂလိပ်အစိုးရမင်းတို့၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုးပီပီ သူ့အရှင်သခင်ကောင်း၏ စံနမူနာကိုယူ၍ညောင် လိမ်ဘက်သို့ အောင်မြင်စွာ ဆုတ်ခွာသွားလေသတည်း။

သို့နှင့်လည်း အဓမ္မမှုသည် ကိုဒေါင်းအား မခံချိအခံသာဖြစ် အောင် မလွတ်တမ်း ကလိလိုက်သေးသည်။

ထိုအချိန်အခါကား ခိုးကိုးရာမဲ့နေသော အချိန်အခါတည်း။ အင်္ဂလိပ်လည်းစွန့်လွှတ်ခဲ့ပြီဂျပန်ကိုယ်တော်မြတ်လည်းမပေါ်လာသေး။ လွတ်လပ်ရေးတပ်မတော်ဆိုသည်ကိုလည်းနားမျှလေသံမကြားစဖူး။ မြို့အုပ်မြို့ချုပ်ပုလိပ်စသည်တို့သည်လည်းအင်္ဂလိပ်လည်းပျောက်သူတို့ လည်းပျောက်၍ခြေရာသာလျှင်နောက်ကာကျန် ရစ်ခဲ့လေပြီ။ အကွပ် အကဲမရှိသည့်အချိန်ကာလဖြစ်လေရကားယုတ်မာညစ်ပတ်သောလူ ကြီးလူကောင်းတစ်ဦးသည်သခင်တွေတက် လာလျှင် ခံချဖို့ဆိုပြီး ကိုးလုံးကျည်၊ ခြောက်လုံးကျည်နှင့် ကျည်မကြီး များကို စု၍နေသော အချိန်အခါဖြစ်သတည်း။

ရပ်ပေါ် ရွာပေါ် ရှိ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်တို့သည် ထို ယုတ်မာသောလူကြီးလူကောင်း ပုလိပ်လူထွက်၏ ဩဇာကိုခံယူကာ တရုတ်၊ ကုလား၊ ကရင်အိမ်များကို တက်စီးဓားပြတိုက်ရင်း လုယက်ရေးအဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်းလျှက်မကြာမြင့်သောအနာဂတ် ၌လူမျိုးအချင်းချင်း သွေးကွဲမှုများကို ဖန်တီးလျက်ရှိလေသတည်း။

ထိုသို့သောအခါသမယထဲတွင်ကိုဒေါင်း၏ပလေကပ်လုံချည် သည်လည်း မျိုးဖျက်ဓားပြဂိုဏ်းသားတို့၏လက်ချက်မှ မလွတ်ကင်းနိုင်ရှာပေ။မကောင်းမှုသည် ကောင်းမှု၏ကုပ်ကို ခွစီးနေသည့် အခါ ကိုဒေါင်း၏ပလေကပ်လုံချည်မှာ သိကြားပုဆိုး တိမ်မီးခိုးမဟုတ်ချေ ရကားဓားပြနောက်သို့ကောက်ကောက်ပါအောင်လိုက်သွားရှာသည်။

တစ်နေ့သော် ကိုဒေါင်းသည် ဘောင်းဘီဂွတိုကိုသာ ဝတ်ပြီး လျှင် ညောင်လိမ်မှ ကျွန်တော်တို့ထံပုန်းလျှိုးဝှက်လျှိုးနှင့် လာသည်။

ကိုဒေါင်းကိုကြည့်ပါ။ အမဲအူတဘက်သည် သူ၏ထိပ်ပြောင် ကို လက်ဝါးကြီးအုပ်ထားပါသည်။ စွပ်ပြဲအကျႌ လည်ပင်းစုတ်မှာမူ ကား ကိုဒေါင်း၏ ပြားကပ်နေသော ရင်ဘတ်ကို တွယ်၍ထားသည်။ အတွင်းခံဘောင်းဘီခွတိုမှာတစ်ခါဖူးမျှလူတောထဲမျက်နှာပြဖူးသည် မရှိသောကြောင့်ရှက်ကိုးရှက်ကန်းနှင့်ကိုဒေါင်း၏ခါးပတ်ပတ်လည် ကို အတင်းဖက်ထားသည်။

သူ့ကို အဝေးကနေပြီး သေသေချာချာကြည့်လျှင် ဘယ်သူနှင့် တူသလိုလိုရှိသည်။ သို့သော အမှတ်တမဲ့ကြည့်လျှင်ကား ကိုဒေါင်း သည် ကိုဒေါင်းနှင့် တထေရာတည်းတူလှပါ၏။ အဘယ်ကြောင့်ဆိုသော် သူ၏မူပိုင်ဖြစ်သော လက်မတိုကလေးက သူ၏နန်းဇာတိ ရုပ်အသွင်ကို အစဉ်ပင်ဖော်၍ပေးသောကြောင့်ဖြစ်၏။

သို့နှင့်ပင် ကျွန်ုပ်လည်း ရယ်ကာမောကာနှင့်ကိုဒေါင်းအား လုံချည်များ ပေးလိုက်ရပါသေးသည်။လုံချည်ထည်လဲရပြီးနောက်

ကိုဒေါင်းလည်း ပေါက်မလာတော့ပါ။ မိုးတွင်းတစ်မိုးတွင်းလုံး ယောက္ခမကြီးလယ်ကို စပါးဈေးကျသည့် အပတ်နှင့်မီအောင်ကုန်း၍ လုပ်နေသည်ကို သိရ၍ ကျွန်ုပ်မှာ မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်မိပါ သေးသည်။ သို့သော် သူနှင့်ရေစက်မကုန်နိုင်ပါ။ ဒို့ဗမာအစိုးရအဖွဲ့ တွင် ဗေဒင်ဆရာကအမှုစစ်ရာဇဝတ်အုပ်လုပ်ပြီးခားပြမှုစုံစမ်းခြင်း ကြောင့် ခားပြတွေလွတ်လပ်ရေးရနေသော လောက၏အဆင်မပြေ ပုံကိုကြည့်ရင်းမတ်တတ်'မှုတူး'တို့သည်ကျွန်ုပ်တို့၏ရွာကိုရောက်လာ လေရာကျွန်ုပ်မှာမြို့ရေးအတွက်ဗျာပါရတွေများနေသဖြင့် ကိုဒေါင်း တစ်ယောက်သက်ကယ်သောင်သို့လူပျိုလှည့်အသွားတွင် လှော်တတ် နှင့်အခုတ်ခံရသည့် ဇာတ်လမ်းကြီးကို မေးမြန်းစုံစမ်းရမည့်ကိစ္စကို ပင်လျှင် မမေးမမြန်းအားပါ။

တစ်နေ့သော် ကိုဒေါင်းသည် ကျွန်တော်ထံသို့ ဆိုက်ဆိုက်မြိုက် မြိုက် ပေါက်လာပြီးလျှင် ကျွန်တော်နှင့်တွေ့လျှင်တွေ့ချင်း ခွက်ထိုး ခွက်လန်ရယ်လေသည်။

"ကိုယ့်လူ ဘာဖြစ်လာတာတုံး"

"ဟာ-ဟာ- မပြောချင်ပါဘူးကွာ"

ကိုဒေါင်း၏ 'မပြောချင်ပါဘူး' ဟူသောစကားမျိုးသည် အတော်ကြောက်စရာကောင်းသည်။ မပြောချင်ပါဘူးကွာဆိုပြီး ပြောမည့်ပြောတော့ ခင်စိန်ကို မတော်တရော်တွေရေးဆွဲပြခဲ့ပုံကို ပြောတတ်သည်။

"မပြောချင်လဲ နေလဗျာ"

"မဟုတ်ပါဘူးကွဲ့၊ ငါက ဗိုလ်တဲမှာ ဌာနအုပ်လုပ်တဲ့ အကောင် နဲ့ငါ့ပလေကပ်လုံချည်ကိုတိုက်သွားတဲ့ခားပြခေါင်းဆောင် က ဂျပန်တွေကို ဖက်လှဲတကင်းနဲ့ ထမင်းကျွေးနေတာတွေ့ရလို့ပါ"

"ဟေ-လူ၊ တော်-တန်-တိတ်။ ဒီစကားမျိုးမပြောနဲ့။ ကျုပ်တို့ တိုင်းပြည်မှာဗိုလ်ကျချင်တဲ့လူတိုင်းဟာဂျပန်သောဘာသောညာသော

စစ်ဦးမှာဆိုရင် လူမိုက်နဲ့ လူကြီးလူကောင်းထဲက လူဆိုးလူမိုက်ကို ဗိုလ်ထင်မှာချည်းပဲ။ မကောင်းမှုတွင်ကျယ်တဲ့ခေတ်မှာ ယခု ဂျပန်လက်ထက်က သြဇာကြီးခားပြဗိုလ်တွေဟာနောင်ဘယ်သူပဲ မြန်မာပြည်ဝင်လာလာမျက်နှာကြီးကြဦးမှာပဲစိတ်ချ။ခင်ဗျားသိသလောက်မြင်သလောက်ပြောသရွေ့တော့ဂျပန်ရေနွေးအလောင်းခံရဦးမှာပဲ”

တုတ်တပြက် ဓားတပြတ်နှင့် ချောင်းရိုက်တတ်သည့်ယောက်ဖလောင်းများအကြားမှအောင်မြင်စွာထွင်းဖောက်နိုင်သောသတ္တိသည် ကိုဒေါင်း၌ရှိရိုးမှန်ပါ၏။ သို့သော် ဂျပန်ရေနွေးသံကြားရသောအခါ သူ၏မှောင်မည်းသောမျက်နှာမှာ သွေးဆုတ်သွားသဖြင့် ဖြူရောင်သမ်းလာပါသည်။

ယခုမူကား ကိုဒေါင်းသည် ဝဋ်ကျွတ်ပေပြီ။ မတရားသောဤစစ်ကြီးကို မြန်မာလူမျိုးအနေနှင့် ခံမတိုက်နိုင်သောကြောင့် ကျွန်ခေတ်အတွင်းကျွန်ဇာတ်ခင်းခဲ့ရသူပီပီဤစစ်ကြီးကိုလက်မြှောက်လိုက်ရပေပြီ။ ယင်းသို့ လက်မြှောက်အရှုံးပေးပြီးသည်၏အခြားမဲ့၌ ကိုဒေါင်းသည်လူတိုင်းလူတိုင်းရအပ်သောအခွင့်အရေးဖြစ်သည့်ခြောက်ပေစတုရန်းမျှရှိသောမြေကြီးအောက်၌ဆိတ်သုဉ်းသောသုခကိုတင်းပြည့်ကျပ်ပြည့်ခံစားကာ မြေတွင်းအောင်းလျှက် ရှိပါပြီ။

သို့သော် ဤဒုတိယကမ္ဘာစစ်ကြီးတွင် သူသည် ချွင်းချက်မရှိ အရှုံးပေးလိုက်ရသည်မှန်သော်လည်း ထိုကမ္ဘာစစ်ကြီးမျိုးထက် အဆအရာတစ်ထောင်မကပြင်းထန်သော မဟာစစ်ပွဲတွင်ကိုဒေါင်းသည် ဗိုလ်ချုပ်လုပ်၍ တော်လှန်တိုက်ခိုက်အနိုင်ယူကာအောင်သေအောင်သားကို ဆန်နီအရက်နှင့်မြည်းရင်း ကျကျနန စားခဲ့ဖူးပါသည်။

အတိတ်ကိုဆောင်ရသော် ဤသို့တည်း။

မိချောသည်လည်ကောင်း၊ခင်စိန်သည်လည်းကောင်း၊ ညောင်လိမ်သူသည်လည်းကောင်းကိုဒေါင်း၏လက်ဦးဆရာမများဖြစ်လေရာ

ကိုဒေါင်း၏ကစော်ရည်ဖုံးလွှမ်းသောဦးနှောက်ထဲ၌ထိုဆရာမများ၏ အရိပ်အရောင်သည်ကြိမ်လုံးကိုကိုင်ကာအမြဲတစေတစ္ဆေခြောက်၍ ပြလျက်ရှိသည်။

"ဒီလိုသာ ငါနေရမယ်ဆိုရင် မဖြစ်ဖူးလကွာ၊ အချစ်ဦးဆိုတာ လွဲရင်လွဲတတ်တာပဲ။ဒီလိုလွဲလို့ရင်ထဲဟာနေရင်ငါမနေတတ်ဘူးကွဲ့။ ဒီအကြားထဲမှာအစ်ကိုတွေအစ်မတွေကတိုက်တွန်းပြန်တော့မင်္ဂလာ အခမ်းအနားနဲ့ ကျကျနန ပုဆိုးတန်းတင် အကြင်လင်မယားဘဝ ရောက်ရပြန်ရောပေါ့"

"အလိုလေး. . . ကိုယ့်လူက ကျကျနန အိမ်ထောင်ပြုခဲ့ဖူး သေးသကိုး။ အိမ်ထောင်ကျတာဟာ ချောက်ကျတာပဲ"

အမှန်မှာ ကျွန်တော်သည် ကိုဒေါင်းနှင့် ဤမျှရင်းနှီးပါလျက် နှင့် ကိုဒေါင်း ဤသို့ အကျအနမင်္ဂလာဆောင်ခဲ့ဖူးသည်ဆိုသည်ကို ယခုမှ နားရှိ၍ ဆတ်ဆတ်ကြားမိပါသည်။

"ဟာ. . ဟာ ကိုယ့်လူက မိန်းမ ယူဖူးသေးသကိုး"

ဟု ကျွန်တော်က စ,လိုက်ပါသည်။ ကျွန်တော်က ဒီလို ခနဲ့လိုက် လျှင် သူစိတ်ဆိုးသွားမည်လား အောက်မေ့၍ စ,မိခြင်းဖြစ်ပါသည်။ သူကမူ-

"အေးဟေ့- ငါမိုက်မိတာပါပဲ။ ဒါမျိုးဆိုတာတစ်ခါသာမိုက်ရ မှာကွဲ့။ ငါကတော့ မပြောပါနဲ့။ ထပ်ခါထပ်ခါ မိုက်ရတဲ့အရသာ ကလေးဟာပူပူအိုက်အိုက်ထဲမှာ ဟိုက်စကင်းစားလိုက်ရသလိုပဲကွဲ့"

ကိုဒေါင်းကဲ့သို့ တောသားအဖို့ အိုက်စ်ကရင်းလိုအရသာမျိုး လျှာဖျားမှာလာ၍တွေ့ရသည်မှာ ကုသိုလ်အတော်ထူးလှပါသည်။

ကိုဒေါင်းအိမ်ထောင်ကျသည့်အခါတွင် ကျွန်တော်မှာ သူငယ် နှပ်စားအရွယ်မျှပင်ရှိဦးမည်။အကြောင်းအခွင့်သင့်၍ ကျွန်တော်၏ မွေးသမိခင်အားမေးကြည့်သည့်အခါကိုဒေါင်း၏မိန်းမကိုရေးရေးမျှ

မှန်းဆနိုင်ပါသည်။ပိန်ပိန်ပါးပါး၊ဖျက်ဖျက်လက်လက်၊ စကားသွက်သွက်၊ အသားညိုညို ကိုဒေါင်းထက် အသက်အနည်းငယ်ကြီးသည်။ အဆင်းမလှသော်လည်းယဉ်စစရှိသည်ဟူ၍ကိုဒေါင်းကသူ့မိန်းမကို အမွှန်းတင်လေ့ရှိသည်။ သို့သော် ကျွန်တော်မှတ်မိသရွေ့မှာ သူ့မိန်းမ၏ မုန့်ဟင်းခါးသည် စား၍အတော်ကောင်းသည်။

ကျွန်တော်၏ဦးလေးတော်တစ်ယောက်ထံမှရရှိသော သတင်းတရပ်အဆိုမှာချစ်စခင်စဘဝတွင်ကိုဒေါင်းကမုန့်ကြိတ်၊ ကိုဒေါင်းက မုန့်ညှစ်၊ ကိုဒေါင်းက မုန့်ဟင်းခါးဟင်းရည်ချက်၊ ကိုဒေါင်းက မုန့်ဟင်းခါးတောင်းကြီးကို ရှေ့တစ်ဆိုင်းနောက်တစ်ဆိုင်း ထမ်းပြီး ဈေးသို့အရောက်ပို့ပေးကာမှကိုဒေါင်းမိန်းမကနှုတ်သီးကောင်းလျှာပါး ဈေးသည်အဖြစ်နှင့် မုန့်ဟင်းခါး ရောင်းသည်။

ကိုဒေါင်းခမျာ အတော်ပင်ပန်းရှာသည်။ နံနက်စောစောအရုဏ်မတက်မီ ထရသည်။ ဈေးအမီ မုန့်ဟင်းခါးပို့ရသည်။ အပြန်မုန့်ကြိတ်ရသည်။ထမင်းလည်း နံနက်စာညစာမိန်းမအတွက် ချက်ရသေးသည်။ ပွဲလမ်းရှိပြန်လျှင် ညကိုပါ အလုပ်လုပ်ရပြန်သည်။ ထို့ကြောင့်သူ့အဖို့ညစဉ်ညတိုင်းခြေပစ်လက်ပစ်အိပ်ရသည်မှာ အားမရနိုင်။မယားမရှိတုန်းမှာအစ်ကို၏သရက်ဥယျာဉ်ဝယ်သာယာအေးမြသောအရိပ်အောက်တွင် အနားယူရင်းအိပ်လိုက်သေးသည်။

ကိုဒေါင်းမိန်းမမှာကားဆိုခဲ့သည့်အတိုင်းဖျတ်ဖျတ်လတ်လတ်၊ နှုတ်သွက်သွက်နှင့်မို့ ရပ်ထဲရွာထဲ၌ ယောကျ်ားမိန်းမ အသိမိတ်ဆွေအလွန်များသည်။လူပျိုကာလသားကလေးများကိုသူပို၍အလေးပေးသည်။ သို့နှင့်လည်း မယားဝတ်ကျေပွန်သော ကိုဒေါင်းကိုမူကားမျက်နှာသာမပေးချေ။တစ်ခါတလေလေးကွေးချည့်နဲ့သောကိုဒေါင်းကိုစိတ်မရှည်၍ မုန့်ဟင်းခါးမွှေသော ဒလက်နှင့် တစ်ချက်တစ်ချက်ရိုက်မိသည်။ ထိုအခါ ကိုဒေါင်းက မတုန်မလှုပ် နှင့် ‘ဟဲ-ဟဲ’ ဟု

ရယ်သည်။ သူ့မယားက ကန္တဲ့ကရ ပွတ်သီးပွတ်သပ် ရယ်သံမျိုးဟု မယူဆနိုင်။ ကိုဒေါင်းကတော့ သဘောကျ၍ ရယ် သည်ဆိုသည်။ သူ့မိန်းမက သက်သက်အရွဲ့တိုက်သည်ဟုဆိုသည်။

အိမ်မှာတကုတ်ကုတ်အလုပ်လုပ်ရသည်မှာငြီးငွေ့ဖွယ်ကောင်း သည်။ရွာနီးချုပ်စပ် ပွဲလမ်းသဘင်များသို့ ဈေးရောင်းရန် မဟုတ်ဘဲ အပျော်အပါးသက်သက်ပွဲသွားကြည့်ရသည်မှာစိတ်ပြေလက်ပျောက် ဖြစ်သည်။သို့သော် ကိုဒေါင်းလိုမတုန်မလှုပ်ကျောက်ရုပ်မျိုးကမယား အားသည်းညည်းခံပြီးအလိုက်သင့်အလျားသင့်ပေါင်းသင်းခြင်းသည် သာ၍ ငြီးငွေ့ဖွယ်ကောင်းသည်။ ပွဲလမ်းသဘင်ပျော်ပွဲရွှင်ပွဲတို့၌ သူ့ကို အဖော်ခေါ်ရလျှင် ဘယ်မှာပျော်စရာ ရှိနိုင်ပါမတုန်း။

ထို့ကြောင့်ကိုဒေါင်းမိန်းမကကိုဒေါင်းကိုအိမ်အစောင့်ခိုင်းပြီး မိမိရွာမှ အခြားတပါးသို့ ထွက်၍ ထွက်၍ လည်တက်သည်။ ထွက် လည်ပြီးအိမ်အပြန်မှာကိုဒေါင်းကဆူဆူပူပူလုပ်လိုက်လျှင်ချစ်စခင်စ ကြင်နာစလင်မယားအဖြစ်နှင့်လျှာနှင့်သွားတွေ့၍ရန်ဖြစ်လိုက်ရလျှင် ဤလောကကြီးသည်အတော်ပင်စည်စည်ကားကားဖြစ်မည်ဟုကိုဒေါင်း မိန်းမက တွေးမိသည်။

ပွဲကြည့်သည်တွင်သျှောင်တစ်စောင်းထုံးထားသောလူပျိုကြီး များ၊မုဆိုးဖိုများနှင့်တွေ့ရသည့်အခါကိုဒေါင်းမိန်းမသည်အတော် ကျေနပ်မိသည်။ အထူးသဖြင့်မုဆိုးဖိုများကသူတို့မိန်းမတွေနှင့် လင်မယားရန်ဖြစ်သတ်ကြပုတ်ကြပြီးတပျော်တပါးကြီးနေခဲ့ပုံများကို ပြောကြားလျှင် ကိုဒေါင်းမိန်းမ၏ အကြောများမှာ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်းနှင့် ခါတ်လိုက်သွားတတ်သည်။ လူပျို ကာလသားတို့ နှင့်လည်း တွေ့ကြုံခဲ့ဖူးရသည်မှာ တစ်ခါနှစ်ခါ သုံးလေးခါဆိုသလို ဖြစ်သည်။ ဒီလိုအကောင်တွေဟာချစ်လိုက်မှဖြင့် အရမ်းချည်းပဲ။ အတင်းရော အဓမ္မ။အို-အကျီတွေစုတ်ကုန်ပါ့မယ်။ဟဲ့-ငါက

လင်နဲ့သားနဲ့နေတာ။ ဟဲ့- အဲသလို ပြည်ရွာမှာ ကြေငြာထုတ်တာ တောင်မှ သင်းတို့နောက်မဆုတ်ဘူး။

ကိုဒေါင်းမိန်းမသည် လူငယ် လူရွယ် လူပျိုကြီး မုဆိုးဖိုကြီးများမိန်းမနှင့်တွေ့လျှင် အဘယ်မျှအသက်ဝင်လာသည်ကို စူးစမ်းလေ့လာပြီး ကိုဒေါင်း၏ မတုန်မလှုပ် 'ဟဲ့. . ဟဲ့. . ဟင်း. . ဟင်း' စသော အဓိပ္ပာယ်ယတ္တမရှိသော အလာပနတို့ကို နှိုင်းယှဉ် ကြည့်မိသောအခါ ရွံ့သလိုလို စက်ဆုပ်သလိုလို ဖြစ်လာသည်။

အထူးသဖြင့် ကိုဒေါင်းရှေ့၌ သူ့ဘက်ကယောက်ျားမိတ်ဆွေများနှင့်တရုန်းရုန်းကျီစယ်နေသည်ကိုပင်လျှင်ကိုဒေါင်းက တဟဲဟဲ တဟင်းဟင်းနှင့်မတုန်မလှုပ်နေသည့်အခါကိုဒေါင်းမိန်းမကကိုဒေါင်းအား ငရုတ်ကျည်ပွေ့နှင့် ပေါက်လိုက်ချင်သည်။

သင်းတို့က ယောက်ျားမဟုတ်လေရော့သလား။ ဒီကလောက်ရိုးလွန်း အလွန်း နလွန်းလျှင် ယောက်ျားလုပ်နေဖို့တောင်မကောင်းဘူး။ ဟဲ့-ကောင်မ လာစမ်း။ ဒါနင့်လင်တွေလား။ ယောက်ျားကိုရှေ့မှာပြောင်ပြောင်ထားပြီးတော့ဒီကလောက်မနုသီဟာဇာတ်ခင်းနေတာ ငါမသိဘူးမှတ်သလား။ ဟဲ့ ဖေဟဲ့၊ မောင်ဟဲ့။ကိုဒေါင်းကအဲသလိုလို ဆဲဆဲပြီးနဖူးကွဲအောင်၊ပါးကျိုးအောင်၊ဘေးအောင့်အောင် ထိုး, ရိုက်, ဆောင့်, ဆွဲပြီး အယုတ္တအနတ္တတွေနှင့် ခုနှစ်အိမ်ကြားရှစ်အိမ်ကြား လူတကာနှင့် သမုတ်ကာ စွပ်စွဲလိုက်ရင် 'မယားနေစ ကြောင်သေမှ' ဆိုတဲ့ အရသာကလေး တွေ့ရမှာပဲ။

အဲသလို လင်မယားရန်ဖြစ်ပြီးတော့မှမယားကလင်ကို 'ကိုယ်မဟုတ်ဘဲနှင့် မစွပ်စွဲနဲ့တော့' ဆိုပြီး မျက်ရည်ခံထိုးကာ ရှင်းလင်းပြလိုက်ရမည်။အဲဒီတော့လင်က "မိန်းမရာ ငါလက်လွန် သွားပါတယ်။ ဘယ်နေရာထိသလဲ"ဆိုပြီးထိပ်ပေါက်ပေါက်ခေါင်းကွဲတွေကိုထုံးနနွင်းနဲ့ သိပ်ပေးရမည်။ ဒီတော့မှမယားက 'ဟင့်-ဟင့်-'နဲ့ ထပ်ချွဲတော့

ငနဲက နောင်တရပြီး မယားရင်ခွင်ထဲ ခေါင်းကလေးထိုးထိုးပေးရင်းနှင့်-

ဤသို့ ကိုဒေါင်းမိန်းမ စိတ်ကူးကောင်းတုန်းမှာ အလိုက်မသိတတ်သော ကိုဒေါင်းက "ဟဲ. . ဟဲ. . ထမင်းကျက်ပြီ" ဆိုပြီး ထမင်းပြင်ပြီးကြောင်းကို မယားအား လာ၍ သံတော်ဦးတင်နေသည်။

"ဘယ်ကလောက် သောက်မြင်ကတ်စရာကောင်းတဲ့ ဖိနပ်စာလဲ" ဟု ကိုဒေါင်းမိန်းမက စိတ်ထဲတွင် အော်၍ဆဲလိုက်သည်။

ကိုဒေါင်း၌ သည်ဟာမျိုးတွေကို စိတ်ကူးနေဖို့အချိန်မရှိ။ နံနက်လင်းလျှင် မုန့်ဟင်းခါး၊ ဈေးထွက်ချိန် မုန့်ဟင်းခါး၊ ဈေးသိမ်းချိန်မုန့်ဟင်းခါး၊ အိပ်ရာဝင်ချိန်မုန့်ဟင်းခါး ဟူ၍ စိတ်စွဲ၍နေ လေရာအိပ်မက်ထဲမှာပင်လျှင် မုန့်ဟင်းခါးကို အကွင်းလိုက်မြင်နေရသည်။ အိုးအိမ်ထူထောင်စ အခါဆိုသည်မှာ သို့ကလို အလုပ်ကို သဲသဲမဲမဲကြိုးစားမှ သားသမီး တိုးလိုတွဲလောင်းမှာ လူနဲ့သူနဲ့တူအောင် ထားနိုင်ပေမည်။ သူကကိုယ့်ထက်ကြီးတော့ သူ့ကို အစ်မကြီးအရာမှာ ထားမည်။ သူမုန့်ဟင်းခါးရောင်းတတ်လို့ပေါ့။ ကိုယ်တစ်ယောက်တည်းသည်လိုသာ လောကမှာ စခန်းသွားရမည်ဆိုရင် ဘယ်ဖြစ်နိုင်ပါ့မလဲ။

တစ်နေ့သော် မိန်းမက အကြောင်းတစ်ခုရှိ၍ ရွာတစ်ရွာသို့ကိုဒေါင်းကို စေလွှတ်လိုက်သည်။ ဘာကိုရမည်ရှာပြီး ဘယ်ကိုလွှတ်လိုက်သည်ကို ကျွန်ုပ်မမှတ်မိ။ သို့သော် ဒါက အရေးမကြီး။ မိန်းမအကြိုက်လိုက်ကာ ခြေမြန်လက်မြန်နှင့် အလုပ်ကိုပြီးစီးအောင်လုပ်သည်။ အလုပ်မှာ မှန်းခြေထက်စော၍ပြီးသောကြောင့် နေဝင်ရီတရောမှာ ပြန်လာသည်။

ယခု ကျွန်ုပ်တို့ ရုံးအနီး သရက်ပင် ကျိုးတိုးကျဲတဲနေရာသည်ယခင်က ကိုဒေါင်း၏ ယောက်ဖတော်များပိုင်သော ဥယျာဉ်ဖြစ်သည်။

မှတ်မိသေးတော့သည်။ ထိုဥယျာဉ်နေရာကို လျော်ကြေးနှင့်အစိုးရက သိမ်းယူသောအခါကိုဒေါင်း၏ယောက်ဖတော်များပြေစာတွင်လက်မှတ်သာ ထိုးလိုက်ရသည်။ ဘယ်ရွေ့ဘယ်မျှ ရသင့် ရထိုက်သည်ကို မသိလိုက်ရဟုဆိုဖူးသည်။ သို့သော် စာအုပ်ဖတ်သူတို့ကို ကိုဒေါင်းအကြောင်းနှင့် သူ့မိန်းမအကြောင်းပြောပြဖို့သာလျှင် ကျွန်ုပ်၌အခွင့်အရေးရှိသည်ဖြစ်ရာကိုဒေါင်းယောက်ဖလျော်ကြေးရမရပြဿနာကိုဘေးချိတ်ထားခဲ့ပြီး ကိုဒေါင်းကို ခပ်သုတ်သုတ် အိမ်ပြန်ခိုင်းရချေတော့မည်။

ခပ်သုတ်သုတ်ပြန်ပါဆိုသမင့်လည်း ဥယျာဉ်သို့ ကိုဒေါင်းရောက်သည့်အချိန်အခါကားသူငယ်တိတ်ဆိတ်ချိန်ဖြစ်သည်။ ထိုညတော်တော်ကလေးမှောင်သည်။ ယောက်ဖတော်များ ဥယျာဉ်မြေကိုအစိုးရအပြီးအပိုင်မသိမ်း မှီရှာထဲ၌အိမ်သွားဆောက်နေသောကြောင့် ဥယျာဉ်ထဲ၌ ကိုဒေါင်းမိန်းမတစ်ယောက်သာရှိသည်။ မိန်းမကိုအိမ်မှာ ထားခဲ့ရသည်မှာ စိတ်မချဖို့အလွန်ကောင်းပါကလား။ အခုမှပဲတွေးမိတော့သည်။ သို့သော် ကိုဒေါင်း စိတ်မချသည်မှာ တစ္ဆေကို စိတ်မချ၍ဖြစ်သည်၊ သင်္ချိုင်းကုန်းနှင့် တစ်ဖက်စီမို့ မတော်တဆ တစ္ဆေလာ ခြောက်လျှင် ဘယ့်နှယ်လုပ်ရပ့်။

"အဲဒီညက စိတ်ထဲကတော့ တစ်မျိုးပဲကွာ။ မီးရောင်မှိတ်တုတ်ကလေးက ငါ့ကို မြန်မြန်လာဖို့ အချက်ပေးနေသလိုပဲ။ ငါ ဥယျာဉ်ဝရောက်တော့ ယောက်ျားသံလိုလိုကြားတယ်။ အဲဒါနဲ့ ခြေသံမကြားအောင် နင်းပြီး တံစက်မြိတ်အောက်မှာ ခိုဝင်လိုက်တယ်ဆိုရင်ပဲ လား-လား-ဟော့ အခန်းထဲက ဘာသံလဲတော့ မသိဘူးကွာ။ ဟား။ ဟား"

သို့သော် ကိုဒေါင်းက သည်အထိ သူ့မိန်းမကို ဘယ်သူနှင့်မျှ မဥပါဒ်သေးပါ။ သူမရှိတုန်း ကြောက်၍ တစ်ယောက်ယောက်ကို အဖော်ခေါ်အိပ်သည်ဟု ထင်မိသည်။ ထို့ကြောင့် ကိုယ့်အိမ်မို့ ကိုယ်

ရဲရဲတင်းတင်းကြီး တက်လိုက်သည်။

အခန်း၀၌ မီးခွက်မှာ ရေနံဆီကုန်ခါနီး၍ မီးသီးများကြွေနေသည်။ အခန်း၀မှ အိပ်ရာသို့ လှမ်းကြည့်လိုက်သောအခါ ကိုဒေါင်းမိန်းမမှာ ထဘီရင်လျှားနှင့်ရှိနေသည်။အနီးတွင်ယခင်ကအိမ်လာနေကျမုဆိုးဖို ကိုဟိုဒင်းက ညာဒူးပေါ်တွင် ညာလက်ကိုတင်ကာ ကိုဒေါင်းသောက်နေကျ ဆေးပေ့ါလိပ်ကြီးကို အတွင်ဖွာနေသည်။ ကိုဒေါင်းမိန်းမက သနပ်ခါးရေကျဲ လိမ်းထားသော မျက်နှာနှင့် ကိုဟိုဒင်း ဆေးလိပ်သောက်နေသည်ကို ကြည့်နေသည်။

"ဆေးလိပ် ဆေးစပ်ကလေးက တယ်ကောင်းတာပဲ၊ သူ့ယောက်ျား ငယ်ငယ်ကလေးအတွက် စေတနာတွေပိုပြီး လိပ်ထားတာ ထင်ပါရဲ့" ဟု ယောက်ျားက ခနဲ့သည်။

"အမလေးတော်-သူ့အကြောင်း ထည့်မပြောစမ်းပါနဲ့။ ပါးစပ်ထဲ လက်ညှိုးထည့်လို့တောင် မကိုက်တတ်တဲ့ သတ္တ၀ါကြီးမို့ ကျွန်မဖြင့်လေ ရှင့်ကို အမြဲတောင့်တနေတာပဲ"

၎ကား ကိုဒေါင်းမိန်းမအသံဖြစ်သည်။ ကိုဒေါင်းက ဒီအသံကို ကြားရသောအခါ "ငါ့မိန်းမမှ ဟုတ်ရဲ့လားလို့ အောက်မေ့မိသေးသကွဲ့။ အမှန်မှာတော့ သူငါ့မိန်းမ မဟုတ်တော့ဘူးကွ"ဟူ၍ ကျွန်တော့်အား နောက်ကြောင်းပြန်ရင်း ပြောပြပါသည်။

သို့သော် သူပြောပုံက ခပ်အေးအေးပင်။ နှမြောတသသောအသံမပါပါ။ သို့သော်လည်း ဧကန္တ ကိုဒေါင်းသည် မ စိတ်ဖြင့်မွှန်ပြီး ဒိန်းဒလိန်းနတ်ပူးကာ ငှက်ကြီးတောင်ဓားကိုဆွဲ၍ မသမာသောလူယုတ်ကို သုတ်သင်ရန် သန္နိဋ္ဌာန်ဖြင့် ချုပ်တည်းထားသည်ဟု ကျွန်တော်ထင်မိသည်။

ကိုဒေါင်းမှုကား ထိုအသံကြားသည်နှင့်တစ်ပြိုင်နက် 'ဟဲ-ဟဲ' မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

ယောက်ျားနှင့်မိန်းမမှာ ခါးပိုက်နှိုက်တုန်း ပုလိပ်မိသွားသလို အံ့အားသင့်၍ ကြက်သေ သေနေကြသည်။

နှစ်ဦးသား ပြေးပေါက်မရှာနိုင်တော့ပြီ။သူခိုးမှာ ခိုးထုပ်ခိုးထည် နှင့် မိနေ၍ အိမ်ရှင်သဘောအတိုင်း လုပ်လျှင်ခံဖို့ပင် ရှိပါတော့သည်။ သူ့စိတ်ထဲတွင် ဂတ်ကို မြင်ရသည်။ ဂတ်မှ ရုံးကို ရောက်သည်။ ရုံးတွင် တရားသူကြီးက ထောင်တစ်နှစ် ထစ်တစ်နှောင်လို့ စီရင်ချက်ချသည်။ ထောင်ကလွတ်၍ ရပ်ထဲရွာထဲ ပြန်ဝင်လာရာ မယားခိုးဟူ၍ကလေး ငယ်မှအစ လက်ညှိုးထိုးကြသည်။

'ဟဲ-ဟဲ' ဟု ကိုဒေါင်းက ရယ်လိုက်မှ မယားခိုးမှာ သတိ ပြန်လည်လာသည်။

ကိုဒေါင်းမိန်းမကမူကား တုတ်တပြက် ဓားတပြက်ဖြစ်ပြီး ကိုဒေါင်းက ဒေါသပုန်ထလျှင် လင်ကို ဘယ်လိုမူပြီး ချွဲရပ့်မလဲဟု တွေးနေသည်။အသက်မရှိတဲ့ထင်းတုံးကြီး ဒီတစ်ခါ အသက်ဝင်တော့ မည်။ ခုမှ မယားကိုချစ်မှန်းသိတော့မည်။ ခုမှမယားအလို မပြည့်ဘူး ဆိုတာ သင်းသိမည်။ သင်း ငါ့ကိုအမှန်ချစ်သည်။ ဒါကြောင့် ဒီလို အဖြစ်ကိုမြင်ရလျှင် ဒိန်းဒလိန်းနတ်ပူးပြီး ငါ့အပေါ် ရမ်းကားတော့ မည်။ ပါးရိုက်၊ ဖနောင့်နှင့်ပေါက်၊ လက်သီးနှင့်ထိုး၊ ဒူးနှင့်တိုက်၊ လိမ့်ကန်၊ ဆံပင်ဆွဲ၊ အဲသလို သူ ငါ့ကို အမျိုးမျိုးနှိပ် စက်တော့မည်။ သူနှိပ်စက်လို့ဝတော့မှ ငါက မျက်ရည်ခံထိုးပြီး မာယာတစ်သိန်း အပလိန်းအနန္တနဲ့ မြှူပြီးဆွလိုက်ရရင် ဒီတော့မှ ငါ့လင် ပျော့ကျ သွားပြီး-

"ဟဲ-ဟဲ-ဟဲ-ဟဲ"ဟု လေရှည်ဆွဲလိုက်သော ကိုဒေါင်း၏ အသံသည် သူ့မိန်းမ၏ ညစ်ပတ်ယုတ်မာသောအကြံကို ပြောင်ချော် ချော်နှင့် သရော်လိုက်သည်။ မိန်းမမှာ ငေါက်ကနဲ ထထိုင်သည်။ မိုးကြိုးပစ်သည်ဟု ထင်လိုက်သည်။ ရိုက်ပုတ်ဆဲဆိုသည့်အဖြစ်ထက်

ပို၍ဆိုးတော့မည်ကို သူသိလာသည်။ ကိုဒေါင်းက အပြီးအပိုင် ဒီအမှုကို စီရင်ပြီး နှစ်ဦးစလုံးကို သတ်မည်ဆိုလျှင် သတ်ထိုက်ပါသည်။

ကိုဒေါင်းအကြောင်းကို ကိုဒေါင်းမိန်းမ ကောင်းကောင်းသိသည်။ ရက်စက်တော့မည်ဆိုလျှင် မြုံစိစိနှင့် ရယ်သံပေးတတ်သည်။ ဧကန္တသေဖို့သာ ပြင်ပေရော့။

"ဟဲ-ဟဲ- နင်တို့နှစ်ယောက်အကြောင်း အစက ငါမသိလို့။ ဒီလိုဆို စောစောက ပြောပါတော့လား"

ဟုတ်ပါတယ်။ ဒီလိုအရယ်မျိုးဟာ သေမင်းကို ဆင့်စာချပြီး ခေါ်တဲ့အသံမျိုးပဲ။ သင်း ငါ့ကို အဟုတ်သတ်တော့မယ်။ မသကာ ကိုယ့်မယားကလေး တစ်ခါတလေ ဖောက်ပြန်တာ သဘောရှိ ရိုက် ဆုံးမဖို့ပဲ ရှိပါတယ်။ သဘောရှိရိုက်ပြီးမှ မှားကြောင်းဝန်ချရင် ယောကျ်ားက အနူးအညွတ်ခွင့်လွှတ်ဖို့လည်း ရှိတာပေ့ါ။ ဒီလိုခွင့်လွှတ်ရင် နောင်တစ်သက်လုံး ကိုယ့်လင်ကလွဲပြီး -

"ဟဲ-ဟဲ- ကမြင်းမ ငါ့အိပ်ရာကထွက်။ ဟဲ့-ဟိုကောင်ကြီး ဒီအသက်အရွယ်ကြီးနဲ့များကွာ ကြာခိုတယ်လို့။ ကျုပ်တို့ လူငယ်တွေ ကမြင်းဖို့ ချန်ထားပါဦး။ ထွက်ဆိုထွက်လဟာ နှစ်ယောက်စလုံး"

အင်း. . . အယူခံလို့ကတော့ ရမယ့်ကိစ္စမဟုတ်ပြီ။ ထို့ကြောင့် မိန်းမနှင့်ယောကျ်ား နှစ်ဦးသားအပြင်ထွက်ရသည်။ သူတို့ ဘာကို ဘယ်လိုလုပ်ပြီးပြန်ပြောရမည်မသိ၊ကိုဒေါင်း၏ အမိန့်ကိုသာ နာခံတတ်တော့သည်။ အမှန်မှာ နှစ်ယောက်စလုံး ဇက်စင်းခိုင်းပြီး ဓားနှင့် ပိုင်းသတ်. . . အမလေး မတွေးဝံ့တော့ပါဘူး။ တရားပိုင်မင်း မြန်မြန်သာ စီရင်တော်မူပါ ဘုရား။

နှစ်ဦးစလုံး ကိုဒေါင်းဩဇာကို တစ်သဝေမသိမ်း လိုက်နာသည်။

"ဟဲ-ဟဲ- ကျုပ်စောစောကသိရင် စောစောက ပြီးပါတယ်"ဟု ကိုဒေါင်းကဆိုရင်းနှင့် သူ့အိပ်ရာခေါင်းရင်း ခနိပျစ်ကြား၌ ညှပ်ထားသော ငှက်ကြီးတောင်ခါးကို နုတ်ယူသည်။

ဒု-သ-န-သောကြီးက ဒူးတုန်သွားသည်။ သူ့ပါးစပ်မှ တောင်းပန်သံများ မထွက်တစ်ချက် ထွက်တစ်ချက် ထွက်လာသည်။

"ဒီလိုတော့မလုပ်ပါနဲ့မောင်ရယ်၊ မှားတာလဲ မှားတာပေါ့၊ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတာလို့ . . ."

"သောက်စကားတွေကြွယ်မနေနဲ့။ ခွေးသားကြီး သွား-ရှေ့က၊ ဟိုကောင်မ နင့်လင်နောက်က လိုက်လေ။ ဘာငေးနေသလဲ" ဟူ၍ ကိုဒေါင်းက အမိန့်ပေးပြန်သည်။

ကိုဟိုဒင်းက ရှေ့က၊ မိန်းမက နောက်က နှစ်ဦးသားရင်ထဲမှာ ဖိုလျက်နှင့် ခြံပြင်ဘက်လျှောက်ခဲ့ရသည်။ ပါးကွက်အာဏာသား ကိုဒေါင်းကား ငှက်ကြီးတောင်ခါးကို လက်ကိုင်တုတ်ပမာ မြှေကြီး ထောက်ကာ ဟန်လွှဲရင်း လိုက်လာသည်။

ကိုဒေါင်းရှေ့မှ အမိုက်နှစ်ကောင်နှင့် ပဏ္ဍာရသော အမှောင်သည် ဥယျာဉ်ပတ်လည် တစ်လောကလုံးကို ဖုံးလွှမ်းလျက်ရှိသော်လည်း ဥယျာဉ်ရှေ့တူရူက တောတန်းကလေး၏ ဟိုမှာဘက်ရှိ သင်္ချိုင်းပေါ်က ထုံးသုတ်ပြီးစဂူတစ်ခုကိုမူ လုံးလုံးပျောက်သွားအောင် မလွှမ်းမိုးရှာပေ။ အမိုက်နှစ်ဦးတို့ သံသရာခရီး၌ လမ်းမမှား ရအောင် သင်္ချိုင်းမှ ဖြူဖွေးသောဂူက မှတ်တိုင်သဖွယ် ပြလျက် ရှိသည်။

ဝူဟူသော ခွေးအူသံမှာ တမင်သက်သက် ငေါ့ပြီး ရှည်လျားစွာ ဆွဲ၍ အူလိုက်သောအသံနှင့် တူသလိုလို။

ဗုဒ္ဓေါ မေ သရဏံ၊ ဓမ္မော မေ သရဏံ၊ သံဃော မေ သရဏံ ဟူသော လေသံများသည် ဖောက်ပြားသူ နှစ်ဦး၏ ပါးစပ်မှ ဖျစ်ညှစ်ကာ ထွက်ပေါ်လာသည်။ သင်းတို့နှစ်ယောက် ကိုယ့်အကြောင်း

ကိုယ်သိ၊ ကိုယ့်ကံကြမ္မာ ကိုယ်မြင်ပြီး ကိုယ့်ကိုယ်ကိုယ် သရဏံဂုဏ်တင်နေကြပြီ။ သို့သော် ကိုဒေါင်းမှာ ထိုအသံတို့ကို မကြား။

ငါကတော့ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းခဲ့သည်။ အိမ်ထောင်ရေးဆိုသဟာကို ဟိုဟာနဲ့ချည်းပဲ ပြီးကြသည်မဟုတ်။ လင်ရယ် မယားရယ်ဆိုပြီး လူတလုံး သူတလုံးဖြစ်ဖို့က အရေးကြီးသည်။ ငါကတော့ အဟုတ်မှတ်နေသည်။ တော်သေးရဲ့။ စောစောက ပိုက်ဆံမကုန်ဘဲ အကြောင်းသိလိုက်ရသည်။ ဤသို့ ခပ်ဆင်ဆင် ကိုဒေါင်းတွေးနေခိုက် ဥယျာဉ်ဝသို့ ရောက်လာကြသည်။

ဥယျာဉ်ရှေ့တည့်တည့်က လမ်းကြောင်းမှာ သင်္ချိုင်းကုန်းသို့ ပို့ဆောင်သော ဖြတ်လမ်းဖြစ်သည်။ ဥယျာဉ်၏ ဘယ်ဘက်သို့ ဖြောင့်တန်းစွာစီနေသောလမ်းမှာ ရွာနှင့်ရုံးကို ဆက်ထားသော လမ်းမကြီးဖြစ်သည်။

မိုက်သားဝသူနှစ်ဦးအဖို့ ရာဇဝတ်ကောင်တို့ သွားရာလမ်း ဖြစ်သော သင်္ချိုင်းလမ်းသည်သာလျှင် သူတို့သွားဖို့ လမ်းဖြစ်သည်ဟူ၍ အသည်းစွဲယူဆထားပြီး ဖြစ်သောကြောင့် ထိုသင်္ချိုင်းလမ်းသို့ဆင်းသွားကြသည်။

ဟဲ-ဟဲ ပိုက်ဆံမကုန်ဘဲ အကြောင်းသိလိုက်ရပြီ။ ပိုက်ဆံမကုန်တဲ့အပြင် သူက ငါ့ကို မုန့်ဟင်းခါးရောင်းပြီး ကျွေးလိုက်လို့ လက်ထဲမှာ ငွေအတော်စုဆောင်းပြီး ကျန်ရစ်လိုက်သေးသည်။ နိပ်ဟ။

သည်နေရာမှာ ကိုဒေါင်း သဘောကျသွားပြီး ဟား-ဟား-ဟား-ဟား ဟု စိတ်ထဲက ကျိတ်ရယ်လိုက်ရာ အသံကုန်ထွက်သွားသည်။

သင်္ချိုင်းကုန်းလမ်းကြောင်းကို လိုက်နေသူနှစ်ဦးမှာ ကိုဒေါင်း ၏ ရယ်သံကိုကြားရာ လန့်ပြီး နှစ်ဦးသားရပ်နေသည်။

ဤတွင်မှ ကိုဒေါင်းသည် သူ၏ ရာဇဝတ်ကောင်နှစ်ဦး လမ်းမကြီးပေါ်မရှိဘဲ ချုံပုတ်နှစ်ခုကြားက သချိုင်းလမ်းပေါ် ရောက်နေသည်ကို တွေ့ရသည်။

"ဟဲ. . ဟဲ. . ဟဲ- ဟားဟား၊ နင်တို့ ဘယ်ချုံတောတိုးနေတာလဲ။ ဟိုကောင်မက လင်စိတ်မွှန်ပြီး ကိုယ်နေ့တိုင်းသွားနေကျ ရွာလမ်းကိုတောင် မမှတ်မိဘူးလား။ နင်တို့နှစ်ယောက် ဒီလိုပဲ ချုံတောတိုးနေကျမို့ သောက်ကျင့်များ ပါလာတာလားဟဲ့။ ဟားဟား"

ကိုဒေါင်းက ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

"သိပါဘူးတော် ကျုပ်က ကျုပ်တို့ကို သင်္ချိုင်းကုန်းခေါ်ပြီး" ဤနေရာ၌ ကိုဒေါင်းမိန်းမက ရှေ့ဆက်ပြောရမှာ ကြောက်ရွံ့သောကြောင့် လေဖြတ်ထားသည်။

"ဟား-ဟား-ဟား-ဟား သင်္ချိုင်းကုန်းခေါ်ပြီး နင်တို့ကို ဘာလုပ်ရမှာလဲ။ ဟား-ဟား ငါ ခုမှ တွေးမိတယ်၊ နင်တို့ကို သတ်မလို့ အောက်မေ့သလား။ ငါ့ငှက်ကြီးတောင်ဓားဟာ နင်တို့နဲ့ မတန်ဘူး ဟဲ့၊ နင်တို့ကို ဘယ်မှာသတ်ရဦးမှာလဲ။ နင်တို့ကို ဒဏ်ခတ်ဖို့ ကျန်သေးတယ်"

ဒု-သ-န-သောကြီးက မသတ်တော့ဘူးဆိုသည်ကို နားလည်လာသဖြင့် စကားကောင်းကြားရမလား အောက်မေ့နေတုန်း ဒဏ်ခတ်မည် ကြားရပြန်၍ စိတ်မရှည် ဖြစ်သွားသည်။

"ကဲကွယ် မင်းပေးချင်တဲ့ဒဏ်ပေးပါ"

"ဟာ-ဟာ၊ ကျုပ်က ဒဏ်ခတ်ဖို့ အာဏာမရှိဘူး။ တရားစောင့်တဲ့နတ်တွေက ခတ်လိမ့်မယ်။ ခင်ဗျားတို့ အသက်ရှင်နေသမျှကာလပတ်လုံး လောကငရဲကြီးကို ခံစားရအောင် ကျုပ်လွှတ်လိုက်တော့မယ်"

ကိုဟိုဒင်း ရင်ဝက အလုံးကြီးကျသွားသည်။ သို့သော် မိန်းမ က ဒီလိုဒဏ်ခတ်တာမျိုး မယုံကြည်နိုင်။ ဒီလိုလွှတ်လိုက်တယ်ဆို တာ သူ့အပေါ်မှာ လုံးလုံးစိတ်မကုန်သေးလို့ပဲ။

"ဒီလိုဆိုရင်လဲကွယ် တစ်ခါတစ်လေ မှားတဲ့ဥစ္စာ သူလဲ သူ့အိမ် သူပြန်၊ ကိုယ်လည်း ကိုယ့်အိမ်ကိုပြန်ပေါ့"

"ဟား-ဟား-ဟား ဘာရမလဲ။ ငါပြောပြီးပါပကော။ ဒီကိစ္စ စောစောက ငါသိရင် စောစောပြီးပါတယ်။ နင့်ချစ်သူနောက် နင်လိုက် တာ ငါကြည်ဖြူပါတယ်ဟယ်။ ရှိကြီးခိုးပါရဲ့။ မင်း ငါ့နောက်တော့ ပြန်မလိုက်ပါနဲ့"

မိန်းမသည် အကယ်၍ ကိုဒေါင်းက ငှက်ကြီးတောင်ဓားနှင့် သူ၏ အူအသည်းကိုမွှေ၍ သတ်ခဲ့လျှင် သူ့လင် အချစ်ကြီးလို့ အမျက် ကြီးရသည်ဆိုပြီး သူ့ဝမ်းဗိုက်ကိုမွှေသော ကိုဒေါင်း၏လက်ကို သာယာ သော သဘောဖြင့် ပွတ်သီးပွတ်သပ်လုပ်ရင်း ကျေကျေ နပ်နပ်ကြီး အသက်ထွက်သွားပေမည်။ ယခုလို ငါကြည်ဖြူပါတယ်ဟယ် ဟူသော ပစ်ပစ်ခါခါ စကားသည် ကိုဒေါင်း၏ မိန်းမကို ငှက်ကြီးတောင်ဓားနှင့် အရင်းပိုင်းမှ ပိုင်းလိုက်သည်ထက် ဆိုးသောကြောင့် ကိုဒေါင်း၏ မိန်းမသည် မှောက်ထိုးလဲလေသတည်း။

ကာမဘောင်ကို မိတ်ဖွဲ့၍ လောကငရဲထဲ တစ်လှမ်းချင်းဝင် လိုက်သူ ထိုမိန်းမသည် အမိုက်၏ဒဏ်ကြောင့် မေ့မြောကာ ကျန်ရစ်ခဲ့ လေသည်။

ကိုဒေါင်းကား ခြံထဲသို့ ဝင်လာခဲ့လေသတည်း။

နံနက်လင်းသော် ကိုဒေါင်း၏အမင်္ဂလာသတင်းသည် အရပ် ထဲသို့ နှံ့ပျံ့သွားလေသည်။ နောက်တစ်ညအဖို့ ကိုဒေါင်းသည် ယရာဝါသ အနှောင်အဖွဲ့ကို တော်လှန်၍ တော်လှန်ရေးကို အရယူသော အကြောင်း ကို ယိုးမယ်ဖွဲ့၍ သရက်ဥယျာဉ်ဝယ် အဖော်အပေါင်း တို့နှင့်အတူ

ဘူးသီးနှင့်ကြက်သားဆီပြန်ချက်ကာ ဆန်နီအရက်ဖြင့် စားပွဲထိုင်ရင်း စစ်သူကြီးတိုင်း အောင်မြင်နိုင်ခဲသော အောင်ပွဲကို တခမ်းတနား ဝှဲချီး ဆင်ယင်ကျင်းပခြင်းအားဖြင့် လှေကားသုံးထစ်ဆင်းပြီးသော လူပျို အဖြစ်၏ အချုပ်အခြာ အာဏာပိုင်သဘောကို လူသိရှင်ကြား ကြေညာလိုက်လေသတည်း။

*

ကိုဒေါင်းကား သေလေပြီ။ ကိုဒေါင်းသည် သက်တော်ရာကျော် ရှည်ပါစေသတည်း။

*

# မောင်ထင်

၁၉၀၉ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် အဖ ဦးတရောဝ် အမိ ဒေါ်စိန်ပွင့် တို့မှ ဧရာဝတီတိုင်း လပွတ္တာမြို့၌ ဖွားမြင်သည်။ အမည်ရင်း ဦးထင်ဖတ် ဖြစ်သည်။

၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၅ ခုနှစ်တွင် မြောင်းမြမြို့ တိုင်းရင်းသားကျောင်းတွင် အထက်တန်းပြဆရာ လုပ်ခဲ့သည်။ ၁၉၃၆ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ မြို့ ပိုင်အဖြစ်လည်း ကောင်း၊ ၁၉၄၄-၄၉ ခုနှစ်တွင်မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အသံလွှင့်ညွှန်ကြား ရေးဌာန မြန်မာပိုင်းဆိုင်ရာ အရာရှိ ချုပ်၊ ၁၉၄၇ ခုနှစ်တွင် အသံ လွှင့် ညွှန်ကြားရေးဝန်၊ ၁၉၄၈-၄၉ ခုနှစ် တွင် ပြန်ကြားရေး ညွှန် ကြားရေးဝန်၊ ထို့နောက် ပြန်လည်ထူထောင်ရေး မင်းကြီးအဖြစ် အမှုထမ်းခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့သည်။

၁၉၅၀-၅၅ ခုနှစ်တွင် ရန်ကုန်သတင်းစာ အုပ်ချုပ်မှု အယ်ဒီ တာ၊ ၁၉၅၅-၅၈ ခုနှစ်တွင် စာပေဗိမာန် စွယ်စုံကျမ်းအတိုင်ပင်ခံ၊ ၁၉၅၇-၇၇ လန်ဒန်တိုင်းသတင်းထောက်နှင့် အလွတ်သတင်းစာဆရာ အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဌအဖြစ် လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံသတင်း စာဆရာအသင်း ဥက္ကဌ အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

၁၉၄၇ ခုနှစ်တွင် “ငဘ” ဝတ္ထုရှည်ကို ထုတ်ဝေခဲ့ရာ ယနေ့ တိုင် အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။ ထိုဝတ္ထုရှည်ကို ဗြိတိသျှ

ဘားမားမှ ရုပ်ရှင်ရိုက်ခဲ့သည်။ ထို့ပြင် "ဘေဘ" ဝတ္ထုကိုပင် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဂျပန်ဘာသာများဖြင့် ပြန်ဆို ထုတ်ဝေခံခဲ့ရသည်။

၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆုကို (ဘာသာပြန်) ကို "ဂါလီဗာ၏ ခရီးစဉ်" ဖြင့် ရရှိခဲ့သည်။

ရေးသားခဲ့သော စာအုပ်များမှာ ကိုဒေါင်း (၁၉၃၉)၊ ဘာ အရေး ကြီးဆုံးလဲနှင့် အာဇာနည်မိခင် ပြဇာတ်(၁၉၄၄)၊ ဘေဘ(၁၉၄၇)၊ ယော မင်းကြီး ဦးဘိုးလှိုင် (၁၉၆၀)၊ မျိုးဖျက်ရန်သူ (၁၉၆၀)၊ ဗမာ့နိုင်ငံရေး သုခမိန်(၁၉၆၅)၊ မုန်တိုင်းထဲကဖူးစာ (ဘာသာပြန်)(၁၉၆၆)၊ လောကအမြင် (၁၉၆၆)၊ မောင်ထင်၏ ဝတ္ထုတိုများ (၁၉၆၈)၊ ကမ္ဘာ့ဝတ္ထု တိုများ (ဘာသာပြန်) (၁၉၇၂)၊ အံ့ဖွယ်ပုံပြင် (ဘာသာပြန်) (၁၉၇၄)၊ ကမ္ဘာ့စာပေအညွှန်း (အိန္ဒိယ၊ အီရန်၊ အာရပ်) (၁၉၇၄)၊ မြို့အုပ်ပုံပြင် (၁၉၇၆)၊ ကမ္ဘာ့စာပေ အညွှန်း (တရုတ်နှင့်ဂျပန်) (၁၉၇၆)၊ ကမ္ဘာ့စာပေ အညွှန်း (ပေါး ဗရူး၊ ဂရိ ရောမ) (၁၉၇၇)၊ အနာဂတ္တိကျမ်း(ဘာသာ ပြန်) (၁၉၇၇)၊ မြင်ဝါတောင် (၁၉၇၇)၊ ကမ္ဘာ့စာပေအညွှန်း (အင်္ဂလိပ်) (၁၉၈၁)၊ ဂါလီဗာ၏ ခရီးစဉ် (၁၉၈၁) တို့ဖြစ်သည်။

ပထမအကြိမ် ပခုက္ကူ ဦးအုန်းဖေဆု (တစ်သက်တာစာပေဆု) ကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဆွတ်ခူးရရှိခဲ့သူလည်း ဖြစ်သည်။

ယခုအခါ မြန်မာစာ ကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန သမိုင်းဖြစ်ရပ်မှန် ပြုစုရေးအဖွဲ့ဝင် အဖြစ် လည်းကောင်း တာဝန်ယူနေဆဲ ဖြစ်သည်။

အမှတ် ၂၄၈၊ ၄ လမ်း၊ မြို့သစ်(က)ရပ်ကွက်၊ အင်းစိန်မြို့ နယ်၌ နေထိုင်လျက်ရှိသည်။